# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ - ၁၁၆)


၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၅၂)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကနေဒါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၀**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး H.E. Mr. Mark McDowell အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး H.E. Mr. Mark McDowell အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၊ ဒိန်းမတ်ဝန်ကြီးချုပ်၊ မက္ကဆီကိုသမ္မတ၊ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံ



**နယူးယောက် စက်တင်ဘာ ၂၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ယူနက်စကို ညွှန်ကြားရေးမှူးချုပ် Ms.Irina Bokova တို့သည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ ဒိန်းမတ်နိုင်ငံဝန်ကြီးချုပ် Mr.Lars Lokke Rasmussen နှင့် နံနက် ၁၀ နာရီတွင် လည်းကောင်း၊ မက္ကဆီကိုနိုင်ငံ သမ္မတ Mr. Enrique Pena Nieto နှင့် နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်** Ms.Irina Bokova **နှင့် တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)




မြန်မာ့အလင်း

# မတူကွဲပြား အမြင်များနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကို ပြီးခဲ့သည့်လက အောင်မြင်စွာကျင်းပခဲ့ပြီး ယခုဆက်လက်၍ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို ကျင်းပသွားရန်ဖြစ်သည်။ ထိုဆွေးနွေးပွဲများကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဆောင်ရွက်သင့်ကြောင်း ညှိနှိုင်းနေသည်ဟုလည်း သတင်းများအရ သိရှိရသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်များ ရေးဆွဲရေးအလုပ်အဖွဲ့အနေဖြင့် လုပ်ငန်းလမ်းညွှန် မူကြမ်းရေးဆွဲခြင်းကို ရန်ကုန်မြို့ရှိ NRPC ရုံး၌ သုံးရက်ကြာ ဆွေးနွေးခဲ့သည်။ ထိုမူကြမ်းတွင် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ပုံစံသုံးမျိုးလုံး ပါဝင်မည်ဖြစ်သည်။ တစ်ဖက်တွင် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကို ရေးဆွဲလျက်ရှိပြီး ယင်းမူဘောင်နှင့် ကိုက်ညီသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲရခြင်းဖြစ်ပါသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများဆိုသည်မှာ ခြောက်လတစ်ကြိမ်ကျင်းပရန် ရည်ရွယ်ထားသော (၂၁)ရာစုပင်လုံ၏ ကြားကာလ အစီအစဉ်များပင် ဖြစ်သည်။ ထိုကြားကာလ ဆွေးနွေးပွဲများတွင် ညီလာခံကြီး၌ တက်ရောက်၍ သဘောထားအမြင် စာတမ်းများဖတ်ကြားခဲ့ကြသော အဖွဲ့များအပြင် အရပ်ဘက်အဖွဲ့အစည်းများနှင့် လူထုကိုယ်စားလှယ်များပါ ပါဝင်လာရမည် ဖြစ်သည်။ ဆွေးနွေးကြမည့် အကြောင်းအရာများတွင် ငြိမ်းချမ်းရေးညီလာခံကြီး၌ တင်ပြခဲ့သော အဖွဲ့အသီးသီး၏ အမြင်သဘောထားများ၊ တင်ပြတောင်းဆိုချက်များက အခြေခံပါဝင်နေမည်ဖြစ်ပြီး ဒေသအလိုက်၊ လူမျိုးအလိုက်၊ အကြောင်းအရာအလိုက် ဆွေးနွေးမှုများပါ ပါဝင်လာမည်ဖြစ်ပါသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ အဖို့ဆိုရလျှင် အလွန်စုံလင်၍ ကွဲပြားလှသောအမြင်များကို တွေ့မြင်ရမည် ဖြစ်သည်။ တိုက်ခိုက်ဝေဖန် ပြောဆိုမှုများကိုလည်း တွေ့မြင်ကြရသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထိုအခြေအနေများအပေါ် စိုးရိမ်မှုမရှိကြရန် ပြောဆိုသည်ကိုလည်း တွေ့မြင်ခဲ့ကြရသည်။ တင်ပြချက်များတွင် နိုင်ငံတည်ဆောက်ရေး၊ နယ်မြေခွဲခြားသတ်မှတ်ရေး၊ အမည်နာမပြောင်းလဲရေး၊ ပြည်နယ်သစ်များ သတ်မှတ်ရေးစသော တင်ပြချက်များအပြင် ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိရေးနှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းရေးအထိ ကျယ်ပြန့်စွာပါဝင်နေသည်ကို တွေ့ရသည်။

လီဆူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တင်ပြချက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို လူမျိုးအမည်နာမများနှင့် မဖွဲ့စည်းဘဲ ပထဝီဒေသန္တရအမည်နာမများနှင့် တန်းတူဖွဲ့စည်းသင့်ကြောင်း၊ သို့မှသာ လူမျိုးရေးခွဲခြားမှုနှင့် လူမျိုးရေးမုန်းတီးမှုမျိုး ပပျောက်သွားမှာဖြစ်သည်ဟု ယုံကြည်ကြောင်း၊ လူမျိုးအမည်နာမနှင့် ပြည်နယ်များကို ဆက်လက်ဖွဲ့စည်းထားရှိပါက ပြည်နယ်အတွင်းရှိ လူမျိုးအသီးသီးမှ ပြည်နယ်သစ်များ ထပ်မံတောင်းဆိုလာဖွယ်ရာရှိသဖြင့် အမိမြန်မာနိုင်ငံတော်ကြီးမှာ ပြည်နယ်လေးများ၏ အစိတ်စိတ်အမြွှာမြွှာ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိကြောင်း တင်ပြသွားသည်ကို တွေ့ရသည်။ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ တင်ပြချက်တွင်လည်း တောင်ပေါ်နေတိုင်းရင်းသားများ၏ အကျိုးစီးပွားအပြင် မြေပြန့်ဒေသနေ ဗမာတိုင်းရင်းသားညီအစ်ကိုများ၏ အကျိုးများကိုပါ အလေးထားဆောင်ရွက်ပေးရန် အကြံပြုလိုကြောင်း၊ ဥပမာအားဖြင့် အခြေခံလူတန်းစားများ၏အကျိုးကို လျစ်လျူရှုမိခဲ့သဖြင့် (၈၈)ကဲ့သို့ အရေးအခင်းမျိုး ထပ်မံဖြစ်ပွားပါက လက်ရှိဖော်ဆောင်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်လာနိုင်ကြောင်း တင်ပြသွားသည်ကို တွေ့ရပေသည်။

ထိုသို့ အမျိုးအမည် စုံလင်ကွဲပြားသော အမြင်များကို ပါဝင်ညှိနှိုင်းကြရာတွင် NCA လက်မှတ်ရေးထိုးထားသော အဖွဲ့များအပြင် NCA လက်မှတ်မရေးထိုးရသေးသော အဖွဲ့များတွင်လည်း ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် သဘောတူညီချက်များကို လက်မှတ်ရေးထိုးသောအဖွဲ့များလည်းရှိရာ အမျိုးသားအဆင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ရသည်။ လူမျိုးအစုံအလင်၊ အဖွဲ့အစည်းအစုံအလင်အပြင် အရပ်ဘက်အဖွဲ့အစည်းများ၊ လူထုကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးမှုဖြင့် လွယ်ကူသော သဘောတူညီချက်များ အရင်ရရှိအောင် ကြိုးပမ်းရေးမှာ အမျိုးသားအဆင့် ဆွေးနွေးပွဲများ၏ ဦးတည်ချက်ဖြစ်သင့်ကြောင်း ယုံကြည်မိပါသည်။ ။



## မြန်မာနိုင်ငံ လူငယ်မူဝါဒ

မြန်မာနိုင်ငံလူငယ်မူဝါဒတွင် လူငယ်များ ကိုယ်တိုင်ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏အသံများ ပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလူငယ်မူဝါဒ ပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံးက ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

# (၁၇၁)အဆန်၊ (၁၇၂)အစုန်ရထား ယခင်အချိန်အတိုင်း ပြေးဆွဲစေလို

**မော်လမြိုင် စက်တင်ဘာ ၂၀**

မော်လမြိုင်ဘူတာကြီးတွင် ယခင်က (၁၇၁)အဆန်၊ (၁၇၂) အစုန်လူစီး လော်ကယ်ရထားနှင့် (၁၇၃)အဆန်၊ (၁၇၄) အစုန် (RBE) လူစီးရထားတို့ကို နေ့စဉ်ပြေးဆွဲလျက်ရှိသည်။ မီးရထားဌာနမှ အကြောင်းအမျိုးမျိုးကြောင့် အမှတ်(၁၇၃)အဆန်၊ (၁၇၄)အစုန် (RBE) လူစီးရထားနှင့် (၁၇၁)အဆန်၊ (၁၇၂)အစုန်ရထားအား နေ့စဉ်ပြေးဆွဲခြင်းကို ဖျက်သိမ်း၍ (၁၇၃)အဆန်၊ (၁၇၄)အစုန် လူစီးရထားနေရာတွင် (၁၇၁) အဆန်၊ (၁၇၂)အစုန်ရထားအား တစ်ရက်ခြားအစားထိုး ဝင်ရောက်ပြေးဆွဲခဲ့သည်။

ယခုကဲ့သို့ အချိန်ပြောင်းလဲ ပြေးဆွဲမှုကြောင့် ယင်းရထားကိုအားထား၍ လိုက်ပါစီးနင်းနေကြသော ခရီးသည်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လက်လုပ်လက်စား ဈေးသည်များ အခက်ကြုံတွေ့နေရပါသဖြင့် ယခင်အချိန်အတိုင်း ပြန်လည် ပြေးဆွဲပေးရန် ရထားစီးခရီးသည်များက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**



# ရန်ကုန်မြို့တွင် အိမ်ရာနှင့်အဆောက်အအုံဆိုင်ရာပြပွဲကြီး ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

တိုးတက်လာသောလူဦးရေ၊ ပြောင်းလဲလာသော စီးပွားရေးအခြေအနေများနှင့်အတူ အိမ်ရာနှင့်အဆောက်အအုံလိုအပ်မှုများပြားလာသည်။ အဆိုပါလိုအပ်မှုများကို ဖြည့်ဆည်းရွေးချယ်နိုင်ရန်အတွက် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ ၂၀၁၆ (Housing & Building-2016)ပြပွဲကို ရန်ကုန်မြို့တပ်မတော်ခန်းမ၌ စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက် အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများ၊ အိမ်တွင်း အလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ အိမ်တွင်း ခေတ်မီပရိဘောဂပစ္စည်းများ၊ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ ဘဏ်လုပ်ငန်းများနှင့် အာမခံလုပ်ငန်းများမှ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်ရန်ရည်ရွယ်၍ စီစဉ်ကျင်းပမည့် ပြပွဲဖြစ်သည်။

"အိမ်ရာနှင့် အဆောက်အအုံပြပွဲမှာ အဆင့်အတန်းမြင့် အသုံးအဆောင်ပစ္စည်းတွေကို စုပေါင်းခင်းကျင်းပြသမှာဖြစ်တဲ့အတွက် အရည်အသွေးပိုင်းကို မျက်မြင်ထိတွေ့သိရှိပြီး မှန်ကန်စွာရွေးချယ်နိုင်ကြမှာ ဖြစ်ပါတယ်" ဟု Marketing Executive ဦးအောင်ဖြိုးက ရှင်းလင်း ပြောကြားသည်။

ထို့ပြင် အိမ်ရာနှင့်အဆောက်အအုံဆိုင်ရာ ပညာရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးဟောပြောပွဲများကိုလည်း ထည့်သွင်းစီစဉ်ထားကြောင်း သိရသည်။ **ခင်မောင်သော်**

# ရဲတပ်ဖွဲ့နေ့ကို ကြိုဆို သန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၀**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရ၏ ညွှန်ကြားမှုဖြင့် ရဲမှူးကြီး ဟန်ထွန်းနှင့် ဒုတိယရဲမှူးကြီး စိန်ထွန်း၏ညွှန်ကြားမှုဖြင့် အောင်မြေသာစံမြို့နယ်မှူး ရဲမှူးသာဇော်ဦးစီး၍ စခန်းအမှတ် (၁)၊ (၂)၊ (၄)၊ (၅)နှင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူး လှမြင့်တို့ပူးပေါင်းကာ ကုသိုလ်တော်ဘုရားကြီးနှင့် စန္ဒာမုဒိဘုရားကြီး၌ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုင်ဝင်း

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၀-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၄၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၂.၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၈.၈၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၃၃၈ |
| တရုတ် | တစ်ယွမ် | ၁၈၄.၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၀၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ *ရှေ့ဖုံးမှ*

မစ္စစ် ရိုက်ဟာဆီနာနှင့် နံနက် ၁၁ နာရီတွင် လည်းကောင်း နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ သီးခြားစီ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ကာ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံကို နှစ်စဉ် စက်တင်ဘာလ တတိယပတ်၏ အင်္ဂါနေ့တွင် စတင်ကျင်းပကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



## ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒိန်းမတ်နိုင်ငံ ဝန်ကြီးချုပ် Mr.Lars Lokke Rasmussen အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်**
(သတင်းစဉ်)

# ပြည်နယ်ဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၆၆ / ၂၀၁၆**
**၁၃၇၈ ခုနှစ်၊တော်သလင်းလပြည့်ကျော် ၄ ရက်**
**(၂၀၁၆ ခုနှစ် ၊ စက်တင်ဘာလ ၂၀ ရက်)**

**ပြည်နယ်ဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်ခြင်း**

ရှမ်းပြည်နယ်လွှတ်တော်၏ သဘောတူညီချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ အောက်ပါပြည်နယ်ဝန်ကြီးဌာနများကို ယှဉ်တွဲဖော်ပြပါအတိုင်း အမည်ပြောင်းလဲ သတ်မှတ်လိုက်သည်-

| | မူလအမည် | ပြောင်းလဲသတ်မှတ်သည့်အမည် |
|---|---|---|
| (၁) | စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာန | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | သယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး မြန်မာ့ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်နှင့် အခြားရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂၀**

ကမ္ဘာ့နိုင်ငံ ၁၉၃ နိုင်ငံ စုပေါင်းပါဝင်သည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ နှစ်ပတ်လည် အထွေထွေ ညီလာခံများကို နှစ်စဉ်ကျင်းပလျက်ရှိရာ (၇၁)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကို ကုလသမဂ္ဂဌာနချုပ်တည်ရှိရာ အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် စက်တင်ဘာ ၂၀ ရက်မှ စက်တင်ဘာ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံကို နှစ်စဉ်နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများတက်ရောက်ပြီး မိမိတို့နိုင်ငံအလိုက် အထွေထွေမူဝါဒရေးရာများနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ် သဘောထားအမြင်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ယခုနှစ်ကျင်းပမည့် အထွေထွေညီလာခံ၏ ဆောင်ပုဒ်မှာ ကျွန်ုပ်တို့ကမ္ဘာကြီး ပြုပြင်ပြောင်းလဲရေးအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များဖြင့် တွန်းအားပေးဆောင်ရွက်ကြပါစို့ဟူ၍ဖြစ်ပြီး သဘာပတိဖြစ်သူ ဖီဂျီနိုင်ငံမှ မစ္စတာ ပီတာသွန်မဆင်းက အဆိုပြုထားခြင်းဖြစ်သည်။

(၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဒုတိယနေ့ဖြစ်သည့် စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပသည့်အစည်းအဝေးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ပြီး အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားသွားမည်ဖြစ်သည်။

အဆိုပါ မိန့်ခွန်းပြောကြားမှုကို ရိုက်တာသတင်းအေဂျင်စီမှ တိုက်ရိုက်ထုတ်လွှင့်မှုအား ဆက်သွယ်ရယူပြီး ယင်းနေ့မြန်မာစံတော်ချိန် ခန့်မှန်း ည ၁၀ နာရီတွင် မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်၊ MRTV – 4 , Up to Date, MITV Channel တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ မိန့်ခွန်းပြောကြားမည့် နိုင်ငံ့ခေါင်းဆောင်များ၏ အစီအစဉ်ပေါ်မူတည်၍ အချိန်ပြောင်းလဲမှုရှိပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အချိန်မီတင်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



**ရခိုင်ပြည်နယ် ရသေ့တောင်မြို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဝင်းအောင် ဦးဆောင်ပြီး မြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းလှိုင်နှင့်အဖွဲ့သည် စက်တင်ဘာလ ဒုတိယပတ်က မြို့ပေါ် လေးရပ်ကွက်သို့ မူးယစ်ဆေးဝါးကင်းစင်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ လမ်းစည်းကမ်းများလိုက်နာရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့ကို လှည့်လည်ဟောပြောပြီး လူစည်ကားရာနေရာများ၊ ဈေးနှင့်မြို့ပေါ်ပညာသင်ကျောင်းများသို့ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်**
(မြန်မာ့အလင်း)

# ရောင်ပြန်မရှိ ရှောင်ရန်မသိ ရှိနေသည့် လမ်းလယ်မှ တုံးများ

**ရန်ကုန် စက်တင်ဘာ ၂၀**

ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ မော်တော်ယာဉ်များ စည်းကမ်းတကျ မောင်းနှင်နိုင်ရေးအတွက် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်ထိပ် အောက်ကြည့်မြင်တိုင်လမ်းမကြီးပေါ် ကျောင်းရှေ့မှတ်တိုင်အနီးတွင် လမ်းလယ်ကွန်ကရစ်တုံးများ တန်းစီချထားလျက်ရှိသည်။

လမ်းမကြီးမှာ မော်တော်ယာဉ် လေးစီးသွားလမ်းမ ဖြစ်သော်လည်း လမ်းကြောတစ်ဖက်လျှင် ယာဉ်နှစ်စီး သွားသာရုံမျှသာရှိသည့်အပြင် လမ်းလယ်တုံးများချထားခြင်း၊ ထိုလမ်းလယ်တုံးများ၏တစ်ဖက်ခြမ်းတွင် လိုင်းကားမှတ်တိုင်ထားရှိခြင်း၊ လိုင်းကားများရပ်သည့်အခါ ရပ်ကွက် အတွင်းလမ်းမှ ထွက်လာသော ယာဉ်များအနေဖြင့် ရပ်ထားသည့်လိုင်းကားကိုကျော်ကာ တစ်ဖက်ယာဉ်ကြောသို့ တက်၍မောင်းနှင်ရခြင်းတို့ကြောင့် ထိုနေရာဝန်းကျင်မှာ နေ့အခါတွင် ယာဉ်ကြော ကျပ်တည်းမှုများ အစဉ်ဖြစ်ပေါ်လျက်ရှိနေသည်။

ညအခါ လမ်းလယ်၌ချထားသော ကွန်ကရစ်တုံးများ၏ ထိပ်ဆုံးတုံးတွင် သတိပေးရောင်ပြန်များမရှိဘဲ အနီးရှိ လမ်းဓာတ်မီးတိုင်မှာလည်း ပြင်တုန်းခဏသာလာလျက်ရှိပြီး အစဉ်ထာဝရ အမှောင်ရိပ်များ ကြီးစိုးလျက်ရှိနေသည်။

ထို့အတွက် ဗားကရာဘက်မှ မောင်းနှင်လာသော မော်တော်ယာဉ်များအနေဖြင့် မှောင်အတိတွင် ရောင်ပြန်မရှိ၍ ရှောင်ရန်မသိဖြစ်ကာ လမ်းလယ်တုံးများနှင့်မကြာခဏ တိုက်မှုများဖြစ်ခဲ့ကြသည်။

သို့ဖြစ်၍ ကျဉ်းမြောင်းသော လမ်းမပေါ် လမ်းလယ်တုံးများ ချထားခြင်းကို ပြန်လည်ဖယ်ရှားပေးပါရန်နှင့် မဖယ်ရှားမီကာလ၌ ပျက်စီးနေသောလမ်းလယ်တုံးများအား အစားထိုးလဲလှယ်ပေးပြီး သတိပေးရောင်ပြန်များပါ တစ်ပါတည်းကပ်ထားပေးပါရန် ရပ်ကွက်ပြည်သူများနှင့် ယာဉ်မောင်းသူများက ဆန္ဒရှိနေကြကြောင်း သိရသည်။

**ဘော်ဂါသွေး**



# KUBOTA စက်ကြီးများ စက်စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးဆွေးနွေး

**မင်းလှ စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူးကျင်းပသော KUBOTA စက်ကြီးများ သက်တမ်းရှည်စွာ စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းခြင်းဆိုင်ရာဆွေးနွေးပွဲကို မင်းလှမြို့နယ် အမှတ်(၂၇) စက်မှုလယ်ယာစခန်း၌ စက်တင်ဘာ ၁၆ ရက် နံနက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးဆန်းအောင်က နိုင်ငံတော်က ပေးအပ်ထားသော KUBOTA စက်ကြီးများဖြင့် တောင်သူလယ်သမားများအား လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှုတွင် ထိရောက်စွာ အကျိုးပြုဆောင်ရွက်ပေးနိုင်ရေးအတွက် ထွန်စက်နှင့် ထွန်ယက်ကိရိယာများကို သက်တမ်းကြာရှည်စွာ စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# ဂိုဏ်းပေါင်းစုံ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်များ စုံညီစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၂၀**
သမဏသာရုပ္ပ မဖြစ်သော အမှုများ ကျူးလွန်နေသည့် ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့်စပ်လျဉ်း၍ ဂိုဏ်းပေါင်းစုံ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များနှင့် သီလရှင် အမှုဆောင်ဆရာကြီးများ စုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ရုံးဝင်း အတွင်းရှိ မင်္ဂလာဈေးဓမ္မာရုံ၌ ကျင်းပသည်။



အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (သုဓမ္မာ) ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ဣန္ဒိဗလ ၊ (ရွှေကျင်) ဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တအင်္ဂိသ၊ (ဝေဠုဝန်)ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ပညောဘာသ၊ (မဟာဒွါရ) ဥက္ကဋ္ဌ ဘဒ္ဒန္တ ဥတ္တမာစာရ၊ (မူလဒွါရ) ဥက္ကဋ္ဌ ဘဒ္ဒန္တ သုမနနှင့် (ငှက်တွင်း) ဥက္ကဋ္ဌ ဘဒ္ဒန္တ ပဏ္ဍိတသာရတို့က ဩဝါဒကထာများ မြွက်ကြားတော်မူကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားကြသည်။

ဆက်လက်၍ ဂိုဏ်းပေါင်းစုံ တိုင်းဒေသကြီး သံဃနာယက အဖွဲ့ဆရာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များ၊ သီလရှင် ဆရာကြီးများနှင့် အလှူရှင်များက လျှော်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံဒေသရှိ ဘုရား ပုထိုးစေတီများ ပြုပြင်ရန်အတွက် စုစုပေါင်းအလှူငွေကျပ် သိန်းပေါင်း ၂၁၄၉ သိန်းကျော်နှင့် ငွေကျပ် ၃၃ သိန်းတန်ဖိုးရှိ သာသနာရေးဆိုင်ရာ စာအုပ်များကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ ဆရာတော်ထံမှ ညွှန်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အနုမောဒနာတရားနာယူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂသာမိက သမဏသာရုပ္ပ မဖြစ်သော ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီး တက်ရောက်လာကြသော ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများက အထွေထွေဆွေးနွေးလျှောက်ထားကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (သုဓမ္မာ)ဥက္ကဋ္ဌ ဆရာတော်က နိဂမနကထာကို မြွက်ကြားတော်မူပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် ရွေးကောက်ပွဲဥပဒေဆိုင်ရာလုပ်ငန်းစဉ် သုံးသပ်ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် Stakeholders များအကြား ဒုတိယအကြိမ် ရွေးကောက်ပွဲ ဥပဒေဆိုင်ရာလုပ်ငန်းစဉ် သုံးသပ်ဆွေးနွေးပွဲကို နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြောကြားရာတွင် ယခုဆွေးနွေးပွဲမှ အကြံပြုချက်များသည် နောင်လာမည့် ရွေးကောက်ပွဲများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေများ ပြင်ဆင်ရေးကို ဥပဒေကြမ်းကော်မတီနေဖြင့် လွှတ်တော်တွင် ဆောင်ရွက်နိုင်မည့် အခြေအနေများအား ဆွေးနွေးပေးစေလိုပါကြောင်း၊ ကော်မရှင်အနေဖြင့် ပြည်တွင်း ပြည်ပစောင့်ကြည့်လေ့လာသူများ၏ အစီရင်ခံစာများမှ အကြံပြုချက်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများမှ အကြံပြုချက်များကို စုစည်းပေးထားပြီး နိုင်ငံတကာရွေးကောက်ပွဲများအား သွားရောက်လေ့လာခဲ့သည့် အတွေ့အကြုံများကိုလည်း အကြံပြုထားပါကြောင်း၊ လွှတ်တော်ကော်မရှင်နှင့် ကော်မတီများက ဦးဆောင်ဆွေးနွေးပေးရန် မျှော်လင့်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကိုသာ အကြံပြုတင်ပြသွားမည်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲကို လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ရှေ့နေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ခဲ့ကြသည့်အတွက် ဘက်ပေါင်းစုံမှ ဆွေးနွေးအကြံပြုကြမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းက ပထမအကြိမ် ဆွေးနွေးပွဲ အစီရင်ခံစာအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကျင့်သုံးသည့် ဥပဒေများနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်များအား ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်နှင့် ဦးထွန်းခင်တို့က အကြံပြုဆွေးနွေးသည်။

ယင်းနောက် ရွေးကောက်ပွဲဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်ပြင်ဆင်ရေး လုပ်ငန်းစဉ်အတွက် ဆောင်ရွက်မည့် အချိန်ကာလ၊ ရွေးကောက်ပွဲဥပဒေနှင့်ဥပဒေဆိုင်ရာများနှင့် ဦးစားပေး စဉ်းစားရမည့် ကဏ္ဍများ၊ ရွေးကောက်ပွဲဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်ပြင်ဆင်ရေးလုပ်ငန်းစဉ်အတွက် ကဏ္ဍစုံမှ ပါဝင်သည့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့် နည်းလမ်းများအား တက်ရောက်လာသူများက သုံးသပ်အကြံပြု ဆွေးနွေးခဲ့ကြပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားသည်။ **(သတင်းစဉ်)**




# ပဉ္စမအကြိမ် တရုတ်-ယူရေးရှား ကုန်စည်ပြပွဲကျင်းပ

**အုရုံမူချီ စက်တင်ဘာ ၂၀**
"ပိုးလမ်းမကြီးတစ်လျှောက်ရှိ နိုင်ငံများ အတူတကွ ဖွံ့ဖြိုးတိုးတက်ရေး၊ မျှဝေခံစားရေးအတွက် အခွင့်အလမ်းနှင့် အနာဂတ်" (Mutual discussion, Joint development and sharing silk Road: Opportunities and future) ခေါင်းစဉ်ဖြင့် ပဉ္စမအကြိမ် တရုတ်-ယူရေးရှား ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ဒေသစံတော်ချိန် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အုရုံမူချီမြို့၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် တက်ရောက်သည်။

အဆိုပါကုန်စည်ပြပွဲကို တရုတ်နိုင်ငံအနောက်မြောက်ဒေသ ရှင်းကျန့်-ဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် အုရုံမူချီမြို့ရှိ ရှင်းကျန့်အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး ပြပွဲ၌ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း၊ ချည်မျှင်နှင့်အထည်လုပ်ငန်း၊ စိုက်ပျိုးရေး စပျစ်ဝိုင်နှင့် စားသောက်ကုန်လုပ်ငန်း၊ လူသုံးကုန်နှင့် အိမ်ဆောက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ ကျောက်မျက်ရတနာလုပ်ငန်း၊ စက်ပစ္စည်းနှင့် မော်တော်ကားထုတ်လုပ်မှု လုပ်ငန်း၊ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှု လုပ်ငန်း စသည်ဖြင့် ဒေသတွင်းရှိ နိုင်ငံပေါင်း ၅၇ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၀၉၂ တို့မှ ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချမည်ဖြစ်သည်။

တရုတ်-ယူရေးရှား ကုန်စည်ပြပွဲများကို ၂၀၁၂ ခုနှစ်မှစတင်ပြီး နှစ်စဉ် ကျင်းပခဲ့ရာ ယမန်နှစ်ပြပွဲတွင် တရုတ်နိုင်ငံမှ ကုမ္ပဏီများနှင့် နိုင်ငံတကာမှ ကုန်စည်ပြပွဲ တက်ရောက်သူများအကြား အမေရိကန်ဒေါ်လာ ဘီလီယံကျော် တန်ဖိုးရှိ ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ကြောင်း၊ ယခုနှစ် ကုန်စည်ပြပွဲသို့ နိုင်ငံတကာမှ ကုန်သည် ၃၅၀၀ ခန့် တက်ရောက်ကြမည်ဟု ခန့်မှန်းထားကြောင်း၊ ယခုနှစ် ကျင်းပသည့် ကုန်စည်ပြပွဲအကြိုအဖြစ် နိုင်ငံတကာမှ ဝန်ကြီးများအဆင့် ဖိုရမ်နှင့် ဆွေးနွေးပွဲ ၁၅ ခုကိုလည်း ပူးတွဲကျင်းပခဲ့ရာ ပြည်တွင်း ပြည်ပမှ ကိုယ်စားလှယ် စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



ပဉ္စမအကြိမ် တရုတ်-ယူရေးရှား ကုန်စည်ပြပွဲကျင်းပသည့် အဆောက်အအုံဝင်းကို တွေ့ရစဉ်

# သာသနာနုဂ္ဂဟအသင်း ဆန်၊ ဆီ၊ ဆေး၊ ဆားလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၀**
ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် သာသနာနုဂ္ဂဟအသင်း၏ တတိယအကြိမ်မြောက်ဆွမ်းဆန်တော်၊ ဆီ၊ ဆေး၊ ဆား လောင်းလှူပွဲကို စက်တင်ဘာ ၁၈ ရက်က လှိုင်မြို့နယ် ဘုရင့်နောင်လမ်း ချောင်းဝကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ (ဝေဠုဝန်) ဘီးလင်းကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တပညာဘာသထံမှ ညွှန်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ ဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေက သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်အား တစ်ခရိုင်လျှင် ငွေကျပ် ၁၀ သိန်းစီ ပေးအပ်ရာ တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်က လက်ခံရယူသည်။

ဆက်လက်၍ ကြွရောက်လာသောဆရာတော်သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆေး၊ ဆားနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ရန်ကုန်အနောက်ပိုင်းခရိုင် သာသနာနုဂ္ဂဟအသင်း၏ တတိယအကြိမ်မြောက်လှူဒါန်းမှုတွင် မြို့နယ် ၁၁ မြို့နယ်မှ အသင်းသား သံဃာ၊ သီလရှင်အပါး ၅၀ နှင့် အထက်ကျောင်းတိုက်ပေါင်း ၁၁၇ ကျောင်းအား ငွေကျပ်သိန်း ၉၇၀ကျော်တန်ဖိုး ရှိ ဆွမ်းဆန်တော်၊ ဆီ၊ ဆေး၊ ဆားနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်နည်းနေသည်။ **(မိုး/ဇလ)**

# တပ်မတော်နှစ်ရပ် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော်  စက်တင်ဘာ  ၂၀**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး H.E. Mr. Mark McDowell အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှော်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုရရှိရေးအတွက် ဥပဒေနှင့် ညီညွတ်စွာ ဆောင်ရွက်နေမှု၊ နယ်စပ်ဒေသတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်ပေးသင့်သည့်အချက်များ၊ မြေမြှုပ်မိုင်းရှင်းလင်းရေး၊ တပ်မတော်နှစ်ရပ်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



*✻ ကျောဖုံးမှ*

ယနေ့တွေ့ဆုံပွဲတွင် USAID မစ်ရှင်ဒါရိုက်တာနှင့် အသေးစားချေးငွေအသင်းအဖွဲ့ငါးဖွဲ့ဖြစ်သည့် ASA Microfinance (Myanmar) Limited၊ LOLC Myanmar MicroFinance Company Limited၊ Myanmar Development Partners Company Limited၊ Pact Global Microfinance Fund နှင့် Proximity Design တို့၏ ချေးငွေသဘောတူညီချက် လက်မှတ်ရေးထိုးခြင်းကို အမေရိကန်သံအမတ်ကြီးက ကြီးမှူးဆောင်ရွက်ပေးခဲ့သည်။

အဆိုပါသဘောတူညီချက်ကို ယနေ့စတင်မည်ဖြစ်ပြီး ခုနစ်နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ အသေးစားစီးပွားရေးလုပ်ငန်းများ ကြီးထွားလာရန် အကန့်အသတ်ဖြစ်နေမှုများတွင် ချေးငွေကိုမရရှိနိုင်ခြင်းသည် ဇာစ်မြစ်တစ်ခုဖြစ်ပြီး ၂၀ ရာခိုင်နှုန်းထက်နည်းသော လူဦးရေကသာ တရားဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီကြကာ အများစုမှာ အတိုးနှုန်းမြင့်မားသည့် တရားမဝင် ငွေချေးခြင်းနည်းလမ်းများကို အသုံးပြုကြရကြောင်း အမေရိကန်သံရုံးက ယနေ့ထုတ်ပြန်သည့် ချေးငွေအာမခံကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

USAID ၏ ချေးငွေအာမခံအစီအစဉ် (Loan guarantee Program ) သည် ငွေကြေးဆိုင်ရာကွာဟချက်ကို ဖြည့်နိုင်ရန် ပြည်တွင်းပုဂ္ဂလိက အရင်းအနှီးများကို လက်တွဲခေါ်ယူသည့်အနေဖြင့် အသုံးပြုမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ပေးရာတွင် ချေးငွေကို လက်လှမ်းမီအောင်လုပ်ပေးခြင်း သို့မဟုတ် ချေးငွေကို ပိုမိုကောင်းမွန်သော သတ်မှတ်ချက်ဖြင့် ထုတ်ပေးခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများ၊ အလုပ်အကိုင်ဖန်တီးမှုများ၊ စီးပွားရေးကြီးထွားမှုနှုန်းများ တိုးတက်လာနိုင်ကြောင်း သိရသည်။

ယခု DCA ၏ အာမခံချက်သည် လယ်စိုက်ခြင်း၊ မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသည့် အသေးဆုံးနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အဓိက ဦးတည်ချက်ထားသည်ဟုလည်း ဖော်ပြထားသည်။

ယနေ့ လက်မှတ်ရေးထိုးသော သဘောတူညီချက်အရ ငွေချေးသူ ၅၀၀၀ ကျော်ကို အကူအညီပေးနိုင်မည်ဖြစ်ကာ အမျိုးသမီးများပိုင်သော လုပ်ငန်းအများစုကို ချေးပေးသွားမည်ဖြစ်သည်။ လက်ရှိချေးပေးသောပမာဏမှာ ဒေါ်လာ ၂၀၀ သာဖြစ်ပြီး ယခုဒေါ်လာ ၅၀၀၀ ထိ ချေးယူနိုင်မည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းကို ကြီးထွား လာအောင် လုပ်ဆောင်နိုင်မည်ဟုလည်း ချေးငွေအာမခံကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

အဆိုပါချေးငွေအာမခံအစီအစဉ်တွင် နည်းပညာအကူအညီများလည်းပါဝင်ပြီး အသေးစားချေးငွေအသင်းအဖွဲ့များကိုသာမက အစိုးရကိုလည်း အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာရှယ်က ဒေသဆိုင်ရာသတင်းဌာနများအား ရှင်းလင်းတင်ပြခဲ့သည်။

ထိုသို့ပြောကြားရာတွင် မြန်မာနိုင်ငံသည် အမေရိကန်၏ မိတ်ဖက်လုပ်ဖော်ကိုင်ဖက် နိုင်ငံတစ်နိုင်ငံအဖြစ် မိမိတို့လက်တွဲဆောင်ရွက်သွားမည်ဟု သမ္မတ ဘားရက်အိုဘားမားက အခိုင်အမာပြောကြားခဲ့ကြောင်း အမေရိကန်သံအမတ်ကြီးက ထပ်လောင်းပြောကြားသည်။

ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အမှန်တကယ် လျှောက်လှမ်းနေသော မြန်မာနိုင်ငံနှင့် မိမိတို့ လက်တွဲဆောင်ရွက်သွားနိုင်ရန် မိတ်ဖက်လုပ်ဖော်ကိုင်ဖက်နိုင်ငံအဖြစ် အလေးအနက်ထားပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးမှာ အခိုင်အမာ ဆက်လက် တိုးတက်လျက်ရှိနေပါကြောင်း။

မြန်မာနိုင်ငံ၏ ရွေးချယ်တင်မြှောက်ခံ အရပ်သားအစိုးရအဖွဲ့နှင့် လက်တွဲဆောင်ရွက်မှု ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အလေးအနက်ထောက်ခံသည်ဟု သမ္မတ အိုဘားမားက ထပ်လောင်း အတည်ပြုပြောကြားခဲ့ပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွင် လုပ်ဖော်ကိုင်ဖက် နိုင်ငံအဖြစ် အကူအညီများ ပေးအပ်သွားမည် ဖြစ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်နိုင်မှုအဖြစ် နှစ်နိုင်ငံ အပြန်အလှန်ဖလှယ်ရေး အစီအစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာတိုးတက်မှုစသည့် နယ်ပယ်ကဏ္ဍများကို အမေရိကန်နှင့် မြန်မာမိတ်ဖက်ပြုဆောင်ရွက်မှု၏ အဓိကနယ်ပယ်များအဖြစ် သတ်မှတ်ထားပါကြောင်း။

မြန်မာနိုင်ငံအပေါ် ချမှတ်ထားခဲ့သော ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများကို ပြန်လည်ရုပ်သိမ်းပေးရန် ပြင်ဆင်ဆောင်ရွက်နေသည်ဟု သမ္မတ အိုဘားမားက ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ယင်းအပြင် အထူးကုန်သွယ်မှု အခွင့်အရေး (Generalized System of Preferences-GSP) ပေးအပ်ရန်လည်း အိုဘားမားက ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ယင်းကုန်သွယ်မှု အထူးအခွင့်အရေးအစီအစဉ်အရ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်သို့ ထုတ်ကုန်များတင်ပို့ရာတွင် အကောက်ခွန်လွတ်ငြိမ်းခွင့်ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ကျယ်ပြန့်သောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူပေးလိုမှုကို ထင်ဟပ်သည့်ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အလုပ်အကိုင်နေရာများ ပိုမိုဖန်တီးပေးနိုင်ရန် ရည်ရွယ်ပါကြောင်း။

မြန်မာနိုင်ငံ၌ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ တိုးတက်လာစေရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး မြှင့်တင်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေး စသည့် အကြောင်းခြင်းရာများနှင့်ပတ်သက်၍လည်း သမ္မတအိုဘားမားနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါကြောင်း၊ ရခိုင်ပြည်နယ်၌ အသိုက်အဝန်းနှစ်ခုအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေး၊ မူးယစ်ဆေးဝါးတရားမဝင် ကုန်သွယ်ရောင်းဝယ်မှုတိုက်ဖျက်ရေး၊ ကျောက်စိမ်းလုပ်ငန်းအပါအဝင် တရားမဝင်ကုန်သွယ်ရောင်းဝယ်မှုများ တိုက်ဖျက်ရေး၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးဆောင်ရွက်ချက်များနှင့်ပတ်သက်၍လည်း ၎င်းတို့ ဆွေးနွေးခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံ၌ တည်ငြိမ်အေးချမ်းမှုများနှင့်အတူ ဒီမိုကရေစီအသွင်ကူးပြောင်းမှုများ တိုးတက်ဖြစ်ပေါ်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာမည်ဟု မိမိတို့မျှော်မှန်းပါကြောင်း၊ငြိမ်းချမ်းရေးဖြစ်ထွန်းပေါ်ပေါက်မှုနှင့်အတူ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းလာရေးအတွက် မိမိတို့ ဆက်လက်အားပေး ထောက်ခံသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား မိတ်ဖက်လုပ်ဖော်ကိုင်ဖက်ဆက်ဆံရေး တိုးတက်မှုကိုမျှော်မှန်းပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ထောက်ခံအားပေးကြောင်း ထပ်လောင်းအတည်ပြုသည့်ခရီးစဉ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်ကို မိမိတို့ရှုမြင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို သံအမတ်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

# ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် အတန်းတင်စာမေးပွဲများ ကျင်းပမည်

ရန်ကုန်  စက်တင်ဘာ  ၂၀

**၂၀၁၆ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းနှင့် အတန်းတင်စာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်-**

**(က) ပထမအသုတ်**

| စဉ် | သင်တန်းနှစ် | အထူးပြု | အနီးကပ်သင်တန်း ပို့ချမည့်ရက် | စာမေးပွဲကျင်းပ မည့်ရက် |
|---|---|---|---|---|
| ၁။ | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် | သိပ္ပံအထူးပြုအားလုံး | | ၃.၁၀.၂၀၁၆ မှ ၈.၁၀.၂၀၁၆ ထိ |

**(ခ) ဒုတိယအသုတ်**

| စဉ် | သင်တန်းနှစ် | အထူးပြု | အနီးကပ်သင်တန်း ပို့ချမည့်ရက် | စာမေးပွဲကျင်းပ မည့်ရက် |
|---|---|---|---|---|
| ၁။ | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊စတုတ္ထနှစ်၊ ပဉ္စမနှစ် | အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဥပဒေပညာ | ၁၁.၁၀.၂၀၁၆ မှ ၂၁.၁၀.၂၀၁၆ ထိ | ၂၅.၁၀.၂၀၁၆ မှ ၃၁.၁၀.၂၀၁၆ ထိ |

**(ဂ) တတိယအသုတ်**

| စဉ် | သင်တန်းနှစ် | အထူးပြု | အနီးကပ်သင်တန်း ပို့ချမည့်ရက် | စာမေးပွဲကျင်းပ မည့်ရက် |
|---|---|---|---|---|
| ၁။ | ပထမနှစ် | မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံ | ၃.၁၁.၂၀၁၆ မှ ၁၂.၁၁.၂၀၁၆ ထိ | ၁၇.၁၁.၂၀၁၆ မှ ၂၅.၁၁.၂၀၁၆ ထိ |
| ၂။ | ဒုတိယနှစ်၊တတိယနှစ်၊ စတုတ္ထနှစ် | မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်း၊ စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံ | ၃.၁၁.၂၀၁၆ မှ ၁၂.၁၁.၂၀၁၆ ထိ | ၁၇.၁၁.၂၀၁၆ မှ ၂၅.၁၁.၂၀၁၆ ထိ |

အသေးစိတ်အချိန်ဇယားများကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ဌာနခွဲအသီးသီးတို့၌လည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်၏ ဌာနခွဲအသီးသီးတို့၌လည်းကောင်း ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

*❁ ကျောဖုံးမှ*

စုစုပေါင်း ဘီးလေးဘီးဖြင့် တခြားသောမြို့ရွာများရှိ မြင်းယာဉ်များနှင့် ပုံသဏ္ဌာန် လုံးဝကွဲပြားခြားနားနေခြင်းကြောင့် ပြင်ဦးလွင်သို့ လာရောက်လေ့လာလည်ပတ်သူတို့ အထူးနှစ်ခြိုက်ကာ ငှားရမ်းစီးနင်းခြင်း၊ ယှဉ်တွဲ၍ အမှတ်တရ ဓာတ်ပုံရိုက်ခြင်း စသည်တို့ကို ပြုလုပ်လေ့ရှိကြောင်း သိရသည်။

ပြင်ဦးလွင်ရှိ ရထားလုံးများကို ရောက်လာသူဧည့်သည်တို့ စိတ်ဝင်စား၍ ငှားရမ်းသူများပြားသည့်နည်းတူ မြင်းယာဉ်ပိုင်ရှင်တို့မှလည်း မိမိတို့မြင်းယာဉ် အစဉ်လှပနေအောင် နှစ်စဉ် ဆေးအသစ်သုတ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ လိုအပ်သည့်ပစ္စည်းအသစ်အဆန်းတို့ကို ငှားရမ်းသူတို့ ပိုမိုစိတ်ပါဝင်စားအောင် ထည့်သွင်းတပ်ဆင်ခြင်းတို့ကို အမြဲပြုလုပ်လေ့ရှိနေရာ ယခုအခါ တချို့သောရထားလုံး မြင်းယာဉ်တို့သည် ယခင်က အသုံးပြုလျက်ရှိခဲ့သော သစ်သားအိမ်ဘော်ဒီကို အမိုးပိုင်းတစ်ဝက်ဖြုတ်ချကာ ရောင်စုံပလတ်စတစ်ဖျင်မိုးကာစတို့နှင့် အစားထိုး၍ အသစ်အဆန်းတစ်မျိုးဖြင့် ပြုလုပ်ပြေးဆွဲလာကြကြောင်း တွေ့မြင်နေရသည်။

ထိုကဲ့သို့ အပေါ်အမိုးပိုင်းအသားနေရာတွင် ရောင်စုံဖျင်မိုးကာစများ အစားထိုးအသုံးပြုလာခြင်းကြောင့် လူအများ၏ စိတ်ဝင်စားမှုကို ပိုမိုရရှိလာသည့်အပြင် မိုးမရွာသည့်အချိန်တို့၌ အပေါ်အမိုးဖွင့်၍ မောင်းနှင်နိုင်ခြင်း၊ စီးနင်းသူဧည့်သည်တို့မှ ရှုခင်းရှုကွက်တို့ကို မြင်ကွင်းကျယ် ပိုမိုထင်ရှားစွာတွေ့မြင်နိုင်ခြင်း၊ လေကောင်းလေသန့်များ ရှူရှိုက်ခွင့်ရခြင်း စသည့်အကျိုးကျေးဇူးတို့ရရှိကြသဖြင့် ပုံစံသစ်ရထားလုံး မြင်းယာဉ်များကို ငှားရမ်းစီးနင်းသူတို့အထူးနှစ်ခြိုက်လျက်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# အရည်အသွေးမြင့်မားသောပညာရေး အကောင်အထည်ဖော်ရန် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျဆောင်ရွက်သွားမည်



**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် **(ယာပုံ)** ရောဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့အတွင်းရှိ မြို့ရပ်ကွက်၊ ကျေးရွာအုပ်စုများ အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် နယ်နိမိတ်ဧရိယာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို မှတ်တမ်းတင်ခဲ့သည်။

လွှတ်တော်နာယကက ရောဝတီတိုင်းဒေသကြီးအတွင်း ကျေးရွာအုပ်စု တစ်အုပ်စု အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ကျေးရွာအုပ်စု နှစ်အုပ်စုနှင့် ကျေးရွာ ၂၃ ရွာ ပယ်ဖျက်ခြင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၇ ရွာ ပယ်ဖျက်ခြင်းနှင့် ကျေးရွာအုပ်စု နှစ်အုပ်စု အမည်ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခြင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ရပ်ကွက်/ကျေးရွာအုပ်စု ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် တိုးချဲ့ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင်က လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသော "ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားသည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီတို့ထံမှ ချေးငွေရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပွင့်လင်းမြင်သာမှုအပြည့်ဖြင့် အားလုံးပါဝင်နိုင်ရေးနှင့် စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အတွက် ဒေသခံ တောင်သူလယ်သမားများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဝန်ကြီးဌာနမှ တာဝန်ယူ၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းချေးငွေရယူနိုင်ရန် ခိုင်လုံသောအကြောင်းပြချက်ဖြင့် ပွင့်လင်းမြင်သာစွာတင်ပြ၍ နှစ်စဉ်ခွင့်ပြုချက်ရယူခဲ့ခြင်း ဖြစ်ပါကြောင်း၊ လွှတ်တော်နှစ်ရပ်လုံး၏ ပညာရေးမြှင့်တင်မှု ကော်မတီများနှင့်လည်း တွေ့ဆုံကာ စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုသို့ အရည်အသွေးမြင့်မားသောပညာရေးကို အကောင်အထည်ဖော်ရန်အတွက် အစိုးရ၊ လွှတ်တော်များ၊ ပြည်သူလူထု၊ မိဘ၊ ဆရာနှင့် ကျောင်းသား ကျောင်းသူများ ညီညီညွတ်ညွတ်ပူးပေါင်းပါဝင်၍ ပွင့်လင်းမြင်သာစွာဖြင့် ထိထိရောက်ရောက် စနစ်တကျ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုများ မရှိစေရေး၊ စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများလျော့နည်းရေး အစီအမံများ၊ စီမံချက်အကျိုးသက်ရောက်မှုများအား ကျား/မ ကဏ္ဍ ညီမျှမှုရှိစေရေး အစီအမံများ၊ ဝယ်ယူဖြန့်ဖြူးရေး၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့် ကျွမ်းကျင်ပညာရှင်များ ခန့်ထားမှုဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်မှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ပချေးငွေရယူပြီး ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်ဘတ်ဂျက်က ကျခံသုံးစွဲရမှုကို သက်သာစေသည့်အပြင် အခြားလိုအပ်သည့် စီမံကိန်းလုပ်ငန်းများတွင်လည်း သုံးစွဲနိုင်ပါကြောင်း၊ ထို့ပြင် ပြည်ပချေးငွေရယူခြင်းသည် ပြည်တွင်းသို့ နိုင်ငံခြားငွေများ ရောက်လာခြင်းဖြစ်သည့်အတွက် နိုင်ငံတော်၏ နိုင်ငံခြားအရန်ငွေကိုလည်း တိုးတက်စေသည့် အကျိုးကျေးဇူးရရှိစေပါကြောင်း၊

စီမံကိန်း အကောင်အထည်ဖော်မှုများကို စောင့်ကြည့်သုံးသပ်ရေး၊ အစီရင်ခံတင်ပြရေး၊ ချေးငွေများကို အလေအလွင့်၊ အယိုအဖိတ်မရှိစေရန် သုံးစွဲရေး စသည်တို့သည် အလွန်သင့်လျော်မှန်ကန်သည့် အချက်များဖြစ်ပါကြောင်း၊ ချေးငွေတိုင်းအတွက် မိမိတို့ဌာနများက အလေးထားဆောင်ရွက်ရမည့် အချက်များဖြစ်သောကြောင့် လွှတ်တော်အပိုင်းမှလည်း စီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေများကို ဝိုင်းဝန်းစောင့်ကြည့်သုံးသပ်ပေးနိုင်ရန် တင်ပြပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီတို့ထံမှ ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က သီးခြားစီအသုံးပြုမည်ဖြစ်သည့်အတွက် ချေးယူမည့်ဝန်ကြီးဌာနတစ်ခုချင်းစီအတွက် စက်ခလုတ်နှိပ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသဖြင့် ဝန်ကြီးဌာနသုံးခုလုံးအတွက် ချေးငွေချေးယူခွင့်ကို လွှတ်တော်က အတည်ပြုခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဆောင်ရွက်မှုနှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာ (၃/၂၀၁၆)နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်နှင့် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတို့က ဆွေးနွေးကြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု နှစ်ပတ်လည် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာ (၃/၂၀၁၆)ပါ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက်များကို အလေးထား၍ ပိုမိုပြည့်စုံကောင်းမွန်သော အစီရင်ခံစာဖြစ်လာစေရန် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအားလုံးနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၃/၂၀၁၆)ကို လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အတည်ပြုခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၆)နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၄/၂၀၁၆)ပါ သုံးသပ်ချက်များနှင့် သဘောထားမှတ်ချက်များသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ပိုမိုအကျိုးရှိ ထိရောက်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြစ်ပေါ်ရေးအတွက် များစွာအထောက်အကူဖြစ်စေသဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဂရုပြုဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၆)ကို လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အတည်ပြုခဲ့သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော် ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**





# ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် ကမ္ဘာ့ဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၀**

ကမ္ဘာ့ဘဏ်မှ Mr.Atul Deshpande နှင့် East Asia Region Manager Mr. Rob Taliercio တို့က ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကမ္ဘာ့ဘဏ်အနေဖြင့် ထောက်ပံ့နိုင်မည့်နည်းလမ်းများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စုလွှတ်တော် (D) ဆောင် ပထမထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ပူးပေါင်းကော်မတီဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဒလတံတားစီမံကိန်းကို ကန်ထရိုက်တာရွေးချယ်ပြီးပါက တံတားတည်ဆောက်ရေးလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် စက်တင်ဘာ ၂၀

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုတင်သွင်းခြင်း၊ လေ့လာတွေ့ရှိချက် အစီရင်ခံစာဖတ်ကြားခြင်းနှင့် နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း၏ ပြင်ဆင်ချက်အဆိုများကို ဆွေးနွေးခဲ့ကြသည်။**

ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၏ **မြန်မာ-ကိုရီးယား ချစ်ကြည်ရေး ဒလ - ရန်ကုန်တံတား တည်ဆောက်ရေးနှင့်ပတ်သက်၍ မူလရေးဆွဲထားသော တံတားဒီဇိုင်းသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် JICA တို့ ပူးပေါင်းရေးဆွဲနေသော 2040 Yangon City Plan နှင့် ဆန့်ကျင်ဘက်ဖြစ်ခြင်း၊ ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပေါ်စေခြင်းများကြောင့် တံတားစီမံကိန်း ရပ်ဆိုင်းရပါက ဒလ-ရန်ကုန်တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်း၊ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၏ **ငပုတောမြို့နှင့် လပွတ္တာမြို့နယ်တို့အား ဆက်သွယ်ဖောက်လုပ်ထားသော သက္ကယ်သောင်မြစ်ကူးတံတားကို မည်သည့်ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့်** ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၏ **ကစ္ဆပနဒီမြစ်ကူးတံတား တည်ဆောက်ရန်အတွက် ဖယ်ရှားခံခဲ့ရသော အိမ်နှင့် ခြံမြေများထဲမှ ယခုအချိန်အထိ အစားမရရှိသေးသည့် အိမ်ထောင်စုများအတွက် အိမ်ရာမြေများ ပြန်လည် အစားထိုးချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**များနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ကိုရီးယားသမ္မတနိုင်ငံ စီးပွားဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ EDCF ချေးငွေ၊ မြန်မာအစိုးရထည့်ဝင်ငွေတို့ဖြင့် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်နှင့် ဒလမြို့နယ်ကို ဆက်သွယ်သည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး ဒလတံတားတည်ဆောက်ရေးနှင့် ပတ်သက်ပြီး မူလရေးဆွဲထားသော တံတားအူကြောင်းနှင့် တံတားဒီဇိုင်းသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် JICA တို့ ပူးပေါင်းရေးဆွဲနေသော 2040 Yangon City Plan တွင် မပါဝင်ဘဲ JICA မှ 2040 Yangon Strategic Urban Development Plan(SUDP) စီမံကိန်းရေးဆွဲခြင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒလ ချစ်ကြည်ရေးတံတား တည်ဆောက်ရေး စီမံကိန်းနှစ်ခုကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒလတံတားစီမံကိန်းကို ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး အစိုးရတို့၏ အတည်ပြုချက်ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

JICA မှ 2040 Yangon Strategic Urban Development Plan(SUDP) ကို ရန်ကုန်မြို့၏ လက်ရှိ အခြေအနေများ၊ အနာဂတ်လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ပြန်လည်ပြင်ဆင်ရေးဆွဲခြင်းကို ဆောင်ရွက်နေပါကြောင်း၊ ရန်ကုန်ဘက်ကမ်း လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဒလဘက်ကမ်း ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းကို ဆက်သွယ်ထားသည့် လမ်းအူကြောင်းသည် ထိရောက်မှု အနည်းဆုံး လမ်းကြောင်းဖြစ်သည့်အတွက် ရွေးချယ်ထားခြင်းဖြစ်ပါကြောင်း။ တည်ဆောက်ရေးကန်ထရိုက်တာရွေးချယ်ပြီးပါက တံတားတည်ဆောက်ရေးလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒလတံတားအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြီးစီးရန် စီစဉ်ရေးဆွဲထားပါကြောင်း။



ဦးဝင်းခိုင်
ပြည်ထောင်စုဝန်ကြီး



ဒေါက်တာဦးစိန်မြအေး
ဒလမဲဆန္ဒနယ်

တံတားတည်ဆောက်စဉ် ကာလအတွင်း ယာဉ်ကြောကျပ်တည်းမှု အနည်းဆုံး ဖြစ်စေရေးအတွက် ကိုရီးယားအတိုင်ပင်ခံကုမ္ပဏီနှင့် Traffic Management ကို အသေးစိတ်တွက်ချက်စီစဉ်သွားမည်ဖြစ်ပါကြောင်း၊ အခြားနေရာတွင် ဒလ-ရန်ကုန်တံတား သို့မဟုတ် မြစ်ဖြတ်ရေးလိုဏ်ခေါင်း တည်ဆောက်ပေးရန် စီစဉ်ထားခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သက္ကယ်သောင်မြစ်ကူးတံတားသည် မူလမြစ်အကျယ် ကမ်းပါးနှစ်ဖက် အကွာအဝေး ပေ ၈၀၀၀ ရှိသည့်အတွက် အရှည် ပေ ၉၅၀၀ ခန့်ရှိ တံတားတစ်စင်းအဖြစ် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ငွေကြေး ကုန်ကျမှုပမာဏများပြားသည့်အတွက် ၂၀၁၁ ခုနှစ်တွင် မြစ်ကျဉ်းနေရာမှ လမ်းသစ်ပြန်ရှာပြီး လမ်းအူကြောင်းအသစ် ရှာဖွေခဲ့ကြောင်း။

လမ်းသစ်တွင် ကျောက်ဖျာလေးကျေးရွာမှ ရေဘော်ကြီးကျေးရွာအထိ ၂၀ မိုင် ၇ ဖာလုံရှိကာ တစ်ကြောင်းထိုးလမ်း ၁၄ မိုင် ၃ ဖာလုံဆောင်ရွက်ခဲ့ပြီး မြေသားတာဘောင်တင်ကာ ခြောက်မိုင် သုံးဖာလုံနှင့် အမာခံလမ်း တစ်ဖာလုံ ဆောင်ရွက်ခဲ့ပါကြောင်း၊ တံတားကြီး၊ တံတားငယ် ခုနစ်စင်း တည်ဆောက်ရန်ရှိပါကြောင်း၊ တံတားတစ်စင်းသည် ဆောင်ရွက်ဆဲဖြစ်ပြီး ကျန်ခြောက်စင်းအနက် သက္ကယ်သောင်မြစ်တွင် ကမ်းနှစ်ခု အကွာအဝေးအကျယ် ပေ ၂၅၀၀ ရှိသည့်အပြင် သင်္ဘောကြီးများသွားလာနိုင်သည့် မြစ်ဖြစ်သည့်အတွက် ပေ ၄၀၀၀ ခန့်အရှည်ရှိ တံတားအဖြစ် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၇၆၆ ဒသမ ၀၀ သန်း လျာထားတင်ပြအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ၁၉၉၇ ခုနှစ် ကစ္ဆပနဒီ တံတားစီမံကိန်း စတင်ချိန်၌ ကျောက်တော်မြို့ ပိုက်သည်ရပ်ကွက်မှ အိမ်ထောင်စု ၆၉ စုအား တံတားတည်ဆောက်ရန် စီမံကိန်းနယ်မြေအတွင်း ကျရောက်သဖြင့် ပြောင်းရွှေ့သယ်ယူစရိတ်အဖြစ် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သောင်း ထောက်ပံ့ကြေးပေးခဲ့ပါကြောင်း၊ အစားထိုးမြေ ကွက်သစ်များကိုလည်း ရန်ကုန်-စစ်တွေကားလမ်း အနောက်ဘက် ကစ္ဆပရပ်ကွက်၌ ပေ ၆၀ × ၅၀ မြေကွက်များချထားပေးခဲ့ရာ ဦးကျော်ထွန်းစိန်ပါ ၄၇ ဦးမှာ မြေကွက်များ ရယူခဲ့ကြောင်း၊ ဦးစံကျော်အောင် ပါ ၂၂ ဦးမှာ မြို့နှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် ကြံစိုက်ခင်းများ၌ နေရာချထားပေးရန် တင်ပြခဲ့ရာ ၎င်းအချိန်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖြစ်သူ ဦးစောအောင်က အထက်အဖွဲ့အစည်းထံ တင်ပြဆောင်ရွက်ရေးအတွက် တစ်နှစ်၊ နှစ်နှစ် စောင့်ဆိုင်းပေးရန် အကြောင်းပြန်ခိုင်းခဲ့သည်ကို သိရပါကြောင်း၊ ယခုတောင်းဆိုသည့် ရွှေမင်းဂံ ကွက်သစ်မြေနေရာသည် စိုက်ပျိုးရေးသိပ္ပံကျောင်း မြေနေရာအတွင်း ကျရောက်နေသဖြင့် အစားထိုးနေရာချထားပေးရန် အစီအစဉ်မရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် ၁၅ ချက်ကို လွှတ်တော်သို့တင်သွင်းရာ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းအဖြစ် အတည်ပြုကြောင်း လွှတ်တော်က ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုများကို ဆွေးနွေးကြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်ကအတည်ပြု

**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၃၄ ရက်မြောက်နေ့တွင် **"နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို ပြင်ဆင်ထားသည့် အတိုင်း လွှတ်တော်က အတည်ပြုခဲ့သည်။

**"နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်"** စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဦးစိုင်းထွန်းအောင်က လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သည့် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား၍ လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား အတည်ပြုပေးရန် အဆိုတင်သွင်းသည့်အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ၍ ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၏ **"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် လက်ထောက်ဆရာဝန်များကို စတင်ခန့်ထားသည့်အခါ အထူးကုဆရာဝန်ကြီးများရှိသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်သင်ကြားရေး ဆေးရုံကြီးများတွင် နေရာချထားပေးနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် စတင်တာဝန်ထမ်းဆောင်မည့် လက်ထောက်ဆရာဝန် ၁၇၀၈ ဦးကို အထူးကုဆရာဝန်ကြီးများရှိသော သင်ကြားရေးဆေးရုံကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ဆေးရုံကြီးများတွင် တစ်နှစ်ခွဲမှ နှစ်နှစ်အထိ နေရာချထားမည်ဖြစ်ကြောင်း။

ထိုသို့ ခန့်ထားရာတွင် ရန်ကုန်၊ မန္တလေးကဲ့သို့သော မြို့ကြီးများရှိ ဘာသာရပ်ဆိုင်ရာ အထူးကုဆေးရုံကြီးများတွင် တာဝန်ချထားခံရသည့်အခါ ဆေးကုသပညာ၊ ခွဲစိတ်ကုသမှုပညာ၊ သားဖွားနှင့်မီးယပ်ပညာ၊ ကလေးဆေးကုသပညာစသည့် အဓိက ဆေးပညာဘာသာရပ်များကို စုံလင်စွာ တာဝန်ထမ်းဆောင် လေ့လာသင်ယူခွင့် ရရှိရန်အတွက် သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများက ဆေးရုံအချင်းချင်း အလှည့်ကျစနစ်ဖြင့် လဲလှယ်တာဝန်ချထားပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်သူ့ကျန်းမာရေး၊ ဆေးသုတေသနဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးများကွပ်ကဲရေး ဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဆေးဘက်နီးနွယ်တက္ကသိုလ်နှင့် သင်တန်းကျောင်းများ၌ တိုက်ရိုက် တာဝန်ချထားမည်ဖြစ်ပြီး လုပ်ငန်းခွင်အတွင်း ထိရောက်သော အချိန်တိုသင်တန်းများကို ပို့ချသွားမည် ဖြစ်ပါကြောင်း။

အလုပ်သင်ဆရာဝန်များကို တစ်နှစ်ထက် ပိုမိုတာဝန်ထမ်းဆောင်စေပါက အခြေခံဆေးပညာ ၄ ဘာသာအပြင် မျက်စိ၊ နား၊ နှာခေါင်း၊ ဦးနှောက်နှင့် အာရုံကြော၊ အရိုးနှင့် ထိခိုက်ဒဏ်ရာ၊ အရေးပေါ်ကျန်းမာရေးနှင့် အထူးကြပ်မတ် ကုသရေး၊ စိတ်ကျန်းမာရေး စသည့် များစွာသောဘာသာရပ်တို့၏ အခြေခံကုသပုံ ကုသနည်းစနစ်များကို ပိုမို ကျွမ်းကျင်စေခြင်းဖြင့် အလုပ်သင် ဆရာဝန်များ တာဝန်ပြီးဆုံးပါက မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် ယုံကြည်ချက်အပြည့်ဖြင့် တိုက်ရိုက် တာဝန် ထမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်... 

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း၏ **"ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံကြီးကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၂၀၁၅ ခုနှစ်အတွင်း လပွတ္တာမြို့ပြည်သူ့ဆေးရုံကြီးတွင် နေ့စဉ်ပျမ်းမျှ ပြင်ပလူနာ ၄၇ ဦး၊ အတွင်းလူနာ ၁၁၂ ဦး၊ ခွင့်ပြုခုတင်အရေအတွက်အရ ဆေးရုံခုတင် အသုံးချမှုနှုန်း ၅၅ ဒသမ ၇၅ ရာခိုင်နှုန်း၊ အသုံးချနိုင်သည့် ခုတင် အရေအတွက်အရ ဆေးရုံခုတင်အသုံးချမှုနှုန်း ၅၆ ဒသမ ၈၈ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါကြောင်း။

ပြည်သူ့ဆေးရုံများကို တည်ဆောက်ဖွင့်လှစ်ရာတွင် တစ်မြို့နယ်လျှင် အနည်းဆုံး ဆေးရုံတစ်ရုံသာ ထားရှိဖွင့်လှစ်ပြီး ခရိုင်ပြည်သူ့ဆေးရုံရှိသော မြို့နယ်တွင် မူအရ မြို့နယ်ပြည်သူ့ဆေးရုံ ဖွင့်လှစ်ထားရှိရန် မဖြစ်နိုင်ခြင်း၊ မူလ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ထားခြင်းတို့ကြောင့် မူလဆေးရုံဟောင်း နေရာတွင် မြို့နယ်ပြည်သူ့ဆေးရုံအဖြစ် ပြန်လည်ဖွင့်လှစ်ထားရှိရန်မှာ မဖြစ်နိုင်ကြောင်းနှင့် ပြင်ပလူနာကြည့်ရှုကုသမှုကို ယခုအတိုင်း ၂၄ နာရီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပြီး လိုအပ်လျက်ရှိသော အထူးကုသမားတော်ကြီး၊ မေ့ဆေး အထူးကုနှင့် အရိုးအထူးကုဆရာဝန်ကြီးများကို အမြန်ဆုံးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **"ချင်းပြည်နယ် မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံတွင် လူနာများအား စမ်းသပ်၊ ခွဲစိတ်ပစ္စည်း ကိရိယာများ ပြည့်စုံစွာပံ့ပိုးပေးရန်နှင့် ကုသမှုဆိုင်ရာ သမားတော်ကြီးများကို တိုးချဲ့ခန့်ထားရန် အစီအစဉ်ရှိ/မရှိနှင့် လိုအပ်လျက်ရှိသည့် တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဓာတ်မှန်ဆရာဝန်နှင့် ရောဂါဗေဒ ဆရာဝန်များ ခန့်ထားပေးရေးနှင့် ပတ်သက်၍ လက်ရှိအခြေအနေတွင် တစ်နိုင်ငံလုံးအနေဖြင့် အင်အားလွန်စွာ နည်းပါးနေ၍ ခန့်အပ်ပေးနိုင်ခြင်းမရှိပါကြောင်း၊ မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံအတွက် လိုအပ်သော ဆေးရုံသုံးပစ္စည်းများကို ပြည့်စုံစွာ ဖြည့်ဆည်းပြီးသော်လည်း လိုအပ်၍ မင်းတပ်ပြည်သူ့ဆေးရုံအုပ်မှ ချင်းပြည်နယ်ကုသရေးဦးစီးဌာနမှူး၏ ထောက်ခံချက်ဖြင့် တင်ပြတောင်းခံလာပါက စိစစ်ပြီး အမြန်ဆုံး ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မင်းတပ်မြို့တွင် တိုင်းရင်းဆေးရုံဖွင့်လှစ်ရန် အစီအစဉ်မရှိပါကြောင်း၊ မင်းတပ်၊ မတူပီနှင့် ကန်ပက်လက်မြို့နယ်တို့ရှိ တိုင်းရင်းဆေးကုဌာနများ၌ လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ထည့်သွင်းတောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပလက်ဝမြို့နယ်၏ လူဦးရေသည် ၆၄၇၉၀ ရှိသောကြောင့် ပလက်ဝမြို့နယ်တွင် တိုင်းရင်းဆေးကုဌာနတစ်ခု ဖွင့်လှစ်နိုင်ရန်အတွက် လက်ရှိအခြေအနေတွင် မြေနေရာမရှိသော်လည်း ဆေးခန်းမြေနေရာ ခွင့်ပြုချက်ရရှိပါက အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံအတည်ပြုချက်ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖွဲ့စည်းပုံ အတည်ပြုချက်ရရှိပါက ရန်ပုံငွေထည့်သွင်းတောင်းခံ၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

**အလုပ်သင်ဆရာဝန်များကို တစ်နှစ်ထက် ပိုမိုတာဝန်ထမ်းဆောင်စေပါက အခြေခံဆေးပညာ ၄ ဘာသာအပြင် မျက်စိ၊ နား၊ နှာခေါင်း၊ ဦးနှောက်နှင့် အာရုံကြော၊ အရိုးနှင့် ထိခိုက်ဒဏ်ရာ၊ အရေးပေါ်ကျန်းမာရေးနှင့် အထူးကြပ်မတ်ကုသရေး၊ စိတ်ကျန်းမာရေး စသည့် များစွာသော ဘာသာရပ်တို့၏ အခြေခံကုသပုံ ကုသနည်းစနစ်များကို ပိုမိုကျွမ်းကျင်စေခြင်းဖြင့် အလုပ်သင်ဆရာဝန်များ တာဝန်ပြီးဆုံးပါက မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် ယုံကြည်ချက်အပြည့်ဖြင့် တိုက်ရိုက် တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်**

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို "ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြည်ညီ" အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# အိမ်ရာပိုင်ဆိုင်ဖို့အရေး မျှော်လင့်ချက်တို့ ရောင်ခြည်သန်းလေပြီ

**သတင်းဆောင်းပါး-သီသီမင်း၊ ဓာတ်ပုံ -မင်းသစ်**

ဝင်ငွေနည်း ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောက်လုပ်ပြီးစီးသွားသည့် တန်ဖိုးနည်း၊ တန်ဖိုးမျှတအိမ်ရာများကို ဘဏ်ချေးငွေစနစ်ဖြင့် ရောင်းချမည်ဆိုသည့်သတင်းက သူ၏ အိမ်ပိုင်ရာပိုင်နေချင်သည့် မျှော်လင့်ချက်တွေကို အရောင်လက်သွားစေသည်ဟု နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ မဆွေကပြောသည်။

"စိတ်လှုပ်ရှားခဲ့တယ်။ တကယ်လားပေါ့။ တစ်လတစ်လ အိမ်လခနဲ့တင် မနည်းရုန်းကန်နေရတာ။ အိမ်ပိုင်လေးရှိရင် ကောင်းမှာပဲလို့အမြဲတွေးတယ်။ ကျွန်မတို့လင်မယားနှစ်ယောက်လုံးက ဝန်ထမ်း။ ဘယ်လိုရောင်းပေးမလဲ။ ဘယ်လိုချေးမလဲ သိချင်ခဲ့တယ်"ဟု သူမက ပြောသည်။

သူမအနေဖြင့် သူငယ်ချင်းတစ်ဦး၏ ပြောပြချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အိမ်ဝယ်ရန်ရည်ရွယ်ချက်ဖြင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် စုဆောင်းငွေရှိသူကို ဦးစားပေးရောင်းချမည်ဟု သိရသည့်အတွက် ပုံမှန်ငွေစုရန်ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်သို့ လာခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။



မကြာမီဝယ်ယူနိုင်တော့မည့် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများကို တွေ့ရစဉ်

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရက် ၁၀၀ စီမံချက်အရ အခန်းပေါင်း ၂၂၀၀ ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ပြီး လာမည့်နှစ်နှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း အခန်းပေါင်း ၈၀၀၀ ကို ဆောက်လုပ်သွားမည်ဖြစ်ရာ အိမ်ရာလိုအပ်ချက်ရှိသည့် ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အိမ်ရာဝယ်ယူမှု အဆင်ပြေစေရန် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်၍ ဩဂုတ်လ ၁ ရက်နေ့မှစတင်ကာ အိမ်ရာကြိုတင်စုဆောင်းငွေ(housing saving) အတွက် ဘဏ်အကောင့်တစ်ခု ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

"အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှာ ဩဂုတ်လ ၁ ရက်နေ့ကစပြီး အိမ်ရာအတွက် ကြိုတင်စုဆောင်းငွေစုနိုင်ဖို့ အကောင့်တစ်ခုဖွင့်ပြီး လက်ခံပေးတယ်။ ဆောက်လုပ်ရေးနဲ့ အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှာ စုဆောင်းငွေ အကောင့်ဖွင့်ပြီး တစ်လတစ်ကြိမ် ငွေစုရပါမယ်။ အိမ်ရာအတွက်စုငွေနဲ့ ရိုးရိုးစုဆောင်း ငွေဘာကွာလဲဆိုတော့ စုငွေချင်းကအတူတူပဲ။ အတိုးရတာ လည်းတူတယ်။ ဒါပေမယ့်housing saving က လူတစ်ယောက်၊ မိသားစုတစ်စုအတွက် အိမ်ဝယ်နိုင်တဲ့ငွေကို ပုံမှန်စုဆောင်းပေးနိုင်တယ်ဆိုတဲ့ သက်သေပေါ့။ ရိုးရိုးစုထားတာက သုံးချင်ထုတ်သုံးမယ်။ housing saving က စုတာကိုပဲ ဦးစားပေးတယ်။

"အိမ်ရာဝယ်ဖို့ ရည်ရွယ်ထားတဲ့သူတွေအနေနဲ့ အဲ့လိုစုထားရင် အိမ်ရာလိုအပ်နေတဲ့သူတွေစာရင်းကို ကျွန်တော်တို့က ကောက်ပြီးသားဖြစ်သွားပါတယ်။ စုထားတဲ့သူတွေက အိမ်ခန်း လျှောက်တဲ့အခါ ဦးစားပေးအဆင့်ထဲပါပါမယ်။ အခွင့်အရေးရပါမယ်" ဟု ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဇော်က ပြောသည်။

တန်ဖိုးနည်းအိမ်ရာများကို ဝယ်ယူချင်သူများအနေဖြင့် ဝင်ငွေနည်းပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ အိမ်ရာလိုအပ်ချက်ရှိသူများသည် လစဉ်ပုံမှန်ဝင်ငွေ ရှိရမည်ဖြစ်ကာ မိသားစုဝင်ငွေ အနည်းဆုံးသုံးသိန်းခွဲဝန်းကျင်ရှိရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် ဝယ်ယူမည့် အိမ်ခန်း၏ ၃၀ ရာခိုင်နှုန်းကို စုဆောင်းထားရှိရမည်ဖြစ်ပြီး ကျန်သည့် ၇၀ ရာခိုင်နှုန်းကို ဘဏ်ကချေးပေးမည်ဖြစ်ကြောင်း သိရသည်။

"ဘဏ်မှာ မှန်မှန်လာစုစုထားတဲ့ငွေက သိန်း ၃၀ ရှိနေပြီ။ ဝယ်မယ့် တိုက်ခန်းတန်ဖိုးက သိန်း ၁၂၀ ဆိုပါတော့ ဒါဆို ဘဏ်က ကျန်တဲ့ငွေကို ထုတ်ချေးမှာပါ" ဟု အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မြင့်မြင့်မူက ပြောသည်။

အခြားဘဏ်များတွင် ပုံမှန်စုဆောင်းထားရှိသည့် ငွေများကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်သို့ လွှဲပြောင်းစုဆောင်းလိုပါက ယခင်ငွေစု စာအုပ်မိတ္တူကို မှတ်တမ်းအဖြစ်ပေးအပ်ပြီး စုငွေများကို အိမ်ရာဖွံ့ဖြိုးရေးဘဏ်သို့ လွှဲပြောင်းကာ စုဆောင်းနိုင်သည်။ ထိုသို့လွှဲပြောင်းလာသည့် ငွေသည် သတ်မှတ်ထားသည့် အိမ်ရာတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကိုပြည့်မီပါက ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ မိမိဝယ်ယူမည့် အိမ်ခန်းတန်ဖိုးအတွက် လိုအပ်သည့်ငွေကို ထုတ်ချေးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ယခုအချိန်တွင်လည်း မြို့ပြအိမ်ရာနှင့် ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွက် ရက် ၁၀၀ စီမံချက်အတွင်းက အကောင်အထည်ဖော်ခဲ့သည့် လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းတန်ဖိုးနည်းအပိုင်း(၃)နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ ယုဇနတန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)နှင့် ကနောင်တန်ဖိုးနည်းအိမ်ရာတို့တွင် တိုက်ခန်းပေါင်း ၂၂၀၀ ခန့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

"သတ်မှတ်ကာလအရ ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းနဲ့ ပြည်သူတွေအတွက် ရောင်းချနိုင်အောင် ၇၀ရာခိုင်နှုန်းကို တိုင်းဒေသကြီးအစိုးရကို လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ ကျန်တဲ့ ၃၀ ရာခိုင်နှုန်းကို ဌာနက ရောင်းသွားမှာပါ"ဟု မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာဖွံ့ဖြိုးရေး ဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်မီမီတင်ကပြောသည်။

ယခုရောင်းချတော့မည့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများတွင် အခြေခံအဆောက်အအုံဖြစ်သည့် လမ်း၊ လျှပ်စစ်မီး၊ ရေရရှိရေးတို့အပြင် အပန်းဖြေစရာ ကလေးကစားကွင်း၊ ပန်းခြံ၊ စိမ်းလန်းမြေနှင့် ဓမ္မာရုံများလည်း ပါဝင်ကြောင်းသိရသည်။

"အခုအစိုးရသစ်လက်ထက်မှာ တကယ်လိုအပ်နေတဲ့သူတွေလက်ထဲရောက်ဖို့ဆိုပြီး သူတို့လည်း နည်းလမ်းတွေကြံဆနေတဲ့အတွက် လောလောဆယ် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဘယ်အချိန်မှာ ရောင်းမယ်ဆိုတာ သိတော့မသိရသေးပေမယ့် အိမ်ရာလိုအပ်ချက်ရှိတဲ့သူတွေကို အမြန်ဆုံးစီစဉ်ပေးနိုင်အောင် ဆောင်ရွက်နေတယ်ဆိုတာ သုံးသပ်မိပါတယ်"ဟု မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ၎င်းက ပြောသည်။

အိမ်ရာတိုက်ခန်းများ၏ တန်ဖိုးကြီးမြင့်မှုသည် လမ်း၊ ရေမြောင်း၊ လျှပ်စစ်မီးရရှိရေးအတွက် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းစသော အခြေခံအဆောက်အအုံစရိတ်များက ၃၀ ရာခိုင်နှုန်းပါဝင်နေသည့်အတွက် ကြီးမြင့်ရခြင်းဖြစ်ကြောင်း နိုင်ငံတော်အစိုးရမှ အဆိုပါစရိတ်များကို ထောက်ပံ့ပေးပါက တိုက်ခန်းများ၏ တန်ဖိုးကျဆင်းစေနိုင်ကြောင်း ၎င်းကသုံးသပ်ပြောကြားသည်။

"ရောင်းတိုင်းရောင်းတိုင်း တန်ဖိုးနည်းအိမ်ရာတွေမှာ မြေတန်ဖိုးမထည့်ဘူး။ အခန်းတန်ဖိုးပဲ ရောင်းတာဆိုတော့ အခန်းတန်ဖိုးထဲမှာ အခြေခံအဆောက်အအုံစရိတ်တွေပါနေတော့ ဈေးက မကျဘူးဖြစ်နေ တယ်။ နိုင်ငံတော်က ထောက်ပံ့ပေးလိုက်ရင် တန်ဖိုးကျသွားနိုင်ပါတယ်။ ကျန်စစ်မင်းအိမ်ရာမှာဆို နိုင်ငံတော်က ထောက်ပံ့ပေးခဲ့တဲ့အတွက် တိုက်ခန်းတန်ဖိုးက သိန်း ၇၀၊ ၈၀ ထဲရောက်သွားတယ်။ ဘဏ်ကလည်း နှစ်ရှည်ချေးငွေတွေကို ချေးပြီးပံ့ပိုးပေးနိုင်ရင် ပြည်သူတွေအနေနဲ့ အိမ်ပိုင်နဲ့နေနိုင်မယ့် အခွင့်အရေးတွေများလာပြီပေါ့ဗျာ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် housing saving အတွက် စုဆောင်းထားသည့်အတွက် ငွေများသည် အိမ်ရာမဝယ်ခင်အထိ အတိုးငွေတစ်နှစ်လျှင် ၈ ဒသမ ၅ ရာခိုင်နှုန်းရရှိမည်ဖြစ်ပြီး အိမ်ဝယ်ခွင့်ရရှိပြီးပါက ဘဏ်မှ

*စာမျက်နှာ ၉ သို့*

**ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရက် ၁၀၀ စီမံချက်အရ အခန်းပေါင်း ၂၂၀၀ ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ပြီး လာမည့်နှစ်နှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း အခန်းပေါင်း ၈၀၀၀ ကို ဆောက်လုပ်သွားမည်ဖြစ်ရာ အိမ်ရာလိုအပ်ချက်ရှိသည့် ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အိမ်ရာဝယ်ယူမှုအဆင်ပြေစေရန် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်**

*စာမျက်နှာ ၈ မှ*

စိုက်ထုတ်ပေးရသည့် ငွေအတွက် ၁၂ ရာခိုင်နှုန်းကို အတိုးငွေအဖြစ် ပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး တစ်လတစ်ကြိမ် မှန်မှန်ရှစ်နှစ် ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

“ ဥပမာ ဘဏ်ထဲမှာ သိန်း ၃၀ လောက်ရှိလို့ သိန်း ၁၀၀ တန် အိမ်ဝယ်ခွင့်ရရင် ဘဏ်ကစိုက်ပေးရတဲ့ သိန်း ၇၀ အတွက် ၁၂ ရာခိုင်နှုန်း အတိုးပေးရမယ်။ တစ်လတစ်သိန်း နှစ်သောင်းလောက်ကျသွားမယ်။ တစ်လတစ်ခါ ပုံမှန် ရှစ်နှစ်ပေးသွင်းရမယ်”ဟု ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မြင့်မြင့်မူက ပြောသည်။

အဆိုပါ ဘဏ်ချေးငွေကိုပြန်ဆပ်ရန် ရှစ်နှစ်သတ်မှတ်ထားသော်လည်း ၁၅ နှစ်ထိချေးနိုင်ရန်၊ ပြည်ထောင်စုဝန်ကြီးကလည်း ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊ ဘဏ်၏ မူဝါဒဆိုင်ရာများကို ပြုပြင်ပြောင်းလဲနိုင်ရန် ကြိုးပမ်းနေကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

“တကယ်ကို အိမ်မရှိတဲ့၊ အိမ်ကို တောင့်တနေတဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ တည်ဆောက်နေတာဖြစ်တဲ့အတွက် စုဆောင်းတဲ့ အလေ့အကျင့်လေးကိုလည်း လုပ်ကြမယ်ဆိုရင် အဲ့ဒီဘဏ်ကနေ အိမ်ရာလိုအပ်ချက်ရှိတဲ့စာရင်းကို သိနေတာဖြစ်တဲ့အတွက် လိုအပ်တဲ့အိမ်ရာတွေကို တည်ဆောက်သွားနိုင်မှာဖြစ်ပါတယ်” ဟု အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်မီမီတင်က ပြောသည်။

နိုင်ငံတော်က မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှစပြီး ၂၀၂၀ ပြည့်နှစ်အထိ နှစ် ၂၀ အတွင်း အိမ်ရာ တစ်သန်းတည်ဆောက်ရန် ဦးတည်ချက်ထားဆောင်ရွက်ခဲ့ပြီး ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကာ ကျန်သည့် ၈၀ ရာခိုင်နှုန်းအား ပုဂ္ဂလိကကုမ္ပဏီများမှ အကောင်အထည်ဖော်တည်ဆောက်နိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ ထိုသို့ဆောင်ရွက်ရန် နှစ်အလိုက်တွက်ကြည့်သည့်အခါ လာမည့် ငါးနှစ် အတွင်း အိမ်ရာလိုအပ်ချက်ပေါင်း ၃၆၀၀၀ နီးပါးရှိမည်ဖြစ်ကြောင်းနှင့် အဆိုပါလိုအပ်ချက် ၃၆၀၀၀ ကို နိုင်ငံတော်က ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ သိရသည်။

ထို့ပြင် မကြာမီကာလအတွင်း သန်လျင်အောင်ချမ်းသာ အနီးတွင် အခန်းပေါင်း ၁၂၀၀ နီးပါးရှိ တန်ဖိုးနည်းအိမ်ရာများနှင့် ကျိုက်ခေါက်ဘုရားအနီးတွင်လည်း တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

“ တစ်လုံးတစ်ခဲတည်း ၃၀ ရာခိုင်နှုန်းပေးပြီး ကျန်တာချေးတဲ့သူတွေကို အားမပေးဘူး။ မှန်မှန်လေးစုပြသွားတဲ့သူကို အားပေးမယ်။ ဒီလိုလူမျိုးက ဘဏ်ချေးငွေကိုလည်း မှန်မှန်ပြန်ဆပ်နိုင်မယ်လို့ ယူဆတယ်။ အဲ့ဒီလူကို ဦးစားပေးမှာပါ။ ဒါမှ အမှန်တကယ်လိုအပ်လို့ ငွေစုနေတဲ့ လူတွေလက်ထဲ တကယ်ရမှာပါ”ဟု ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဇော်ကပြောသည်။

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် အိမ်ဝယ်ရန် ကြိုတင်စုဆောင်းငွေစုနေပြီဖြစ်သည့် မဆွေက“ ကိုယ်စုနိုင်တဲ့ငွေကြေးပမာဏကို ခုကတည်းက စုနေပြီ။ စုဆောင်းငွေနည်းသေးလို့ သတ်မှတ်ချက်မပြည့်လို့ လတ်တလောမဝယ်နိုင် သေးလည်း နိုင်ငံတော်က အိမ်ရာစီမံကိန်းတွေ အများကြီးဖော်မှာဆိုတော့ အိမ်ပိုင်မရှိတဲ့ ကျွန်မတို့လို လူတွေအတွက် နောက်တော့ဝယ်လာနိုင်မယ်၊ အိမ်ပိုင်တော့မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့အသိက လူကိုအားဖြစ်စေတယ်လေ” ဟု ဆိုသည်။



မကြာမီဝယ်ယူနိုင်တော့မည့် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများကို တွေ့ရစဉ်

# အရေးပေါ်ဟော့လိုင်း ၁၉၉ အကြောင်း မီဒီယာများအား ရှင်းလင်း




**မန္တလေး စက်တင်ဘာ ၂၀**

အရေးပေါ်ဖုန်းနံပါတ် ၁၉၉ အကြောင်း မန္တလေးအခြေစိုက် စာနယ်ဇင်းမီဒီယာများအားရှင်းလင်းခြင်းကို စက်တင်ဘာ ၁၉ ရက်က မန္တလေးမြို့ရှိ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ကွပ်ကဲရေးမှူးဗဟိုဌာန၌ ကျင်းပခဲ့ သည်။

တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်းက သတင်းမီဒီယာများကို ရှင်းလင်းပြောကြားရာတွင် “၁၉၉ အရေးပေါ်ဖုန်းနံပါတ်ကို သုံးစွဲလာတာဟာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ သက်ဆိုင်ရာ မြို့မရဲစခန်းသို့ တိုက်ရိုက်ရောက်ရှိတဲ့ အရေးပေါ်သတင်းပေးဖုန်းနံပါတ် တစ်ခုဖြစ်ပါတယ်။ တစ်ခါတလေ နယ်ကျော်ပြီး အခြားမြို့မရဲစခန်းသို့ ရောက်ရှိတာတွေ မကြာခဏဖြစ်ပေါ်နေတဲ့အတွက် ၂၀၁၆ ခုနှစ် ဇူလိုင်လက မြန်မာ့ဆက်သွယ်ရေးနဲ့ ပူးပေါင်းပြင်ဆင်ခဲ့ပါတယ်။ ဩဂုတ်လကုန်မှာ မန္တလေးမြို့အတွင်း ကွန်ရက်ချိတ်ဆက်ပြီးစီးပြီး စက်တင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ စမ်းသပ်အသုံးပြုကာ ၁၆ ရက်မှာ သတင်းပေးမှုတွေကို လက်ခံဆောင်ရွက်လျက်ရှိပါတယ်”ဟု ရှင်းလင်းပြောကြားခဲ့ပါသည်။

“၁၉၉ အရေးပေါ်ဖုန်းနံပါတ်ကို ခေါ်ဆိုလိုက်ရင် တိုင်းဒေသကြီး ကွပ်ကဲမှုဌာနကို ရောက်ရှိလာမှာဖြစ်ပါတယ်။ မြို့တွင်းခုနစ်မြို့နယ်အတွင်း မှုခင်းဖြစ်ပွားရာကို တိကျစွာသတင်းပေးပို့ပါက CCTV တပ်ဆင်ထားတဲ့ နေရာတွေဆိုရင် ချက်ချင်းလျင်မြန်စွာအနီးကပ်မြင်တွေ့နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားခြင်းရှိပါတယ်။

တိုင်းဒေသကြီးခရိုင်အတွင်းသတင်းပေးပို့လိုရင် ၀၂- ၂၇၁၉၉ သို့ ဆက်သွယ်ပါက ကျွန်တော်တို့ဆီ တိုက်ရိုက်ရောက်ရှိပါတယ်။ ၂၄ နာရီပတ်လည်လုံး တာဝန်ကျပြည်သူ့ရဲတပ်ဖွဲ့ဝင်တွေက ဖုန်းရှစ်လုံးနဲ့ လက်ခံပြီး အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နေပါတယ်” ဟု ရဲအုပ်စည်သူက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ထူး(မန္တလေး)**

# နန့်လှိုင်ချောင်းကူး ဆည်ကြီးတံတားရေရှည်တည်တံ့နိုင်ရေး ကမ်းထိန်းတမံတည်ဆောက်ပြီးစီး

**ဝန်းသို စက်တင်ဘာ ၂၀**

ဝန်းသိုမြို့နယ်မှ ပေါင်းကူးဆက်စပ်လမ်းခရီးသွားရာ ဆည်ကြီးတံတားရေရှည်တည်တံ့ခိုင်မြဲစေရေး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကမ်းထိန်းတမံ တည်ဆောက်ရေးလုပ်ငန်း အောင်မြင်ပြီးဆုံးကြောင်း သိရသည်။

အဆိုပါ မြို့နယ်ရှိ ဇီးကုန်းချောင်း - လက်ပံကျင်းချောင်း လက်တက်နှစ်ခုမှ ပေါင်းဆုံစီးဆင်းလာသော နန့်လှိုင်ချောင်းအား ဆည်ကြီးကျေးရွာအနီးမှ ဖြတ်၍ ဆည်ကြီးတံတားအမည်ဖြင့် တည်ဆောက်ထားရှိရာ ချဉ်းကပ်လမ်းနှင့်တံတားတိုင်အောက်ခြေ ရေတိုက်စားမှုဒဏ်မှကာကွယ်ရန် ကမ်းထိန်းတမံ အလျား ပေ ၉၀၊ steel basket ရေကာ ပေ ၈၀ တံတားရေလယ်တိုင်လှိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးအောင် တည်ဆောက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆည်ကြီးကျေးရွာအနီး နန့်လှိုင်ချောင်းမှာ မိုးတွင်းကာလ ရေစီးအားများလာ၍ ကမ်းပြိုမှုများရှိလာသဖြင့် ဘုန်းတော်ကြီးကျောင်းမှာ ကမ်းပါးပြိုကျမှုမှ စိုးရိမ်ဖွယ်ရာအနေအထားကြောင့် ဒေသခံများက ကမ်းထိန်းတမံဆက်လက်၍ စီမံဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



# ပြည်ပတင်ပို့ငါးသယ်ရေယာဉ်များအတွက် Catch Certificate ထုတ်ပေး

**နေပြည်တော် စက်တင်ဘာ ၂၀**

အိမ်နီးချင်းနိုင်ငံများနှင့် ပင်လယ်ရပ်ဝေးနိုင်ငံများသို့ ငါးနှင့်ရေထွက်ပစ္စည်းများ ရေကြောင်းမှတင်ပို့နိုင်ရန် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ Catch Certificate (CC) ထုတ်ပေးလျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ၁၄ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီးမှ မြိတ်နှင့် ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးများမှ ငါးသယ်ရေယာဉ်စုစုပေါင်း ၃၁ စင်းအား ခွင့်ပြုပေးနိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနရုံးချုပ်မှ သိရသည်။

Catch Certificate လျှောက်ထားရာတွင် ငါးသယ်ရေယာဉ်များအနေဖြင့် ငါးသယ်ရေယာဉ်ဂရန်၊ ငါးသယ်ရေယာဉ်လိုင်စင်၊ ပို့ကုန်ကြေညာလွှာ၊ ကုန်ပစ္စည်းစာရင်း၊ ကုန်လွှဲပြောင်းမှုမှတ်တမ်း၊ ကုမ္ပဏီ၏ ကတိဝန်ခံချက်၊ ငါးသယ်ရေယာဉ်ကြိုတင်ကြေညာလွှာနှင့် ပင်လယ်ပြင်ထွက်ခွာခွင့် အမိန့်ပါရှိရမည်ဖြစ်ပြီး တင်ပို့မည့် ငါးအမျိုးအစားနှင့် ရေထွက်ထုတ်ကုန်ပမာဏအလိုက် သတ်မှတ်အခွန်ကို ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

တရားဝင်ငါးဖမ်းဆီးခြင်းအသိအမှတ်ပြုလက်မှတ်(CC)များကို လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် One Stop Services (OSS) ရုံးများတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ဒေသအလိုက် တရားဝင်ငါးဖမ်းရေယာဉ်နှင့် ငါးသယ်ရေယာဉ်များအား လှိုင်းကာအမှတ်အသားများဖြင့် ခွဲခြားသိမြင်နိုင်ပြီး ရခိုင်ပြည်နယ်တွင် လှိုင်းကာအမှတ်အသားမှာ အဝါလိုင်း၊ မွန်ပြည်နယ်နှင့်ရန်ကုန်တိုင်းဒေသကြီးတို့တွင် မီးခိုးလိုင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် အနီလိုင်းဟု သတ်မှတ်ထားပြီး အဖြူလိုင်းပါရေယာဉ်မှာ ငါးသယ်ရေယာဉ်များဖြစ်ကြသည်။ ရေယာဉ်များ၏ ကုန်တန်ချိန်များမှာ (၆၀၊ ၈၀၊ ၁၀၀) ကျော် တင်ဆောင်နိုင်သည့် ရေယာဉ်များပါဝင်သည်။

တစ်ဖက်ထိုင်းနိုင်ငံသို့ သယ်ယူတင်ပို့ရောင်းချလျက်ရှိသော ငါးသယ်ရေယာဉ်များအား Catch Certificate(CC)များကို ထုတ်ပေးနေမှုနှင့်ပတ်သက်၍ သတ်မှတ်စည်းကမ်းများကို သက်ဆိုင်သူများအား အသိပညာပေးဟောပြောခြင်းကို စက်တင်ဘာ ၂ ရက်က မြိတ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် တွေ့ဆုံရှင်းလင်းခဲ့ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်ရုံးအမှတ် (၄၃)အစည်းအဝေးခန်းမ၌ ဝန်ထမ်းမှတ်တမ်းထိန်းသိမ်းခြင်းနှင့် ရုံးစာရေးသားနည်း၊ စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလဒုတိယပတ်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး/ပြည်နယ်များနှင့် ရုံးချုပ်ဌာနခွဲအသီးသီးမှ စီမံခန့်ခွဲရေးလုပ်ငန်းများအား တာဝန်ယူဆောင်ရွက်နေသည့် အရာထမ်း/အမှုထမ်း ၇၅ ဦး တက်ရောက်ကြပြီးအလုပ်ရုံဆွေးနွေးပွဲကို လေးရက်ကြာကျင်းပခဲ့ကြောင်း သိရသည်။ (၀၁၄)

# အမေရိကန်သမ္မတဖြစ်ရန် စကားစစ်ထိုးပွဲ၌အကြမ်းဖက်တိုက်ဖျက်ရေးမူဝါဒ အရေးကြီးသော အကြောင်းအရာဖြစ်လာ

**ဝါရှင်တန် စက်တင်ဘာ ၂၀**

နယူးယောက်နှင့်နယူးဂျာစီတွင် လွန်ခဲ့သော ရက်သတ္တပတ်ကဗုံးများ ပေါက်ကွဲပြီးနောက် အကြမ်းဖက်ဆန့်ကျင်ရေး လှုပ်ရှားဆောင်ရွက်မှုများသည် အမေရိကန်သမ္မတ ရွေးကောက်ပြိုင်ပွဲအတွက် အရေးကြီးသော ကိစ္စရပ်တစ်ခုဖြစ်လာကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။



ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီကလင်တန်က အကြမ်းဖက်မှုများကို ဆန့်ကျင်တိုက်ခိုက်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဟောင်း အတွေ့အကြုံများကို အသုံးချမည်ဖြစ်ကြောင်း ပြောကြားခဲ့သလို ရီပက်ဘလစ်ကန် သမ္မတလောင်း ဒေါ်နယ်ထရန့်ကလည်း လူဝင်မှုကြီးကြပ်ရေးကို စိစစ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကလင်တန်က ၎င်းသည် စစ်မြေပြင်၌ အကြမ်းဖက်မှုများကို တိုက်ဖျက်ရာတွင် ခက်ခဲသောဆုံးဖြတ်ချက်များ ချမှတ်ရာ၌ အတွေ့အကြုံရှိသူဖြစ်ကြောင်း စက်တင်ဘာ ၁၉ ရက်က သတင်းထောက်များကို ပြောကြားခဲ့သည်။

အကြမ်းဖက်မှုများကို ကိုင်တွယ်ရန်အတွက်ထိရောက်သောအစီအစဉ်တစ်ခုလည်းရှိကြောင်း ကလင်တန်က ပြောကြားခဲ့သော်လည်း ထရန့်ထံမှ အကြမ်းဖက်တိုက်ဖျက်မှုနှင့် ပတ်သက်ပြီးမည်သည့်အစီအစဉ်မှ ချပြခြင်းမရှိသေးချေ။

အိုဘားမား - ကလင်တန်အယူဝါဒများက အကြမ်းဖက်မှုများကို ကိုင်တွင်ရာတွင် ပျော့ပြောင်းသလိုဖြစ်နေကြောင်း၊ အကယ်၍ ၎င်းသာသမ္မတဖြစ်ပါက အကြမ်းဖက်မှုများကို တုံ့ပြန်ရာ၌ ပျော့ပြောင်းသည့် မူဝါဒများကိုလုံးဝသည်းခံမည်မဟုတ်ကြောင်း ထရန့်က ပြောကြားခဲ့သည်။

အကြမ်းဖက်တိုက်ဖျက်ရေးကိစ္စရပ်မှာ လာမည့်စက်တင်ဘာ ၂၆ ရက်တွင် ကျင်းပမည့် စကားစစ်ထိုးပွဲအတွက်အမေရိကန်သမ္မတလောင်းနှစ်ဦးကြား အပြိုင်အဆိုင်အနိုင်ကြဲရမည့် အကြောင်းအရာဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

# လက်စဘိုရှိ ဒုက္ခသည်စခန်း၌ မီးလောင်မှုကြောင့် လူပေါင်း ၄၀၀၀ ကယ်ဆယ်ခဲ့ရ



**အေသင် စက်တင်ဘာ ၂၀**

ဂရိနိုင်ငံ လက်စဘိုကျွန်းပေါ်ရှိ မော်ရီယာစခန်း၌ မီးအကြီးအကျယ်လောင်ကျွမ်းပြီး ရွက်ဖျင်တဲများနှင့် တည်ဆောက်ဆဲနေအိမ်များ မီးလောင်ပျက်စီးခဲ့ပြီးနောက် အဆိုပါကျွန်းပေါ်ရှိ ရွှေ့ပြောင်း ဒုက္ခသည် ၄၀၀၀ ကျော်ကို ကယ်ဆယ်မှုများပြုလုပ်ခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း သိရသည်။

ရွှေ့ပြောင်းသွားလာသူအချို့မှာ ယခုအခါ စခန်းသို့ ပြန်ခွင့်ပြုလိုက်ပြီဖြစ်သည်။ ရဲများက မီးလောင်ရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ အကူအညီပေးရေးလုပ်သားအဖွဲ့က အစားအသောက်ခွဲဝေရာမှ အငြင်းပွားမှုဖြစ်ပြီးနောက် မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကုလသမဂ္ဂအဆိုအရ လတ်တလောတွင် လက်စဘို၌ ဒုက္ခသည် ၅၆၀၀ ရှိနေကြောင်း သိရသည်။

သို့သော်ကျွန်းပေါ်၌ လူပေါင်း ၃၆၀၀ ကိုသာ လက်ခံနိုင်စွမ်းရှိကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုကြောင့် စခန်း၏ ၃၀ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့သည်ဟု ဆွစ်ပရဟိတအသင်း (SAO) မှ ကူညီကယ်ဆယ်ရေးလုပ်သား အဲရစ်ဗလာရှိုပိုလိုက ပြောပြခဲ့သည်။ ဒုက္ခသည်အများစုမှာ ယခုအချိန်ထိ စခန်းအပြင်ဘက်လမ်းများပေါ်၌ အိပ်စက်နေရသေးကြောင်း ၎င်းက ထပ်မံပြောခဲ့သည်။ **(ဘီဘီစီ)**

# ဂျပန်နိုင်ငံသို့အင်အားပြင်းမုန်တိုင်းဝင်ရောက်

**တိုကျို စက်တင်ဘာ ၂၀**

ဂျပန်ပစိဖိတ်ကမ်းရိုးတန်းသို့ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဝင်ရောက်သည့်အတွက် လူထောင်ပေါင်းများစွာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ မိုးလေဝသဆိုင်ရာအာဏာပိုင်များက ရေကြီး၊ မြေပြိုသတိပေးမှုများကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းမာလာကာသည် ဝါကာရာမစီရင်စုသို့ အင်္ဂါနေ့ နံနက်ပိုင်းက ဝင်ရောက်ခဲ့သည်။ မုန်တိုင်းကြောင့် ဂျပန်နိုင်ငံအနောက်ပိုင်းနှင့် တောင်ပိုင်းတွင် လူပေါင်း ၆၀၀၀၀၀ ကျော် ဘေးလွတ်ရာသို့ပြောင်းရွှေ့ရန် အကြံပြုထားသည်။ မုန်တိုင်းကြောင့် တစ်နိုင်ငံလုံး၌ လူရှစ်ဦးဒဏ်ရာရရှိခဲ့ပြီး ပြည်တွင်းလေကြောင်း ၁၃၀ ကျော် ဖျက်သိမ်းခဲ့ရသည်။

ဖိုဘီအိုကာမြို့ သက်ကြီးစောင့်ရှောက်ရေးဂေဟာတစ်ခုလည်း အနီးရှိ မြစ်ရေတက်မှုကြောင့် နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။ ယင်းအဆောက်အအုံတွင် အသက်ကြီးသူ ၇၀ ခန့် နေထိုင်ကြောင်း သိရသည်။ သို့သော်လည်း ဒဏ်ရာရရှိသူတစ်ဦးမျှမရှိကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ကမ္ဘာ့အကြီးဆုံးငါးမျှားချိတ်ကို ဂျပန်နိုင်ငံအိုကီနာဝါကျွန်းပေါ်၌တွေ့ရှိ



**တိုကျို စက်တင်ဘာ ၂၀**

ရှေးဟောင်းသုတေသနပညာရှင်များသည် ကမ္ဘာ့အကြီးဆုံးငါးမျှားချိတ်နှစ်ခုကို ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းပေါ်ရှိ ဂူတစ်ခုအတွင်း၌ တွေ့ရှိခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၃၀၀၀ ခန့်ကဟု ခန့်မှန်းထားသည့်အဆိုပါ ငါးမျှားချိတ်နှစ်ခုသည် ပင်လယ်ခရုကမာခွံများဖြင့် ဖြတ်တောက်ပြုလုပ်ထားခြင်းဖြစ်ပြီး အခြားသောရှေးဟောင်းပစ္စည်းများနှင့်အတူ တွေ့ရှိရခြင်းဖြစ်ကြောင်း စာတမ်းပြုရေးသားထားသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၃၀၀၀၀ အကြာက အဆိုပါကျွန်းပေါ်၌ ကျင်လည်ကျက်စားခဲ့ကြသည့် လူသားများသည် သယံဇာတရင်းမြစ်များ ရှားပါးသည့်ကြားမှ အသက်ရှင်သန်ခဲ့သေးသည်ဟု တွေးဆနိုင်ဖွယ်ရှိကြောင်း တွေ့ရသည်။

ရှာဖွေတွေ့ရှိမှုမှတ်တမ်းအရ အဆိုပါခေတ်ကာလ၌ အဏ္ဏဝါနည်းပညာများကို ထင်ထားသည်ထက် ကျယ်ကျယ်ပြန့်ပြန့် တီထွင်ကြံဆအသုံးပြုခဲ့သည်ဟု ယူဆခဲ့ကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀၀ အကြာက ခေတ်သစ်လူသားများသည် ကမ်းလွန်ကျွန်းများဆီသို့ ပထမဆုံးရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ဂူအတွင်း၌ ငါးမျှားချိတ်နှစ်ခုနှင့်အတူ ကိရိယာတန်ဆာပလာများ၊ ပုတီးစေ့များနှင့် အစားအသောက်ရုပ်ကြွင်းများ တွေ့ရှိခဲ့ကြောင်း သိရသည်။

**(ဘီဘီစီ)**

# ကုလသမဂ္ဂအကူအညီပေးရေးယာဉ်တန်းအားလေကြောင်းတိုက်ခိုက်မှုပြုလုပ်

**အလက်ပို စက်တင်ဘာ ၂၀**

စက်တင်ဘာ ၁၉ ရက်က ဆီးရီးယား သို့မဟုတ် ရုရှားလေယာဉ်များက အလက်ပိုအနီးရှိ အကူအညီပေးရေးယာဉ်တန်းအား တိုက်ခိုက်ခဲ့ရာ လူ ၁၂ ဦးသေဆုံးခဲ့ကြောင်း စစ်စောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့က ပြောခဲ့သည်။

အမေရိကန်ပြည်ထောင်စုက ယာဉ်တန်းတိုက်ခိုက်ခံရခြင်းကို အတည်ပြုခဲ့သော်လည်း တိုက်ခိုက်မှုကို မည်သူကပြုလုပ်ခဲ့သည်။ လူမည်မျှသေဆုံးခဲ့သည်ဆိုသည့် အသေးစိတ်အချက်အလက်များကို မဖော်ပြခဲ့ပေ။

ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ယာဉ်တန်းတိုက်ခိုက်ခြင်းကို ဆီးရီးယား သို့မဟုတ် ရုရှားလေယာဉ်များက ပြုလုပ်ခြင်းဖြစ်နိုင်ကြောင်း ငြိမ်းချမ်းရေးကာလပြီးဆုံးပြီးကတည်းက အလက်ပိုအနီးတစ်ဝိုက်တွင် တိုက်ခိုက်မှုပေါင်း ၃၅ ခု ပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

သေဆုံးမှုနှုန်းမှာ မြင့်တက်လျက်ရှိကြောင်း လူသားချင်းဆိုင်ရာအကူအညီပေးရေး အဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့သည်။ ဆီးရီးယားရှိ အာရပ်ကြက်ခြေနီတပ်ဖွဲ့မှ စေတနာရှင်လုပ်မှုဝန်ထမ်း ၁၄ ဦးသေဆုံးခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့မှ အတွင်းရေးမှူးချုပ် အယ်လ်ဟက်ဂ်ျအက်စ်ဆိုင်က ကုလသမဂ္ဂစည်းဝေးပွဲတွင် ပြောကြားခဲ့သည်။




ကုလသမဂ္ဂနှင့် ဆီးရီးယားအာရပ် ကြက်ခြေနီတပ်ဖွဲ့ယာဉ်တန်းတွင် ယာဉ် ၃၁ စီးရှိရာ ၁၈ စီးမှာ တိုက်ခိုက်ခံခဲ့ရကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က ပြောကြားခဲ့သည်။

အဆိုပါ ယာဉ်တန်းမှာ သွားလာရမလွယ်ကူသော အလက်ပိုဒေသရှိ "Urm-al-Kubra" မြို့ရှိ ပြည်သူ ၇၈၀၀၀ အား ကူညီရေးပစ္စည်းများထောက်ပံ့ရန်အတွက်ဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

**အီး**ယူ(ဥရောပသမဂ္ဂ)ရဲ့လက်ရှိအခြေအနေဟာ အကျပ်အတည်းနဲ့ရင်ဆိုင်နေရတယ်လို့ ဂျာမနီဝန်ကြီးချုပ်အိန်ဂျလာမာကယ်ကပြောခဲ့ပါတယ်။ အီးယူအဖွဲ့ဝင်နိုင်ငံတွေဟာအဖွဲ့အစည်းအတွင်းကနေဗြိတိန်ထွက်ခွာသွားပြီးတဲ့နောက် ယုံကြည်မှုတွေပြန်တည်ဆောက်ဖို့ နည်းလမ်းတွေကိုဆွေးနွေးခဲ့ကြပါတယ်။

# စုစည်းညီညွတ်မှုနဲ့ ယုံကြည်မှုတွေ တည်ဆောက်ဖို့ လိုအပ်လာတဲ့ ဥရောပသမဂ္ဂအဖွဲ့ကြီး

**ချူးစန္ဒီနွေး • • • • • • •**



အဲဒီဆွေးနွေးပွဲကိုတော့ ဆလိုဗက်ကီးယားမှာ ကျင်းပခဲ့တာပါ။ အခုဆိုရင်အဖွဲ့ဝင်နိုင်ငံတွေဟာ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေနဲ့ စီးပွားရေးဆိုင်ရာကိစ္စရပ်တွေမှာတိုးတက်အောင် ဆောင်ရွက်နိုင်တယ်ဆိုတာပြသဖို့ အချိန်ရောက်ပြီ။ ဒါပေမယ့်လည်း အီးယူအဖွဲ့ဝင် နိုင်ငံတွေကတော့ ဒုက္ခသည်များ ဝင်ရောက်လာမှုအပေါ်မှာပဲကွဲပြားနေကြတယ်လို့ အိန်ဂျလာမာကယ်က ပြောခဲ့ပါတယ်။ ဆလိုဗက်ကီးယားမှာ ပြုလုပ်ခဲ့တဲ့အစည်းအဝေးမှာတော့ ဗြိတိန်ပါဝင်ခဲ့ခြင်း မရှိသလို ဗြိတိန်ခွဲထွက်သွားတဲ့ကိစ္စနဲ့ပတ်သက်ပြီးလည်းဆွေးနွေးမှုတွေ လုပ်မှာ မဟုတ်ပါဘူး။ အိန်ဂျလာမာကယ်ကတော့ အစည်းအဝေးကိုရောက်ရောက်ချင်းမှာပဲ“အီးယူဟာ အခက်ကြုံနေပြီ။ ဥရောပအတွက် အဖြေရှာဖို့ အချိန်ရောက်ပြီ”လို့ပြောခဲ့တယ်။ “ဥရောပရဲ့ ပြဿနာအားလုံးကို အစည်းအဝေးတစ်ခုတည်းနဲ့ ဆုံးဖြတ်ဖြေရှင်းလို့မရနိုင်ဘူး။ တို့တွေ လုပ်နိုင်တဲ့အရာတွေကတော့ နယ်မြေလုံခြုံရေးနဲ့ အကြမ်းဖက်မှုကို ဆန့်ကျင်တိုက်ဖျက်တဲ့အခါ ပိုပြီး ကောင်းလာအောင်လုပ်နိုင်တယ်ဆိုတာ ပြဖို့ပါပဲလို့သူက ဆက်ပြောတယ်။ ဒီအစည်းအဝေးရဲ့ဆွေးနွေးပွဲအစီအစဉ်တွေထဲမှာဗြိတိန်ခွဲထွက်တဲ့အကြောင်း ဆွေးနွေးဖို့ မပါဝင်သလို ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေကလည်း အစည်းအဝေးကို မတက်ခဲ့ပါဘူး။ ဒါကြောင့် စွပ်စွဲကြတာမျိုးမဟုတ်ဘူး” လို့ ရှင်းပြခဲ့ပါတယ်။ “အီးယူက ချက်ချင်းဖြေရှင်းပေးလို့ မရတဲ့ ပြဿနာတွေ၊ တင်းမာမှုတွေ အများကြီးပါပဲ။ ဒီအစည်းအဝေးမှာ ချမှတ်တဲ့ လမ်းပြမြေပုံဟာ နောက်လာမယ့် ခြောက်လအတွက် လမ်းညွှန်မှု အသစ်တွေချမှတ်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်”လို့သူကဆက်ပြောပါတယ်။ အစည်းအဝေးရဲ့ပထမနေ့မှာတော့ ယုံကြည်မှုတွေ ဦးစွာတည်ဆောက်ဖို့ဆွေးနွေးခဲ့ကြတယ်။ ပြီးတော့ အီးယူအတွက်လမ်းပြ မြေပုံအသစ်ကို ရေးဆွဲဖို့ဆုံးဖြတ်ကြတယ်။ မတ်လအတွင်းမှာတော့ နောက်ထပ် ထိပ်သီးအစည်းအဝေးကို ပြုလုပ်သွားဖို့ရှိပါတယ်။ တစ်ဆက်တည်းမှာပဲ အီးယူအဖွဲ့အတွင်း ရောမဝင်ရောက်ခြင်းနှစ် (၆၀) ပြည့်အခမ်းအနားကိုကျင်းပဖို့လည်းရှိပါတယ်။ ဇွန်လအတွင်းအီးယူကနေ ဗြိတိန်ခွဲခွာသွားတဲ့ နောက်ပိုင်းအဖွဲ့ဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံဟာ စည်းလုံးညီညွတ်မှုရှိတယ်ဆိုတာကို လူထုကိုချပြနိုင်ဖို့ ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်က မျှော်လင့်နေပါတယ်။ အခုဆိုရင်အီးယူအတွင်းမှာ ဒုက္ခသည် ဝင်ရောက်မှုပြဿနာတွေ၊ ယူရိုငွေကြေးကိစ္စတွေနဲ့ပတ်သက်ပြီး ရှင်းလင်းရမယ့်အခြေအနေ တွေအများကြီးရှိနေပါတယ်။ မစ္စတာတက်စ်ကတော့ အီးယူအတွင်း တည်ငြိမ်မှုနဲ့ ဂုဏ်သိက္ခာ အဆင့်အတန်း ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့ပဲ မျှော်လင့်ထားပါတယ်။ ဒါပေမယ့်လည်း ဥရောပ ခေါင်းဆောင်တွေ အချင်းချင်းဟာ ညီညွတ်မှုတွေ နည်းပါးနေပါတယ်။



ဒီအစည်းအဝေးဟာဗြိတိန်နုတ်ထွက်သွားခြင်းကိုပိုပြီးတော့ သိသာထင်ရှားလာစေပါတယ်။ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းကတော့ “ကျွန်တော်တို့ဟာပြိုကွဲသွားမယ့်လမ်းစဉ်ကို ပဲဦးတည်နေမှာလား။ ဒါမှမဟုတ်ဥရောပရဲ့ အရေးကိစ္စတွေနဲ့ အရှိန်အဟုန်အပြည့်နဲ့ဆက်လက်လှုပ်ရှားမှာလား”လို့ ပြောခဲ့ပါတယ်။ ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်နဲ့ နီးစပ်တဲ့အရာရှိကတော့“အစည်းအဝေးရဲ့ပထမပိုင်းမှာ ရိုးရိုးသားသားနဲ့ ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးခဲ့ကြတယ်။ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ပုတ်ခတ်တာမျိုးတွေမရှိဘူး။ အပြန်အလှန် သူတို့ရဲ့မဲဆန္ဒရှင်တွေဟာ သံသယတွေ ဝင်လာကြပါတယ်။

ဥရောပအရှေ့ပိုင်းနဲ့အလယ်ပိုင်းနိုင်ငံတွေကတော့ ဗဟိုချုပ်ကိုင်မှုကနေ ရုန်းထွက်ပြီး အာဏာပြန်လိုချင်နေကြပါတယ်။ ဥရောပမြောက်ပိုင်းနိုင်ငံတွေကတော့ တောင်ဘက်ပိုင်း နိုင်ငံတွေက အီးယူကို ဝန်ထုပ်ဝန်ပိုးပေးတဲ့နိုင်ငံတွေလို့ ရှုမြင်ကြတယ်။ မြေထဲပင်လယ်ဒေသက နိုင်ငံတွေကတော့ ဂျာမနီနိုင်ငံရဲ့လုပ်ဆောင်ချက်တွေကို စိတ်ပျက်ကြတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံအယူအဆ ထင်မြင်ချက်အမျိုးမျိုးနဲ့ ကွဲပြားနေကြတယ်။ ဒါကြောင့် စက်တင်ဘာ ၁၆ ရက်မှာတော့ မဲဆန္ဒရှင်တွေ စိုးရိမ်ပူပန်နေကြတဲ့ ဒုက္ခသည်နဲ့ ရွှေ့ပြောင်းအခြေချသူ အရေးကိစ္စ၊ လုံခြုံရေးကိစ္စ၊ ကမ္ဘာ့လုံးဆိုင်ရာ ကိစ္စရပ်တွေမှာ ဆွေးနွေးညှိနှိုင်းအဖြေရှာဖို့ တိုင်ပင်ခဲ့ကြတယ်။ နောက်ရက်တွေမှာတော့ အနာဂတ်မှာ ဗြိတိန်နဲ့ဘယ်လိုဆက်ပြီးကုန်သွယ်မှုတွေ ပြုလုပ်မလဲဆိုတာရယ်၊ တစ်ခုတည်းသောငွေကြေး ယူရိုငွေကိုဘယ်လိုဆက်ပြီး ထိန်းသိမ်းမလဲဆိုတာ ဆွေးနွေးဖို့ရှိပါတယ်။ ဥရောပကောင်စီဥက္ကဋ္ဌကတော့ အီးယူအဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်တွေကို တောင်းဆိုထားတာ တစ်ခုရှိပါတယ်။ အဲဒါကတော့ ဗြိတိန်နုတ်ထွက်သွားတဲ့အပေါ် သင်ခန်းစာယူကြဖို့ သူတို့ရဲ့ပြည်သူတွေကို တိုက်တွန်းပြောဆိုဖို့ပဲဖြစ်ပါတယ်။ ဒါ့အပြင် လုံခြုံစိတ်ချရမှုနဲ့တည်ငြိမ်မှု ပြန်လည်တည်ဆောက်ဖို့လည်း လိုအပ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံများဆွေးနွေးမှုတွေ ပြုလုပ်ကြတဲ့အခါ ရွှေ့ပြောင်းအခြေချ နေထိုင်သူနဲ့ဒုက္ခသည် အရေးကိစ္စဟာ သဘောထားကွဲလွဲမှုတွေ အများကြီးပေါ် ပေါက်စေနိုင်လို့ ဂရုတစိုက်ဆွေးနွေးရတဲ့ကိစ္စဖြစ်ပါတယ်။ ဒီအစည်းအဝေးကြီး ဖြစ်မြောက်အောင် အိမ်ရှင်အဖြစ်လက်ခံ ကျင်းပပေးတဲ့ ဆလိုဗက် ကီးယား ဝန်ကြီးချုပ် ရောဘတ်ဖီကိုဟာဆိုရင်လည်း ဥရောပအလယ်ပိုင်းနဲ့ အရှေ့ပိုင်းနိုင်ငံများအုပ်စုရဲ့ ခေါင်းဆောင်တစ်ဦးလည်းဖြစ်ပါတယ်။ သူဟာဆိုရင် အီးယူအဖွဲ့ဝင်နိုင်ငံများခွဲတမ်းအဖြစ် လက်ခံထားရမယ့် ဒုက္ခသည်အရေအတွက် ၁၆၀၀၀၀ ကို ကန့်ကွက်ဆန့်ကျင်တဲ့ သူလည်းဖြစ်ပါတယ်။ ဆလိုဗက်ဝန်ကြီးချုပ်ကတော့ သူတို့နိုင်ငံဟာ မွတ်ဆလင် ရွှေ့ပြောင်းနေထိုင်သူ တစ်ဦးတစ်ယောက်ကိုမျှ လက်ခံမှာ မဟုတ်ဘူးလို့ ပြောဆိုခဲ့ဖူးသူပါ။ ဥရောပကို ဝင်လာတဲ့ ဒုက္ခသည်အရေအတွက်ကို ခွဲဝေပြီးတော့ သူ့နိုင်ငံအတွင်းမှာ လက်ခံမထားနိုင်ဘူးလို့လည်း အတိအလင်းပြောခဲ့တာပါ။ လူဇင်ဘတ်နိုင်ငံခြားရေးဝန်ကြီး ဂျင်းန်အက်စဘွန်းက ဟန်ဂေရီကို အီးယူအဖွဲ့အတွင်းမှ ထုတ်ပစ်ဖို့ ဒါမှမဟုတ်အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းထားဖို့ တောင်းဆိုခဲ့ပါတယ်။ ဟန်ဂေရီဟာ အီးယူကချမှတ် ထားတဲ့ အခြေခံစံနှုန်း သတ်မှတ်ချက်တွေကို ဖောက်ဖျက်တယ်။ အထူးသဖြင့်တော့ ဒုက္ခသည်တွေနဲ့ ပတ်သက်ပြီး အစိုးရရဲ့ လုပ်ဆောင်ချက်တွေဟာ မမှန်မကန်ဘူးလို့ စွပ်စွဲခဲ့ပါတယ်။ ပြင်သစ်နိုင်ငံအတွက်တော့ လက်ရှိအရေးအကြီးဆုံး အရာဟာနယ်စပ်လုံခြုံရေးပဲဖြစ်ပါတယ်။ ဘာလို့လဲဆိုရင် တိုင်းပြည်အတွင်းမှာ အစွန်းရောက်တွေရဲ့ အကြမ်းဖက်တိုက်ခိုက်မှုကို မကြာခဏခံနေရလို့ပါပဲ။ ပြင်သစ်နဲ့ဂျာမနီတို့ဟာ ဥရောပစစ်ရေးပူးပေါင်းဆောင်ရွက်မှုတွေအတွက် အစီအစဉ် အကြမ်း ရေးဆွဲကြတယ်။

အီးယူအဖွဲ့ကြီးအတွင်းကနေ ဗြိတိန်နုတ်ထွက်သွားခြင်းဟာ နေတိုးအဖွဲ့နဲ့ယှဉ်နိုင်တဲ့ ဥရောပကာကွယ်ရေးမှာ ကြီးမားတဲ့ အဟန့်အတားတစ်ခုကို ဖယ်ရှားလိုက်နိုင်တာပါပဲ။ အီးယူအဖွဲ့ကြီး ဆက်လက်ရပ်တည်နိုင်ဖို့ကတော့ အဖွဲ့ဝင်နိုင်ငံအချင်းချင်း စည်းလုံးမှုမပြိုကွဲဖို့ အယူအဆတွေ ဆက်လက်မကွဲပြားဖို့ဘဲ လိုအပ်ပါတယ်။

**ကိုးကား-ဘီဘီစီ၊** (၁၆-၉-၂၀၁၆)

**ဥရောပအရှေ့ပိုင်းနဲ့အလယ်ပိုင်းနိုင်ငံတွေကတော့ ဗဟိုချုပ်ကိုင်မှုကနေ ရုန်းထွက်ပြီး အာဏာ ပြန်လိုချင်နေကြပါတယ်။ ဥရောပမြောက်ပိုင်းနိုင်ငံတွေကတော့ တောင်ဘက်ပိုင်း နိုင်ငံတွေက အီးယူကို ဝန်ထုပ်ဝန်ပိုးပေးတဲ့နိုင်ငံတွေလို့ ရှုမြင်ကြတယ်။ မြေထဲပင်လယ်ဒေသက နိုင်ငံတွေကတော့ ဂျာမနီနိုင်ငံရဲ့လုပ်ဆောင်ချက်တွေကို စိတ်ပျက်ကြတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံအယူအဆ ထင်မြင်ချက်အမျိုးမျိုးနဲ့ ကွဲပြားနေ . . .**

# အင်္ဂလန်၌ ဆေးလိပ်သောက်သုံးမှုနှုန်းအနိမ့်ဆုံးထိလျော့ကျ



**လန်ဒန် စက်တင်ဘာ ၂၀**

အင်္ဂလန်၌ဆေးလိပ်သောက်သုံးမှုနှုန်းသည် အနိမ့်ဆုံးအခြေအနေအထိလျော့ကျမှတ်တမ်း ဝင်သွားကြောင်း အင်္ဂလန်ပြည်သူ့ကျန်းမာရေးအဖွဲ့(PHE)က ပြောကြားခဲ့သည်။

၂၀၁၂ က ဆေးလိပ်သောက်သုံးမှုနှုန်း ၁၉ ဒသမ ၃ ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်လျှင် ၂၀၁၅ ခုနှစ်တွင် ၁၆ ဒသမ ၉ ရာခိုင်နှုန်းထိလျော့ကျလာပြီးအဆိုပါ ၁၆ ဒသမ ၉ ရာခိုင်နှုန်းသော ဆယ်ကျော်သက်များက ၎င်းတို့ကိုယ်တိုင်ဆေးလိပ်သောက်သုံးသူများဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။

ထိုသို့စီးကရက်သောက်သုံးမှုလျော့ကျသွားခြင်းသည်အီးစီးကရက်ပေါ်ထွက်လာခြင်း၏ အကျိုးကျေးဇူးကြောင့်ဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ဆေးလိပ်ဖြတ်ရန်ကြိုးစားသူ ၂ ဒသမ ၅ သန်းရှိသည့်အနက် ငါးပုံတစ်ပုံမှာအောင်မြင်ခဲ့ကြောင်း သိရသည်။ လူတစ်သန်းကျော်မှာဆေးလိပ်ဖြတ်ရန် အီးစီးကရက်သောက်သုံးမှု ပြုလုပ်နေပြီးခုနစ်သိန်းကျော်မှာ ခွင့်ပြုမိန့်ရရှိထားသည့်နီကိုတင်းအစားထိုးထုတ်ကုန်များကို အသုံးပြုခဲ့ကြောင်း သိရသည်။ **(ဘီဘီစီ)**

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ငွေလှူ

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးခန်း၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အလှူငွေပေးအပ်ပွဲကျင်းပရာ ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ကမ္ဘောဇအုပ်စု ကုမ္ပဏီလီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်က အလှူငွေကျပ်သိန်း ၁၀၀၀၊ IGE ကုမ္ပဏီဥက္ကဋ္ဌ ဦးသန်းဝင်းဆွေက အလှူငွေကျပ်သိန်း ၁၀၀၀ တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ လည်းကောင်း၊ ကျန်အလှူရှင်များက လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ ယနေ့လှူဒါန်းသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် သိန်း ၃၆၆၀၈၄၅၀၀ ဖြစ်သည်။

**သဲနိုင်ဦး(မြန်မာစာ)**



# ဖုန်းတာဝါတိုင်မှထွက်သောဆူညံသံများ ရပ်ဆိုင်းပေးရန် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်

**ညောင်လေးပင် စက်တင်ဘာ ၂၀**

ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာအုပ်စု ဆုံကွဲကျေးရွာတွင် အပိုလိုကုမ္ပဏီမှ ထူထောင်ထားသည့် ဆက်သွယ်ရေးတာဝါတိုင်မှ စက်သံများကြောင့် ဒေသခံပြည်သူများ ပညာရေး၊ ကျန်းမာရေးအနှောင့်အယှက်ဖြစ်ပေါ်နေသဖြင့် အမြန်ဆုံး ရပ်ဆိုင်းပေးရန် သက်ဆိုင်ရာဌာနများမှ ခွင့်ပြုချက်ရယူ၍ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆန္ဒဖော်ထုတ်ရာတွင် ဦးကြည်လွင်၊ ဦးအေးကြွယ်တို့က ဦးဆောင်၍ အင်အား ၃၀ ကျော်ရှိသော ဆန္ဒဖော်ထုတ်သူများသည် နံနက် ၁၀ နာရီက ညောင်လေးပင်မြို့၊ မြို့မ(၁)ရပ်ကွက် ကန်တော်ဦးတံတားထိပ်မှစတင်၍ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့အထိ လမ်းလျှောက်ကာ ကြွေးကြော်သံများဖြင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဆန္ဒဖော်ထုတ်သူများသည် ဖုန်းတာဝါတိုင်မှထွက်သော ဆူညံသံများ ရပ်ဆိုင်းပေးရေး၊ ကျောင်းသား ကျောင်းသူများ စာကျက်မရသော တာဝါတိုင်မှ ဆူညံသံများ ရပ်ဆိုင်းပေးရေး၊ ကျန်းမာရေးထိခိုက်မှုရှိသော တာဝါတိုင်မှဆူညံသံများ ရပ်ဆိုင်းပေးရေး၊ မြို့နယ်အုပ်ချုပ်ရေးရုံးမှ စက်ရပ်ဆိုင်းမိန့်အား လိုက်နာမှုမရှိသော အပိုလိုကုမ္ပဏီအား အရေးယူပေးရေး စသော ကြွေးကြော်သံများဖြင့် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# တရားရုံးတွင် သက်သေခံစစ်ရန် စောင့်ဆိုင်းနေသူအား ဓားဖြင့် ဝင်ထိုးမှုဖြစ်

**ဖြူး စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် တရားရုံးဝင်းအတွင်းရှိ ရုံးဝရန်တာရှေ့တွင် သက်သေအစစ်ခံရန် လူအများနှင့် စောင့်ဆိုင်းနေသူတစ်ဦးအား အမည်မသိ လူတစ်ဦးက သုံးမြှောင့်ချွန် စကေပါဖြင့်ထိုး၍ ထွက်ပြေးသွားမှု တစ်ခု စက်တင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ က ဖြစ်ပွားခဲ့သည်။

ဖြူးမြို့နယ် တရားရုံးဝင်းအတွင်း၌ ဦးဝင်းနိုင်(၄၉နှစ်) Asia မော်တော်ယာဉ် အသင်းဥက္ကဋ္ဌ ပါရမီရိပ်သာ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူသည် ဖြူးမြို့နယ်တရားရုံး ရာကြီးအမှတ်-၂၈၈/၂၀၁၅ ရာဇသတ်ကြီး ဥပဒေပုဒ်မ-၄၂၀ အမှုအား မြို့နယ်တရားသူကြီး ဒေါ်နွဲ့နွဲ့ဝင်း၏ တရားခွင်၌ သက်သေအစစ်ခံရန် ရုံးအောက်ထပ် ဝရန်တာရှေ့၌ လူအများနှင့် စောင့်ဆိုင်းနေစဉ် အသက် ၂၀ ဝန်းကျင်ခန့် လူငယ်တစ်ဦး(စုံစမ်းဆဲ)က ချွန်ထက်သောအရာတစ်ခုနှင့် ထိုး၍ တရားရုံးအပြင်သို့ ထွက်ပြေးပြီး အသင့်စက်နှိုးထားသော ဆိုင်ကယ်ပေါ်သို့ တက်ခွစဉ် အနီးရှိ ဦးဆန်နီ (၅၇ နှစ်) Asia မော်တော်ယာဉ်ဝန်ထမ်းက ထိုးပြီး ထွက်ပြေးရန်ကြံစည်သူအား ဝင်ရောက်ဖမ်းဆီးရာ အရိုးအသွား ၁၀ လက်မခွဲ ရှိ သုံးမြှောင့်ချွန် စကေပါ တစ်ချောင်းကျကျန်ခဲ့ပြီး ၎င်းမှာ ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားသည်။

အဆိုပါစကေပါဖြင့် အထိုးခံရခြင်းကြောင့် ဦးဝင်းနိုင်တွင် ဒဏ်ရာရရှိပြီး ဖြူးခုတင် ၁၀၀ ဆေးရုံသို့ ရဲဆေးစာဖြင့် တင်ပို့ခဲ့ပြီး စကေပါဖြင့် ထိုး၍ ထွက်ပြေးသွားသောသူအား ဖြူးမြို့မရဲစခန်းက ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၅၆)**

# မလေးရှားနိုင်ငံမှ မြန်မာအလုပ်သမား ၁၃၈ ဦး MAI လေယာဉ်ဖြင့် ပြန်လည်ခေါ်ယူ

**ရန်ကုန် စက်တင်ဘာ ၂၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ရွှေ့ပြောင်းအလုပ်သမား စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအရ ပြည်ပအလုပ်အကိုင်အတွက် မြန်မာအလုပ်သမား များအား ပြည်ပသို့ စနစ်တကျ စေလွှတ်လျက်ရှိသကဲ့သို့ ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပ၌ ဆောင်ရွက်လျက်ရှိရာ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများမှ နေရပ်ပြန်မည့် အလုပ်သမားများအား ကူညီဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ ၎င်းတို့၏မိသားစုများနှင့် ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းများဆောင်ရွက်ပေးခြင်းတို့ကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများအနက် မြန်မာနိုင်ငံသို့ပြန်ရန် လေယာဉ်စရိတ် မတတ်နိုင်သူ C of I ရရှိပြီးသည့် မြန်မာနိုင်ငံသား ၁၃၈ ဦးအား ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏လှူဒါန်းမှုအရ မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်မှ မြန်မာ အပြည်ပြည်ဆိုင်ရာ လေကြောင်း MAI လေယာဉ်ဖြင့် စက်တင်ဘာ ၂၀ ရက် ည ၉ နာရီက သတ္တမအကြိမ်မြောက် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ နေရပ်ပြန်ပို့ရေး ကော်မတီဝင်များဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါ မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားများအား ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်းက အလုပ်သမားတစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီ ထောက်ပံ့ကူညီပေးခဲ့သည်။ ထို့အပြင် IOM အဖွဲ့က သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် နေရပ်ပြန် ခရီး စရိတ်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် နေရပ်သို့ ချက်ချင်းပြန်နိုင်ခြင်းမရှိသူများကိုလည်း ခေတ္တနေရာချထားပေးခဲ့သည်။

မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများမှ C of I ဖြင့် ပြန်လာသည့် အလုပ်သမားများအား နိုင်ငံတော်အစီအစဉ်ဖြင့် ဩဂုတ် ၈ ရက်မှစ၍ ပြန်လည်ခေါ်ယူလျက်ရှိရာ ပထမအကြိမ်မှ သတ္တမအကြိမ်အထိ စုစုပေါင်း ၉၆၁ ဦး ပြန်လည်ခေါ်ယူပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**
**နေပြည်တော်**
**လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခွင့်လျှောက်လွှာတင်သွင်းရန် ကြေညာချက်(၁/၂၀၁၆)**
**၁၃၇၈ခုနှစ် တော်သလင်းလဆန်း ၁၅ရက်**
**(၂၀၁၆ခုနှစ် စက်တင်ဘာ ၁၆ရက်)**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ၂၀၁၆ခုနှစ်အတွက် ခွင့်ပြုထားသော လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများရောင်းချခြင်းလုပ်ငန်းလိုင်စင်များသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်အသစ်ထပ်မံထုတ်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လျှောက်ထားရမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းရပ်စဲလိုလျှင် ယင်းလုပ်ငန်းမရပ်စဲမီတစ်လ ကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လုပ်ငန်းများဆက်လက်လုပ်ကိုင်ခြင်း မပြုတော့ကြောင်း အကြောင်းကြားရမည်ဖြစ်ပါသည်။

၂။ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများရောင်းချခြင်း၊ လုပ်ငန်းလိုင်စင်များ သက်တမ်းတိုးမြှင့်ခြင်းအတွက် လျှောက်လွှာတင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(မြစ်ကြီးနားမြို့)နှင့် ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေးမြို့)တို့သို့ ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) ၂၀၁၇ခုနှစ်အတွက်လုပ်ငန်းလိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်း။ လိုင်စင်သက်တမ်းတိုးလျှောက်ထားလိုသူများသည် ၂၀၁၆ခုနှစ် အောက်တိုဘာ ၁ရက်မှ ဒီဇင်ဘာ ၃၁ရက် မတိုင်မီကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်မြို့) ကျောက်စိမ်းတူးဖော်ရေးဌာန(မြစ်ကြီးနားမြို့)နှင့် ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေးမြို့)တို့တွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာများ တင်သွင်းရပါမည်။

(ခ) လိုင်စင်သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်း မပြုလိုသူများ

(၁) လုပ်ငန်းမရပ်စဲမီတစ်လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အကြောင်းကြားပြီး သတ်မှတ်ချက်နှင့်အညီ လိုင်စင်များပြန်လည်အပ်နှံကြရန် ဖြစ်ပါသည်။

(၂) လုပ်ငန်းလိုင်စင်နှင့် ထုတ်ယူထားသောအရောင်းပြေစာ စာအုပ်(CASH MEMO)များ စာရင်းရှင်းလင်းအပ်နှံခြင်းများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ရက်မတိုင်မီ လာရောက်ဆက်သွယ်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(မြစ်ကြီးနားမြို့)နှင့် ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေးမြို့)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

**တော(၁၃)၏ နှစ်(၃၀)ပြည့် ပုလဲရတုဖိတ်ကြားလွှာ**

အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃)၏ နှစ်(၃၀)ပြည့် ပုလဲရတု အထိမ်းအမှတ်အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများနှင့် မိသားစုများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

(က) ၂၄-၉-၂၀၁၆ ရက် (စနေနေ့) နံနက် (၀၈း၃၀) နာရီ
"နှင်းဆီကုန်းဘိုးဘွားရိပ်သာ"၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

(ခ) ၁၄-၉-၂၀၁၆ ရက် (စနေနေ့) ညနေ (၁၈း၀၀) နာရီ
"M-3 စားသောက်ဆိုင်"၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**သာရေးနာရေးကော်မတီ**

**အရေးပေါ် ဆက်သွယ်ရန်**
ဝင်းကျော် ဖုန်း-၀၉-၅၁၁၃၈၃၅၊ အောင်တင်ဦး ဖုန်း-၀၉-၂၅၃၀၈၂၆၆၁၊
ထွန်းနိုင် ၀၉-၇၉၉၅၉၈၆၉၉၊ သက်ဦး ဖုန်း-၀၉-၅၁-၂၃၆၃၃

**ကိုကျော်နိုင် CAR RENTAL**
မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD, HIACE (အဲစာတုံး) ကားသစ်ကြီးများဖြင့် ဝန်ဆောင်ပေးပါသည်။ ယဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်သည်။
09 253582510, 09 78 5158803

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကသာမြို့နယ်၊ အင်းရွာကျေးရွာ အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ မမျိုးမျိုးခန့်၏ ဖခင်ဦးမောင်အုန်းနှင့် ဦးအုန်းမောင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ငွေသက္ကရာဇ် အမှန်**
မြင်းခြံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း အခန်း(C)မှ မောင်သန့်ဇင်အောင် ၁၃/နစန(နိုင်)၀၉၇၃၅၉၈၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၂-၂၀၀၀ရက် ဖြစ်ပါကြောင်း။
**ဦးသန့်ဇင်အောင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် DD/8747, Toyota Corolla Fielder NZE 121,S/W(4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းသန္တာလင်း ၁၂/မရက(နိုင်)၀၀၁၃၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးတိုင်းဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာန၊ တိုင်းဒေသကြီးအတွင်း အောက်ဖော်ပြပါဆောက်လုပ်ရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောက်လုပ်သွားမည် ဖြစ်ပါသည်။
(၁) စာသင်ဆောင်+လက်တွေ့ခန်းမ(၂)ထပ်ဆောင်(၁၀၈'×၃၆'×၂၅')
(၁)လုံးRC (ရေ၊ မီး၊ မိလ္လာ၊ Apron and Drain အပါအဝင်)
(၂) **တင်ဒါပုံစံ စတင်ရောင်းမည့်ရက်** - ၂၁-၉-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၆-၁၀-၂၀၁၆ရက်
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၇-၁၀-၂၀၁၆ရက်
**တင်ဒါရွေးချယ်မည့်နေရာ** - တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး စက်မှုလယ်ယာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
(၃)တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန် အတွင်းလာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စက်မှုလယ်ယာဦးစီးဌာန၊**
**မန္တလေးတိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး၊ တံခွန်တိုင်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၂-၇၀၆၇၀၊၀၉-၂၀၀၀၂၂၁**

**မိဘအမည်မှန်**
ကသာမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(G)မှ မောင်ကျော်သူရအောင်၏ မိဘအမည်မှန်မှာ ဦးအုံးငွေ-ဒေါ်မြင့်မြင့်စိန် ဖြစ်ပါကြောင်း။
**ဦးအုံးငွေ-ဒေါ်မြင့်မြင့်စိန်**

**PANDA Engineering Group** Since 1999
* Air-Conအသစ်များ Dealerဈေးနှုန်းအတိုင်း ရောင်းချခြင်း။
* Good Second-Hand Air-Con
Split type 1 h.p အပြီးအစီး -150,000/-
Split type 1.5 h.p အပြီးအစီး -160,000/-
Window type 1 h.p အပြီးအစီး - 80,000/-
Window type 1.5 h.p အပြီးအစီး -100,000/-
* Air-Con, ရေခဲသေတ္တာ၊အဝတ်လျှော်စက်၊အဝတ်အခြောက်ခံစက်၊ ရေပူရေအေးစက်၊ boilerများကို အိမ်တိုင်ရာရောက် နေ့ချင်းပြီး ပြုပြင် တပ်ဆင် ဆေးကြောခြင်းများကို အာမခံဖြင့် ဆောင်ရွက်ပေးသည်။
09 515 8803, 09 732 29024,
09 519 8402, 09 253 833810
အမှတ် ၁၃၀၊ မြေညီ၊ ၉၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

# မိုးညှင်းမြို့၌ သတင်းအရ ရဲဘက်ပြေးတစ်ဦးအား ဝင်ရောက်ဖမ်းဆီးစဉ် ရဲအရာရှိအား ဝိုင်းဝန်းရိုက်နှက်ပြီး ပြစ်မှုကျူးလွန်သူများ ထွက်ပြေးလွတ်မြောက်

**မိုးညှင်း စက်တင်ဘာ ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မိုင်းနောင်ကျေးရွာတွင် ရဲဘက်ပြေးတစ်ဦးအား ဖမ်းဆီးရာ မူးယစ်ဆေးဝါးများနှင့် လက်နက်များ ဖမ်းမိသဖြင့် သက်သေခံပစ္စည်းများအား သိမ်းဆည်းနေစဉ် ဖမ်းဆီးရမိသူ တရားခံ၏သားဖြစ်သူက ရွာသားများနှင့်အတူ ဝင်ရောက်အန္တရာယ်ပြုပြီး တရားခံအား ကယ်ထုတ်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း၊ ဒုတိယရဲမှူးတစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး သတင်းအရ စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီခွဲခန့်က ဒုရဲမှူး သန်းဝင်းအောင် အမှတ်(၂) မှုခင်းတပ်ဖွဲ့စိတ်မှူး၊ အမှတ်(၁၄)မှုခင်းတပ်ဖွဲ့စု မိုးညှင်းဦးဆောင်သော ပူးပေါင်းအဖွဲ့တို့သည် မိုင်းနောင်ကျေးရွာ အနောက်တောင်ဘက် ကျောက်ဆင်ရပ် စေတီနှင့် ခြောက်ဖာလုံခန့်အကွာရှိ ယာယီတဲ **(အောက်ပုံ)**တွင် ဆွမ်ပရာဘွမ် စခန်းခွဲ မိုင်တိုင်(၁၃၃/၂)အနီး ဝါးခုတ်လုပ်ငန်းခွင် ရဲဘက်စခန်းမှ ထွက်ပြေးလာသူ အောင်ကျော်ဝင်းရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်စစ်ဆေးရာ အောင်ကျော်ဝင်းမှာ ထွက်ပြေးသွားသဖြင့် သက်သေများနှင့်လိုက်လံဖမ်းဆီးရမိပြီး ၎င်းလွယ်ထားသော ဘေးလွယ်အိတ်အတွင်းမှ ဘိန်းဖြူထည့်ထားသော ရောင်စုံဆပ်ပြာခွက် ၁၀ ခွက် စုစုပေါင်း



ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ငွေစက္ကူရောရာများ



အလေးချိန် ၁၁၇ ဒသမ ၄ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၈၅ ပြား၊ ငွေစက္ကူရောရာကျပ် ၁၇၂၀၈၀၀၊ ဘေးလွယ်အိတ်အတွင်းမှ စနက်တံမပါ BA-109 လက်ပစ် ဗုံးနှစ်လုံး၊ ဓားမြှောင်ငယ်တစ်ချောင်း၊ ဂျင်ကလိရှစ်ချောင်း၊ လေးခွတစ်လက်၊ အဆိပ်ဟုယူဆရသော ပုလင်းငယ်တစ်လုံးတို့ကို သိမ်းဆည်းနေစဉ် အောင်ကျော်ဝင်း၏သား ကျော်သူဝင်းနှင့်အတူ လူ ၂၀ ခန့် ရောက်ရှိလာပြီး အဆိုပါဖမ်းဆီးအဖွဲ့အား ဝင်ရောက်တိုက်ခိုက်သဖြင့် ဒုရဲမှူး အောင်နိုင်ဦးတွင် ဒဏ်ရာများရရှိခဲ့ပြီး ၎င်းကိုင်ဆောင်ထားသည့် ၃၂ ဗို့ ခြောက်လုံးပြူး သေနတ်တစ်လက်၊ ကျည် ၁၈ တောင့်တို့ အားယူဆောင်သွားသဖြင့် ပြည်သူ့ဝန်ထမ်းတစ်ဦးကို နာကျင်အောင်ပြုလုပ်သူ ကျော်သူဝင်းပါ ၂၀ အား အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**

# ကျပ်သိန်းပေါင်း ၁၃၆၅၀ ရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**စစ်တွေ စက်တင်ဘာ ၂၀**

မောင်တောခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဉာဏ်ဝင်းဦး ကြီးကြပ်၍ မောင်တောမြို့မ စခန်းမှူး ဒုရဲမှူး ကျော်အေးလှိုင် ဦးစီးသော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၉ ရက် ညနေ ၅ နာရီခွဲခန့်က သတင်းအရ မောင်တောမြို့နယ် မြို့ဦးကျေးရွာအုပ်စု လသာရွာရှိ နူရူလာမိန်(၄၀ နှစ်)(လျှပ်စစ်ပစ္စည်းဆိုင်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နူရူလာမိန်အား မတွေ့ရဘဲ ၎င်း၏ဇနီးဖြစ်သူ အဏ္ဏဝါဘေဂေါင်(၃၈ နှစ်)၊ သားဖြစ်သူ အဏ္ဏဝါဆာဒက်(၁၉ နှစ်)တို့အား တွေ့ရှိရပြီး နေအိမ်ရေချိုးခန်းအတွင်းရှိ အိမ်သာတွင် အိမ်သာကြွေခွက် အလွတ်အတွင်း အဖုံးအုပ်လျက် သံစင်ပြုလုပ်ထားသော သံစင်ပေါ်တွင် ပီနံအိတ် ငါးအိတ်၊ မြန်မာငွေကျပ်တစ်သောင်းတန်နှင့် ငါးထောင်တန်ရောရာ ငွေကျပ်သိန်း ၂၇၀ ထည့်ထားသည့် ကျောပိုးအိတ်တစ်အိတ်တို့ ရှာဖွေ



တွေ့ရှိခဲ့သည်။

အဆိုပါ ပီနံအိတ်ငါးအိတ်အတွင်း ပလတ်စတစ်ဖြင့် ပတ်ထားသည့် တစ်တောင့်လျှင် ၅၀ ပါ အတောင့် ၇၀၊ အပြာရောင်ကပ်ခွာအိတ် တစ်အိတ်လျှင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြား ပါရှိပြီး စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၆၈၂၅၀၀ ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၃၆၅၀ တွေ့ရှိ၍ နူရူလာမိန် (ထွက်ပြေးတိမ်းရှောင်)၊ အဏ္ဏဝါဘေဂေါင်နှင့် အဏ္ဏဝါဆာဒက်တို့အား ဒုရဲမှူး ကျော်အေးလှိုင်က ဥပဒေအရ အရေးယူပေးရန် တရားလိုပြုလုပ်တိုင်တန်းသဖြင့် ၎င်းတို့အား အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

# ကွန်တိန်နာယာဉ်နှင့် ကွိုင်ထုပ်ညပ်၍ယာဉ်မောင်းသေဆုံး

**တိုက်ကြီး စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် နှင်းဆီမြိုင်ကျေးရွာရှိ Never Old Trading Company စက်ရုံတွင် တာဝန်ထမ်းဆောင်နေသော အမျိုးသားဝန်ထမ်းတစ်ဦး သေဆုံးကြောင်း တိုက်ကြီးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီခွဲက Never Old Trading Company စက်ရုံတွင် ဦးထွန်းမင်းကျော်(၄၂ နှစ်) ကရိန်းယာဉ်မောင်း ညောင်ဖြူရပ်ကွက် တောင်ကြီးမြို့နေသူသည် ကွန်တိန်နာယာဉ် 3E/---- တွဲအမှတ် YGN. ITLR -2364 ယာဉ်ပေါ်မှ စက်ရုံသုံး အပူခံကွိုင်ထုပ် အလေးချိန် သုံးတန်ခန့်အား ယာဉ်အမှတ် 2I/----- ကရိန်းကင်တာအမျိုးအစားယာဉ်ဖြင့် ကွိုင်ထုပ်ကို အောက်သို့ မောင်းနှင်ချစဉ် ကရိန်းကြိုးမှာ အရှိန်လွန်၍ ကရိန်းယာဉ်မောင်း ဦးထွန်းမင်းကျော်ထံ ရောက်ရှိလာပြီး ကွိုင်ထုပ်နှင့် ကရိန်းယာဉ်ကြားညပ်ကာ ဒဏ်ရာများရရှိပြီး သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ စစ်ဆေးချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်**

# ကျပ်တစ်သောင်းတန် ငွေစက္ကူအတုများ ဖမ်းမိ

**ပုဏ္ဏားကျွန်း စက်တင်ဘာ ၂၀**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ပိုးရှိပြင်ကျေးရွာဈေးဆိုင်များတွင် စက်တင်ဘာ ၁၉ ရက်က ကျပ်တစ်သောင်းတန်ငွေစက္ကူများဖြင့် ဈေးဝယ်နေသူ လေးဦးအား သံသယဖြစ်ဖွယ် တွေ့မြင်ရကြောင်း သတင်းအရ ပုဏ္ဏားကျွန်းမြို့မရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ်ထွန်းဝင်းနှင့် အဖွဲ့သွားရောက်စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါ လေးဦးကို ပေါက်တောပြင်ကျေးရွာအနီး တောဖျားချောင်းထဲ၌ စက်လှေဖြင့် ထွက်ပြေးတိမ်းရှောင်နေစဉ် ကျပ်တစ်သောင်းတန် ငွေစက္ကူအတု ၂၆၈ ရွက် ငွေကျပ် ၂၆ သိန်း ရှစ်သောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့ လေးဦးမှာ ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ဆိပ်ကျေးရွာနေ ဦးသိန်းမောင်အေး(၄၆ နှစ်)၊ ဦးထွန်းထွန်းကျော်(၃၄ နှစ်)၊ ဦးဘစောလှိုင် (၂၈ နှစ်)နှင့် ဦးအောင်ရွှေသိန်း(၂၈နှစ်)တို့ဖြစ်ပြီး ၎င်းတို့ကို ပုဏ္ဏားကျွန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**လှဘော်သူ**



# ပိုက်ဆံအိတ်လုပြေးသူကို ဝိုင်းဝန်းဖမ်းဆီးရမိ

**မုံရွာစက်တင်ဘာ ၂၀** မုံရွာမြို့ သလ္လာရပ်ကွက်နေ အမျိုးသမီးတစ်ဦးသည် ဆိုင်ကယ်ဖြင့် ထန်းတောအခွန်လွတ်ဈေးသို့ ဈေးဝယ်ရန် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ရန်ကင်းရပ်ဇောတိကလမ်းအတိုင်း မောင်းနှင်လာစဉ် အောင်ရတနာလမ်းချိုးအရောက် လူငယ်တစ်ဦးက နောက်မှကပ်လိုက်ကာ ပခုံးတွင်လွယ်ထားသော အိတ်ကိုဆွဲယူစဉ် အော်ဟစ်အကူအညီတောင်းရာ ပတ်ဝန်းကျင်ရှိလူများက ဝိုင်းဝန်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ အလုခံရသောပိုက်ဆံအိတ်တွင်ငွေစက္ကူရောရာ ၄၈၀၀၀ ပါဝင်ပြီး ပိုက်ဆံအိတ်ဆွဲယူထွက်ပြေးသွားသူမှာ တစ်ရပ်ကွက်တည်းနေ ကျော်မျိုးဝင်း(၂၀ နှစ်)ဖြစ်ပြီး ၎င်းကို မုံရွာမြို့နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)






## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ကြီးမြို့နယ်တရားရုံးတော်

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅၅

ဒေါ်ယုယုနိုင် နှင့် ဦးအောင်မျိုးထွန်း
တရားလို တရားပြိုင်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အမှတ်(ထလစပ-နမ ၃/၁၆၇)အောင်မြေ-၂၊ မြို့ရှောင်လမ်း၊ ဖရဲတောင်ရွာနေ ဦးအောင်မျိုးထွန်း(တရားပြိုင်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ယုယုနိုင်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၈ ရက် (၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၂ရက်) နံနက် ၁၀း၀၀ နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရွှေပွင့်)
ဒုတိယမြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ မဂ္ဂာအောင် ၁/ကမန(နိုင်)၀၄၃၈၁၀ ၏ဖခင် ဦးလဒွယ် ၉/ပဥလ(နိုင်)၀၀၅၁၀၇ နှင့် ဦးအင်ဘန်လဒွဲမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအင်ဘန်လဒွဲ (ခ) ဦးလဒွယ်

## မိခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အထက မောင်းခမ်း၊ တက္ကသိုလ်ဝင်တန်း(B) မှ မနန်းအန်းခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ငွေမတ် ၅/ဟမလ(နိုင်)၀၄၀၉၈၀ ဖြစ်ပါကြောင်း။

မနန်းအန်းခိုင်၊ ဒေါ်ငွေမတ်

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အထက မောင်းခမ်း၊ တက္ကသိုလ်ဝင်တန်း (A) မှ မစန်းစန်းဝေ၏ ဖခင်အမည်မှန်မှာ ဦးဝင်းကြိုင် ဖြစ်ပါကြောင်း။

ဦးဝင်းကြိုင်

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အထက မောင်းခမ်း၊ တက္ကသိုလ်ဝင်တန်း(B)မှ မထားယဉ်နှင့် မထားလှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကို ၅/ဟမလ(နိုင်)၀၅၂၅၆၅ ဖြစ်ပါကြောင်း။

ဦးအောင်ကို

## အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ မာန်ဟုန်အုပ်စု၊ တော်စီကျေးရွာနေ ဦးဝင်းမြင့် ၅/ဟမလ(နိုင်)၀၉၆၄၄၃ ၏သား အလက(ခွဲ)(G-5)မှ မောင်ထွန်းလင်း၏ အမည်မှန်မှာ မောင်ထွန်းထွန်းလင်း ဖြစ်ပါကြောင်း။

မောင်ထွန်းထွန်းလင်း

## ဖခင်အမည်မှန်

အထက(၁) ဟုမ္မလင်း၊ တက္ကသိုလ်ဝင်တန်း(C)မှ ကျောင်းဝင်အမှတ် (၁၁၄၂၈) မောင်ငြိမ်းချမ်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မောင် ၅/ဟမလ(နိုင်)၀၆၅၉၇၂ ဖြစ်ပါကြောင်း။

ဦးကျော်မောင်

## ဖခင်အမည်မှန်

အထက(၁)၊ ဟုမ္မလင်း၊ တက္ကသိုလ်ဝင်တန်း(B)မှ ကျောင်းဝင်အမှတ် (၁၁၅၆၄) မခမ်းဝါ၏ ဖခင်အမည်မှန်မှာ ဦးထားမောင် ၅/ဟမလ(နိုင်)၁၅၄၆၄၇ ဖြစ်ပါကြောင်း။

ဦးထားမောင်

## ဖခင်အမည်မှန်

အထက(၁)၊ ဟုမ္မလင်း၊ တက္ကသိုလ်ဝင်တန်း(B)မှ ကျောင်းဝင်အမှတ် (၁၂၂၂၁) မောင်ကျော်ဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးမင်းလွင်ဦး ၇/ညလပ(နိုင်)၁၇၁၈၂၅ ဖြစ်ပါကြောင်း။

ဦးမင်းလွင်ဦး

# မြန်မာယူ-၁၉ အသင်း ထိုင်းနှင့်သရေကျ အုပ်စုအဆင့်မှထွက်ရပြီး ဆီမီးနှင့်လွဲချော်

**ဟန္နိုင်း စက်တင်ဘာ ၂၀**

၂၀၁၆ အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲအုပ်စု(ခ) နောက်ဆုံးနေ့ပွဲများကို ယနေ့ ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ကျင်းပရာ မြန်မာအသင်းမှာ လက်ရှိချန်ပီယံ ထိုင်းနှင့်သရေကျခဲ့သော်လည်းအုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ပွဲအစ ကိုးမိနစ်တွင် မြန်မာအသင်းဂိုးစရခဲ့ပြီး စိုးမိုးထွန်း ကန်တင်ပေးသည့် ပြစ်ဒဏ်ဘောကို ထိုင်းနောက်ခံလူတစ်ဦး ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်း ဖြစ်သည်။ ထိုင်းအသင်းသည် ချေပဂိုးရရှိရန် တောက်လျှောက်ကြိုးပမ်းခဲ့သလို ဒုတိယ ပိုင်းအစတွင် အမာခံအချို့ကို ထည့်သွင်းအသုံးပြုကာ အပြောင်းအလဲလုပ်ခဲ့သည်။ ၅၉ မိနစ်တွင် ထိုင်းအသင်းချေပဂိုးပြန်ရခဲ့ပြီး ဆူရာချိုင်းက သွင်းယူခဲ့သည်။ ၆၇ မိနစ်တွင် ထိုင်းအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့သော်လည်း ဆန်းဆက်နိုင် ကာကွယ်နိုင်ခဲ့သောကြောင့် မြန်မာအသင်း မရှုံးခဲ့ခြင်းဖြစ်သည်။

အခြားပွဲတွင် ဩစတြေးလျက လာအိုကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး ဆီမီးဖိုင်နယ်တက်သွားသည်။ အုပ်စု(ခ) ပွဲစဉ်များအပြီးတွင် ထိုင်းက ၁၃မှတ်ဖြင့် ပထမ၊ ဩစတြေးလျက ၁၂ မှတ်ဖြင့် ဒုတိယဖြင့် ဆီမီးဖိုင်နယ်တက်ခဲ့ပြီး ရှစ်မှတ်ရရှိသည့် မြန်မာအသင်းအပါအဝင် အင်ဒိုနီးရှား ကမ္ဘောဒီးယားနှင့်လာအိုအသင်းတို့မှာ အုပ်စုမှ ထွက်ခဲ့ရသည်။ ဆီမီးပွဲစဉ်များအဖြစ် အိမ်ရှင်ဗီယက်နမ်နှင့် ဩစတြေးလျ၊ လက်ရှိချန်ပီယံ ထိုင်းနှင့်တီမောတို့ ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**



မြန်မာနှင့် ထိုင်းအသင်း ယှဉ်ပြိုင်နေစဉ် ဓာတ်ပုံ-MFF

# ပလွေတီးမှုတ်ပြိုင်ပွဲကို (၂၂)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးတွင် ထည့်သွင်းကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၀**

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်ခန်းမတွင် တယော၊ ဒုံမင်း၊ ဂီတာ၊ စောင်း၊ မယ်ဒလင်၊ နှဲ၊ ပလွေ၊ ပတ္တလားနှင့် အကပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ယခုနှစ် အဆို အက အရေး အတီး ပြိုင်ပွဲတွင် ထူးထူးခြားခြားအနေဖြင့် ပလွေတီးမှုတ်ပြိုင်ပွဲကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ခရိုင်လေးခရိုင်ခွဲပြီး စက်တင်ဘာ ၂၀ရက်မှ ၂၇ရက်အထိ ကျင်းပမည်ဖြစ်ပြီး ခရိုင်အဆင့်ပြိုင်ပွဲများမှ ပထမ၊ ဒုတိယ ရရှိသူများသည် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တိုင်းဒေသကြီးပြိုင်ပွဲကို အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ယဉ်ကျေးမှုတက္ကသိုလ်တွင် ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲမှ ပထမရရှိသူတစ်ဦးကို အောက်တိုဘာ ၁၈ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် (၂၂)ကြိမ်မြောက် အဆို အက အရေး အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးမှ ပညာရှင်များ၊ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် ဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်း-ထွန်းအောင်ရှိန်**
**ဓာတ်ပုံ-မောင်မောင်**

## (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စန္ဒရားအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
- (က) တောတောင်စွယ် (ယိုးဒယား)
- (ခ) တောမြိုင်စွန်း (ယိုးဒယား)
- (ဂ) သေနင်္ဂမည် (ပတ်ပျိုး)
- (ဃ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
- (င) မန်းတောင်လက်ယာ (ယိုးဒယား)
- (စ) စိန်ကြယ်ညီးလင်း (မွန်)
- (ဆ) ကောင်းချီးသဒ္ဒါ (မွန်)
- (ဇ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)

**၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
- (က) သောင်းရွှေလယ် (ယိုးဒယား)
- (ခ) ပိတောက်လမ်း (ကာလပေါ်)(မာမာအေး) (Original Key;D)
- (ဂ) ချစ်သမျှကို (ပတ်ပျိုး)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**
- (က) ရွှေပြည်တော်သည် (ပတ်ပျိုး)
- (ခ) ဆောင်းရယ်နှင်းရယ်ကိုယ့်ချစ်သူရယ် (Key-C)
- (ဂ) အောင်မင်္ဂလာ (ယိုးဒယား)

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
- (က) ဖြေလျော့ခွေ (ပတ်ပျိုး)
- (ခ) တမာလမ်း (ကာလပေါ်) (ချိုပြုံး) (Original Key-E♭)
- (ဂ) တောဟေဝန်လယ် (ယိုးဒယား)

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ဂန္ဓမာတောင် (ဘွဲ့)
- (ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
- (ဂ) တောသူအချစ် (ကာလပေါ်) (ပန်တျာတင်တင်မြင့်)

ဥတုရာသီ တောကိုမီ

**မိဘအမည်မှန်** ကသာမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း (G)မှ မောင်ကျော်ကျော်သင်း၏ မိဘအမည်မှန်မှာ ဦးညီဝင်းစိန်-ဒေါ်သန်းအေး ဖြစ်ပါကြောင်း။ **ဦးညီဝင်းစိန်-ဒေါ်သန်းအေး**

**ဖခင်အမည်မှန်** မရမ်းကုန်းမြို့နယ်၊ အထက(၂)၊ ပဉ္စမတန်း(I)မှ မောင်ကျော်ဇင်ဝင်းထက်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော် ဖြစ်ပါကြောင်း။ **ဦးမြင့်ဇော် ၈/ဆပဝ(နိုင်)၀၆၂၇၇၅**

**ဖခင်အမည်မှန်** ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ နတ်စင်ကုန်း၊ စံပြကျေးရွာ၊ အထက၊တက္ကသိုလ်ဝင်တန်းမှ မသဇင်ဝေဖူး၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်မိုး ၁၂/ကမန(နိုင်)၀၀၁၉၁၅ ဖြစ်ပါကြောင်း။


အထူးကျေးဇူးတင်လွှာ

ကောင်းထက်ကျော် တန်းစုံကိုယ်ပိုင်အထက်တန်းကျောင်း၊ စာသင်ဝိုင်း၊ ဘော်ဒါတို့၏ ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို Novotel Hotel(Yangon Ballroom)တွင် ၂၈.၈.၂၀၁၆(တနင်္ဂနွေ)နေ့က ကျင်းပခဲ့ရာ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆုရ ကျောင်းသား/သူများနှင့် အုပ်ထိန်းသူများ၊ ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် **အောင်ချက် ၈၄.၀၅%** ဖြင့်ရန်ကုန်တိုင်းတစ်တိုင်းလုံးရှိ အစိုးရအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် အဆင့် (၇)၊ ကိုယ်ပိုင်ကျောင်းအားလုံးတွင် အဆင့် (၂)၊ ဘာသာစုံဂုဏ်ထူးရှင် (၇)ဦး၊ ၅ ဘာသာဂုဏ်ထူးရှင် (၇)ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် (၁၀)ဦး၊ ၃ ဘာသာဂုဏ်ထူးရှင်(၂၀)ဦး၊ ၂ ဘာသာဂုဏ်ထူးရှင်(၁၀)ဦး၊ ၁ ဘာသာဂုဏ်ထူးရှင်(၃၅)ဦး ထွက်ရှိအောင် သင်ကြားပေးကြသော ဆရာ/ဆရာမများ၊ အဋ္ဌမတန်းနှင့်စတုတ္ထတန်း အောင်ချက်အပြည့် (ကုစားမပါ) ရရှိအောင် သင်ကြားပေးကြသော ဆရာ/ဆရာမများနှင့်ကျေးဇူးတင်ထိုက်သူ အပေါင်းအား အထူးကျေးဇူးတင်ရှိပါကြောင်း။

(ဘာသာစုံဂုဏ်ထူးရှင်များအား i phone latest များ ချီးမြှင့်ခြင်းအပါအဝင်၊ ကျန်ဂုဏ်ထူးရှင်များ၊ Grade- A များ၊ အတန်းတွင်းဆုရှင်များအား ထိုက်တန်စွာ ဂုဏ်ပြုခြင်းများ ပြုလုပ်ခဲ့ပါသည်။)

မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ စည်းကမ်း၊ စာ၊ စနစ် အထူးကောင်းမွန်သည်ဟု မိဘအုပ်ထိန်းသူများအကြား ဂုဏ်သတင်း မွှေးပျံ့နေသော ကျောင်း

လာမည့်စာသင်နှစ်သစ်အတွက် ကြိုအပ်လက်ခံပါပြီ။

ခြံအမှတ် - ၃၃ (ဗီ - ၂)၊နတ်မောက်လမ်းသွယ် (၁) မြန်မာ့အလင်းသတင်းစာတိုက်လမ်း၊ ဗိုလ်စိန်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
HOT LINE - 09 421 168127, 09 420 700008, 01 548339,01 552348

# မိတ္ထီလာမြို့ကန်ပတ်လမ်းတွင် ရေများတင်ကျန်ပြီး သွားလာရခက်ခဲ

**မိတ္ထီလာ စက်တင်ဘာ ၂၀**

မိတ္ထီလာမြို့ပွဲစားတန်းရပ် ဓမ္မသုခကန်ဦးစေတီအနီး ကန်ပတ်လမ်းတွင် စက်တင်ဘာ ၁၈ ရက် နံနက် ၃ နာရီက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေမြောင်းများပိတ်ဆို့နေ၍ရေထွက်ပေါက်မရှိဘဲ ရေများလမ်းပေါ်တွင်တင်ကျန်ပြီး ရပ်ကွက်နေပြည်သူများသွားလာရ ခက်ခဲလျက်ရှိကြောင်း သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သွားလာရခက်ခဲလျက်ရှိပြီး အနီးအနားရှိ ဆိုင်ခန်းများကိုလည်း ရေများဝင်ရောက်သဖြင့် ရေစီးရေလာကောင်းမွန်အောင် ရေမြောင်းများကို အမြန်ဆုံးပြန်လည်ဆောင်ရွက်ပေးစေလိုကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးက ပြောကြားသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**



# သိမ်းဆည်းထားသော ပေပုရပိုက်နှင့်ပစ္စည်းများ ပြန်လည်အပ်နှံ

**နွားထိုးကြီး စက်တင်ဘာ ၂၀**

နွားထိုးကြီးမြို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် သီတင်းသုံးရာမှန်ကျောင်း၌ စက်တင်ဘာ ၁၇ ရက်က မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်သာသနာရေးဦးစီးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ လုံခြုံရေးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီများ၊ ဆူးဖြူကုန်းကျေးရွာအုပ်စု နဘူးတော(မ) ကျောင်းတိုက်နှင့်ပတ်သက်သည့် စောဒက၊ စုတိဒက ဆရာတော်နှစ်ပါးစုံညီတွေ့ဆုံ၍ နိုင်ငံတော်သံဃဝိနိစ္ဆယ အဖွဲ့ဆုံးဖြတ်ချက်အပေါ် နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၏ အတည်ပြုပြန်ကြားလွှာ လျှောက်ထားခြင်း အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် တိုင်းသာသနာရေးဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်ပြည့်ဖြိုးက ဝိနိစ္ဆယအဖွဲ့ဆုံးဖြတ်ချက်၊ နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ အမှတ်(၁၅/၂၀၁၅)၏ ၁၃၇၇ ခုနှစ်၊ ဝိနည်းဓမ္မကံအဓိကရဏ်း မှုခင်းအမှတ်(၄၈/ ၂၀၁၆) ဆုံးဖြတ်ချက်နှင့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ၏ သဘောထားပြန်ကြားချက်များ လျှောက်ထားခြင်း၊ စောဒက၊ စုတိဒက ဆရာတော်များကသိရှိကြောင်းလက်မှတ်ရေးထိုးခဲ့သည်။

ဆက်လက်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့်တာဝန်ရှိသူများသည် ဆူးဖြူကုန်းကျေးရွာအုပ်စု နဘူးတော(မ) ဘုန်းကြီးကျောင်းသို့ရောက်ရှိပြီး ကျောင်းထိုင်အဖြစ် ကျောင်းတိုက်ထိန်းသိမ်းစောင့်ရှောက်ခွင့် ရရှိသော စုတိဒကနဘူးတော(မ) ကျောင်းဆရာတော် အရှင်ဓမ္မပါလထံသို့ ချိတ်ပိတ်ထားသည့်ကျောင်းဖွင့်လှစ်အပ်နှံပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံတွင် သိမ်းဆည်းထားသော ပေပုရပိုက်နှင့် ပစ္စည်းများ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဇီကာပိုင်းရပ်စ်ကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်းဆောင်ရွက်



**တာချီလိတ် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နှင့် နီးစပ်လျက်ရှိသည့် ထိုင်းနိုင်ငံတွင် ဇီကာပိုင်းရပ်စ်တွေ့ရှိသည့် သတင်းများထွက်ပေါ်လာမှုအရ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတစ်ရပ်အဖြစ် ခြင်ဆေးဖျန်းခြင်းကို မြို့နယ်စည်ပင်သာယာရေးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ လူဝင်လူထွက်များရာနေရာများတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတို့ရှိ ရုံးများနှင့် နေအိမ်လိုင်းခန်းများတွင် ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို စက်တင်ဘာ ၁၆ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ ဇီကာပိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများအား ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ လူနေထူထပ်သည့်နေရာများ၊ နယ်စပ်အဝင်အထွက်များတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဆွမ်ပရာဘွမ်မြို့၌ ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆေးဝါးများ ကုသပေး

**ဆွမ်ပရာဘွမ် စက်တင်ဘာ ၂၀**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ်အတွင်း၌ စက်တင်ဘာ ၁၉ ရက် နံနက်က ကျန်းမာရေးစောင့်ရှောက်မှုအခမဲ့ဆေးဝါးကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ မြို့မရပ်ကွက်၊ ဝါစပ်ခူးရပ်ကွက်၊ ကဘရန်ခူးရပ်ကွက်တွင် နေထိုင်ကြသော ငါးနှစ်အောက်ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများကို ကျန်းမာရေးဌာနမှ ဆရာမများက ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆေးဝါးကုသပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းဆောင်ရွက်ခြင်းလုပ်ငန်းကို မြို့မရပ်ကွက်ရှိ ဦးတူးဂျာနေအိမ်၌ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများ ဆေးဝါးကုသမှုလာရောက်ခံယူလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**




**အားကစားတိုးတက်ဖွံ့ဖြိုးရေး အစီအစဉ်အရ မရမ်းကုန်းမြို့နယ် အခြေခံကျောင်းပေါင်းစုံ မီနီမာရသွန်ပြေးပြိုင်ပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၅ နာရီခွဲက ကျင်းပရာ MCC ခန်းမရှေ့တွင် တာလွှတ်၍ မင်းဓမ္မလမ်း၊ တော်ဝင်လမ်းနှင့် ပြည်လမ်းဆည်မြောင်းလမ်းထိပ်၌ ပန်းဝင်လာသော ကျောင်းသားကျောင်းသူနှင့်ကြိုဆိုသူတို့ ပျော်ပျော်ပါးပါး တွေ့ရစဉ်။**

မျိုးမင်းသိန်း(မရမ်းကုန်း)

## သတင်းတိုထွာ

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့နယ်အနိမ့်ပိုင်းကျ၍ ရေကြီးနစ်မြုပ်လေ့ရှိတတ်သောကျေးရွာများရှိ ရေတွင်းများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စက်တင်ဘာ ၁၇ ရက်က မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ Unicefမှ ထောက်ပံ့သောရေသန့်ဆေးမှုန့်နှင့် ကလိုရင်းများ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ် လှကာကျေးရွာအုပ်စု ကူးဆိပ်ကျေးရွာ၊ ဖားပုကျေးရွာများရှိရေကြီးနစ်မြုပ်ခဲ့သော ရေတွင်းများအတွက် အသုံးပြုနိုင်ရန် ရေသန့်စင်ဆေးမှုန့်အထုပ် ၃၈၇၀ နှင့် ကလိုရင်း ၂၂ ဒသမ ၂ ကီလိုဂရမ်အား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးလက်ကျန်းမာရေးဌာနမှ ဆရာမများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ အလားတူ အောက်ကော့ရင်းကျေးရွာအုပ်စု ကမားကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများ အသုံးပြုနိုင်ရန်အတွက် သန့်စင်ဆေးမှုန့် ၃၂၂၅ထုပ်နှင့် ကလိုရင်း ၁၈ ဒသမ ၅ ကီလိုဂရမ်အား သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

**နမ့်ဆန်**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ် တောင်မကျေးရွာအုပ်စု လွယ်ဆိုင်ပတ္တမြားတောင်ပေါ်၌ လက်ဖက်ပင်ပူဇော်ပွဲကို စက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

ပလောင်တိုင်းရင်းသားတို့၏ အထွတ်အမြတ်ထားရာ လွယ်ဆိုင်ပတ္တမြားတောင်ပေါ်ရှိ လက်ဖက်ပင်ပူဇော်ပွဲကို နှစ်စဉ်တော်သလင်းလပြည့်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ပလောင်တိုင်းရင်းသားတို့ လာရောက်ပူဇော်ခဲ့ကြသည်။ လက်ဖက်တောင်သူများ၏ တစ်နှစ်ပတ်လုံး လက်ဖက်အထွက်နှုန်းကောင်းစေရန်၊ လက်ဖက်ဈေးနှုန်းကောင်းစေရန်အတွက် အဆိုပါအလောင်းစည်သူမင်းပျိုးထားပေးသည့် လက်ဖက်ပင်တွင် လာရောက်ပူဇော်ဆုတောင်းခဲ့ကြသည်။

အဆိုပါ လက်ဖက်ပူဇော်ပွဲကိုအစွဲပြု၍ နမ့်ဆန်နယ်မှ ဒေသခံပြည်သူများသာမက သီပေါ၊ ကျောက်မဲ၊ လားရှိုးစသည့် မြို့နယ်များမှလည်း လာရောက်လည်ပတ်ပူဇော်သူများ၊ ကုန်စည်ရောင်းချသူများနှင့် သုံးရက်တိုင်တိုင်စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် (၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့တပ်ဖွဲ့မှူးရဲမှူးကြီး နေထွန်းက ဦးစီး၍ တပ်ဖွဲ့ဝင် ၆၀ သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ သာသနပါလဓမ္မရိပ်သာ (မြိတ်ကျောင်း)၌ စက်တင်ဘာ ၁၇ ရက် နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။**

ကိုကိုရှုပ(နေပြည်တော်)

**ကျောက်ဖြူ**

ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာ ၁၃ ရွာအား ချေးငွေထုတ်ချေးခဲ့ တစ်နှစ်စေ့ပြီးဖြစ်၍ အတိုးအရင်းပြန်လည်ပေးဆပ်နိုင်ရေးအတွက် မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ စက်တင်ဘာ ၁၆ ရက်က ကျေးရွာများအရောက် ကွင်းဆင်းတွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း သိရ သည်။ အဆိုပါကျေးရွာများတွင် မြစိမ်းရောင် ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ အောင်မြင်ဖြစ်ထွန်းမှုများလည်း ရရှိခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

**မိုးမောက်**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်နှင့် ဝင်ငွေတိုးပွားရန်ရည်ရွယ်၍ မြို့နယ်ဦးစီးမှူး ဦးတင်ဇော်လင်းနှင့် ဝန်ထမ်းများသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကျေးရွာကိုးရွာတွင် မြစိမ်းရောင်စီမံကိန်း တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နန့်တိန်ကျေးရွာ၊ ကုန်းကတင်ကျေးရွာ၊ နောင်းကန်ကျေးရွာ၊ မံသဲကျေးရွာ၊ သိန်လုံကျေးရွာများရှိ မြစိမ်းရောင်ကော်မတီဝင်များအား စက်တင်ဘာလဒုတိယပတ်တွင် မြစိမ်းရောင်ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းများ ပို့ချပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**သံဖြူဇရပ်**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ဦးဆောင်မှုဖြင့် ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)နှင့် လူမှုရေးအဖွဲ့အစည်းများ၏ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးပြခန်းယာဉ်သည် မြို့နယ်အတွင်းရှိပြည်သူများ အသိပညာပြန့်ပွားရေးလုပ်ငန်းအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်သိန်းနှင့်အဖွဲ့ စက်တင်ဘာ ၁၆ ရက်က လှည့်လည်ပြသရာ ပြည်သူများစိတ်ဝင်စားစွာ လေ့လာကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ တတိယတွဲအဖြစ် "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ရေနီမြောင်းတစ်ရေးနိုး

## ဆူးငှက်

"နေစကြာ အာကာလှည့်ရင်ဖြင့် ဖွေချက်ကျာ တာရာ တရှိုင့်ပြင် မြေမျက်နှာ ကမ္ဘာထိအောင်ပ ဖြာပါသည့် လင်းရောင်လို..."တဲ့လေ။

အရုဏ်တက်(၄)နာရီအထိုး အုန်းမောင်းခေါက်သံတွေ ဝဲယာပတ်လည်မှ မြိုင်ဆိုင်စွာကြားလိုက်ရသောအခါ အရှေ့ရိုးမဆီသို့ လှမ်းမျှော်ကြည့်မိခြင်းက အသားကျစပြုပေပြီ။ ထိုစဉ်အခါတိုင်း ဆရာမျိုးမြင့်ဆွေ၏ကဗျာလေးတစ်ပုဒ်က ရင်ထဲသို့ဝင်လာမြဲဖြစ်၏။

ပျပျမှုန်နေဆဲမြင်ကွင်းမှာ ကြယ်ရောင်မပျောက်သေး။ အုန်းမောင်းခေါက်သံတွေအစဲ၊ လင်းကြက်တွန်သံဆူညံခြင်းက နေ့သစ်၏အရုဏ်ကို စတင်ဖွင့်လှစ်ဖို့ ပြင်ဆင်နေခြင်း၏ အမှတ်အသားပဲဖြစ်ပါသည်။ နွေဦးပေါက်ပေမယ့် ဆောင်းနှင်းလက်ကျန်အအေးဓာတ်က ထွက်ခတ်ခတ်လျက်ရှိနေသေး၏။ နွေနီမိတ်ညင်းလေဦးက မြူးပြန်တော့ စိမ့်အေးသောခံစားမှုဖြင့် အရုဏ်ကို ငံ့လင့်နေရတော့သည်။

မကြာမီအရှေ့ရိုးမကလနားမှာ ရွှေကနားကွပ်တော့မည်။ အမှောင်ထဲမှာတော့ ရိုးတိုးရိပ်တိပ်ခြယ်သနေသလိုလို မြင်မိသေး၏။ သဘာဝပန်းချီဆရာ၏စုတ်ချက်က နေ့သစ်ကိုလည်းပုံဖော်သည်။ ရာသီဥတုကိုလည်း လက်စွမ်းပြတတ်၏။ ရိုးမကလနားသည် ဖြည်းဖြည်းချင်းကွဲထလာသည်။ ကျန်းမာရေးကွက်သစ် ဓမ္မာရုံဆီမှ ပရိတ်တရားတော် တိပ်ခွေသံကလည်း ပီသလာ၏။

လေမြူးတစ်ချက်ဝေ့လိုက်ပြန်သည်။ တဖြန်းဖြန်းတောင်ပံခတ်သံနှင့် မရှေးမနှောင်းခေါင်းရင်းခြံမှ ကြက်တွန်သံကိုအနားကပ်ကြားလိုက်ရ၏။

ရိုးမ၏ကလနားကဖြင့် ပီပီပြင်ပြင် ကိုယ်ထင်ပြလာပြီ။ ပတ္တမြားလုံးက ထွက်ပြူဖို့ခေါင်းမော့လာ၏။ သစ်ရိပ်၊ ပင်ရိပ်များ၏ ကောက်ကြောင်းများကလည်း ဖြည်းဖြည်းချင်း ပုံပေါ်လာပြီ။

"နေစကြာ အာကာလှည့်ရင်ဖြင့်" တဲ့။

နေစကြာသည် ကမ္ဘာထိလင်းရောင်ဖြာကာ သူ့ခရီးသူဆက်ပေဦးတော့မည်။

မြို့လယ်ကောင် ကွန်ကရစ်တောမှ ပဲစေ့တစ်စေ့ ညှစ်ထုတ်လိုက်သလို အမှတ်မထင်လွင့်စဉ်သွားပြီးဟိုး မန္တလေးအရှေ့ဘက် အောင်ပင်လယ်တောစပ်ကကွင်းထဲမှာ ကျသွားကာ မြေကျစ်ကျစ်၌ အမြစ်တွယ်ဖို့ အားယူကြိုးစားနေသော လွန်ခဲ့သည့်လများက အသားမကျသေးသည့် နေမှုညည်းချင်းအဖြစ်-

"အိပ်ရေးမဝဘူးဗျာ၊ အခုနေရာမှာ 'နေ' အစောကြီး ထွက်ထွက်လာတယ်" ဟု ပြောဆိုမိသောအခါ မိတ်ဆွေတစ်ဦးက ပြက်ရယ်ပြုသည်။

"ဘာလဲဗျ၊ တစ်မြို့တည်းအတူနေပြီးမှ ခင်ဗျားဆီကပဲ နေစောစောထွက်ရတယ်လို့ မကြောင်ချင်ပါနဲ့ဗျာ"တဲ့။

ကျွန်တော့်ဆိုလိုချက်ကို မိတ်ဆွေသဘောမပေါက်တာ ဝမ်းနည်းမိသည်။ အရင်နေခဲ့ဖူးသော မန္တလေးမြို့လယ်မှာက တဖြည်းဖြည်း မြင့်တက်လာသော အဆောက်အအုံတွေရယ်၊ သစ်ပင်တွေရယ်က နံနက် ၇ နာရီမထိုးမချင်း နေအလင်းရောင်ကို အိပ်ခန်းထဲထိမရောက်အောင် တားဆီးထားနိုင်တော့ မိမိ၏အပျင်းထူမှုအား ဖုံးနိုင်ဖိနိုင်ခဲ့၏။

အခုနေရာကကိုယ့်အိမ်အရှေ့ဘက်မျှော်ကြည့်လိုက်တော့ ဟာလာဟင်းလင်းကြီး။ အိမ်နှင့်ငါးကိုက်လောက်အကွာမှာပဲ ပြုပြင်သူမဲ့ မြေကျစ်ကျစ်မှာပေါက်သည့်ဘောစကိုင်းပင်ချိန့်နဲ့၏ နံရိုးပြိုင်းပြိုင်းသာရှိသည်။ ထို့ကြောင့်နေထွက်သည်ဆိုလျှင်ပင် အကာအကွယ်မဲ့စွာ ကနဦးတိုက်ခိုက်ခံလိုက်ရခြင်းဖြစ်၏။ ထိုအခါ အနှစ် ၄၀ ခန့် ကျင့်သားရလာသောပျင်းရိမှုကို အခုမှဒဏ်ခတ်ခံရသလိုစပ်ဖျဉ်းဖျဉ်းခံရမှု၏ ညည်းချင်းဖြစ်ပါသည်။

တစ်ခါတစ်ရံကျဲတောက်တောက်ပူလောင်လောင်စပ်ဖျဉ်းဖျဉ်းနေမှုကို ဖြေသိမ့်သည့်အနေဖြင့် ခပ်စောစောအိပ်ရာထရခြင်းကိုပင် ရိုးတံကျဲကျဲဘောစကိုင်းပင်၌ လာချိတ်မည့်နံနက်ခင်း နေလုံးနီနီကို တရုတ်ပန်းချီကားတစ်ချပ်သဖွယ်ခံစားနိုင်သည်ဟု ဖြေသိမ့်နိုင်ပါသေး၏။ မင်းကွန်းကိုစု၏ပန်းချီကားကိုအိမ်နံရံနှင့်မဆံ့၍ရိုးမမှာ ချိတ်ဆွဲထားလိုက်သည်ဟု ကြွားဝါနိုင်ခြေသေးသည်။

တကယ်တော့ ကျွန်တော်တို့သည် ကြီးပြင်းခဲ့သောဘဝတစ်သက်တာမှနေ့ရက်များစွာကို "ညလူ"များအဖြစ်နဲ့ပဲ ဖြတ်သန်းခဲ့ကြသည်။ ကျောင်းသားအရွယ်ကလည်း ညမှာမှစာကျက်မည်။ သို့မဟုတ် ညဈေးတန်းသွားချင်သွား၊ သို့မဟုတ် ထိုအချိန်က ဆူဖြိုးလှသော မန္တလေး၏ ပွဲဈေးတန်းများ၏အငြိမ့်ခုံများမှာ အချိန်ကုန်ချင်ကုန်၊ သို့မဟုတ် စာတစ်အုပ်ကို ခုတုံးလုပ်ကာ အလင်းဆိုင်လက်ဖက်ရည်စားပွဲများ၌ သန်းခေါင်ကျော်ချင်ကျော်ခဲ့ကြသည် မဟုတ်ပါလား။ ထိုအခါ ရေဒီယိုမှ နံနက်ချိန်ခါတေးသံသာသည် ဝဲနံတောင်းမှ ယာနံတောင်း စောင်းအိပ်သည့် အချက်ပေးသံလောက် အောက်မေ့ခဲ့သည်။ ထို့ကြောင့် နံနက် ၉ နာရီဆိုတာပုံမှန်အိပ်ရာနိုးထချိန်၊ သည်အချိန်မှထသော်လည်းစားစရာ သောက်စရာကိုဈေးရောင်းမထွက်မီပင် အဆင်သင့်စီစဉ်ပေးဖို့ ဘယ်သောအခါမျှ မပျက်ကွက်ခဲ့သော မိဘကျေးဇူးကလည်း ချော့သိပ်ပေးခြင်းတစ်မျိုးဖြစ်ပါ၏။

သတင်းစာတိုက်ကြီး တစ်တိုက်တွင် ညအယ်ဒီတာအဖြစ် နှစ်ပေါင်းများစွာ



လုပ်ကိုင်လာခဲ့သော ဆရာသမားတစ်ဦးက သတင်းစာတိုက်ပိတ်သွားသော်လည်း ညဖောင်ပရ(ပ်)ကြည့်မပြီးမချင်း မေ့မရသောမျက်စိအကျင့်ကို ရေဒီယိုလေးတစ်လုံးအဖော်ပြုကာ ကမ္ဘာ့အရပ်ရပ်ရှိလေလှိုင်းပေါင်းစုံနားထောင်ပြီးမှ အိပ်ရာဝင်လို့ရသည်ဟုဆိုခဲ့ဖူး၏။ ကျွန်တော်တို့မျက်လုံးများကတော့ ထိုကဲ့သို့ လေးနက်သည့်လုပ်ငန်းများကြောင့် မဟုတ်ဘဲအပျော်အပါးများကြောင့် အကျင့်ပါနေမှုအပေါ် ဂုဏ်ယူစွာပြောဆိုနေရခြင်းကဖြင့် စပ်ဖျဉ်းဖျဉ်းနိုင်လှပါသည်။ ထားပါတော့။

ထိုစဉ်ကာလများက နံနက်စောစောထဖြစ်သည့်နေ့ရက်များကိုတော့ လက်ချိုးရေတွက်မှတ်မိနေပါသေး၏။ ဇာတ်ပွဲကြည့်ဝါသနာပါလှသော ဖခင်က တစ်ရေးနိုးလျှင် မိမိအားနှိုးကာ ဇာတ်ပွဲ၏နှစ်ပါးသွားစခန်းချအမီသွားပြီး နောက်ပိုင်းဇာတ်တော်ကြီးများကို အရသာခံကြည့်တတ်၏။ ထို့ကြောင့် မိမိလည်း အရုဏ်မတက်မီနိုးထခဲ့ရသော နေ့ရက်များရှိခဲ့ဖူးပါသည်။ သံပတ်ပေးနာရီမှ နံနက် ၃ နာရီကလင်ကလင်နှိုးခတ်သံမှာ သားအဖနှစ်ယောက် အိပ်ရာမှလူးလဲထပြီး ကမန်းကတန်းမျက်နှာသစ်၊ အပေါ်အင်္ကျီလေးကောက်စွပ်၊ တဘက်ခေါင်းပေါင်းကာ နှစ်ယောက်သားဇာတ်ပွဲသံကြားရာဆီ ခပ်သွက်သွက်သွားကြတော့ ဒေါ်အုန်းကြည်အကြော်ဖိုက မီးတရဲရဲဖြင့်ဆီကျက်စပြုနေပြီ။ ဒေါ်လှရီကောက်ညှင်းပေါင်းအိုးက အငွေ့ချောင်းချောင်းထနေ၏။ ဦးဘစိမ်း လက်ဖက်ရည်ဆိုင်မှာ ကျွန်းထဲက စိမ်းစားဥလှည်းနှစ်စီးရပ်ပြီးကျောက်ပန်းတောင်း နှစ်ခွက်မှာနေကြပြီ။

ရွှေတချောင်းအနောက်ဘက်ပုံကျဈေးတန်းမှာတော့ မီးခွက်တစ်လက်လက်ဖြင့် ကားလမ်းပိတ်မျှ ရောင်းဝယ်ဖောက်ကားနေကြပါပကော။ ဟော ၈၅ လမ်းထိပ်၊ ဦးကာကလက်ဖက်ခြောက်တိုက်ရှေ့မှာ အမှတ်(၈)ကားက "တောင်မြို့ တောင်မြို့"ဟု တစာစာဟစ်ရင်း ဂီယာတဒီးဒီးထိုးနေပြီ။ ယိုးဒယားဈေးဝင်း ကျုံးပေါ်တော်မူ ဓမ္မာရုံပွဲမြို့တော်ဝင်းမြိုင်၏ နှစ်ပါးသွားခွန်းထောက်သံက ကျွန်တော်တို့ခြေလှမ်းများကို ပိုသွက်စေ၏။

ရုံတော်ကြီးဒေါ်စိမ်းရုံဆီချက်ဆိုင်မှ ခေါက်ဆွဲပြုတ်နံ့က တစ်လမ်းလုံးသင်းနေသည်။ မြင်းမူလေယာဉ်ပျံကားက နံပါတ်(၃)ကားပင် လူပြည့်နေ၏။

ဤသို့ဖြင့်ဇာတ်ပွဲမှာ သားအဖနှစ်ယောက် သံဃာစင်နံဘေးမင်းလမ်းပေါ်ရောက်တော့ နှစ်ပါးသွားကစခန်းချနေပြီ။ "ကွမ်းဆော်"နောက်ပိုင်းဇာတ်ကိုကြည့်ရှုအပြီး ဇာတ်ပေါင်းကြတော့ဓမ္မာရုံဆွမ်းကြီးလောင်းတာ ပြီးလုပြီဖြစ်၏။ အား...မနက်(၆)နာရီ။

ဇာတ်ပွဲအပြင် ၈၁ လမ်းမှာ၊ ၂၉ လမ်းမှာ ပျားပန်းခပ်လှုပ်ရှားနေပါပြီ။ မြင်းလှည်းတွေ တခွပ်ခွပ်ပြေးနေပြီ။ တရုတ်ဈေးသည်တချို့ ဈေးတောင်းအခွံဆောင်းကာ ဈေးနုတ်ရေတွက်ရင်း အိမ်ပြန်ကြပြီ။ ဘတ်စ်ကားများက အင်ဂျင်ပင်ဆူတော့မည်။ ၈၂ လမ်းထိပ်၊ သံဂဟေဆိုင်မှာ သံတံခါးတစ်ချပ် ဂဟေဆော်ပြီးပြီ။ ဝှာရုံဓာတ်ပုံတိုက်မှာ မနေ့က ရိုက်ပြီး ဖလင်များ ခဲထိုးပြီးနေ၏။ ၂၉ လမ်း ဘုံဆိုင်တွင် ညရောင်းဖို့အတွက် ဘီအီးစည်ကိုဖွင့်နေပြီ။ ၂၉ လမ်းထောင့်က ကီးရှော့ဆိုင်လေးတွင် ဘကြီးမောင်က မိုးဝေမဂ္ဂဇင်းများကို အဖုံးချုပ်ပြီးနဂါးစာပေတံဆိပ်တုံးကို တဒုံးဒုံးထုနေသည်။

ထီးတိုင်ဈေးပင် ဈေးကွဲလုပြီ။

ကျွန်တော်တို့သားအဖသည် ထုံးဘုံတန်းက သက်သာလက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်ဝင်ပြီး တိုကင်လေးပြားဝယ်ကာနံပြားတစ်ချပ်၊ လက်ဖက်ရည်တစ်ခွက်စီမှာတော့ နံပြားမရတော့သဖြင့် ဗန်းမုန့်တစ်လုံးစီကောက်ကိုင်လိုက်ရသည်။ အချိန်က ဘာရှိဦးမလဲ၊ မနက် ၇ နာရီ။

အိမ်ပြန်ရောက်တော့ အမေဈေးရောင်းထွက်သွားပြီ။ အိမ်မှာထမင်းဟင်းအားလုံးချက်ပြီးပြီ။ ဆွမ်းတော်တင်ပြီးပြီ။ ထိုင်ကိုယ်တော် ရပ်ကိုယ်တော်များဆွမ်းလောင်းပြီးပြီ။ ကျွန်တော် အခါတိုင်းအိပ်ရာမှထနေကျ မနက် ၉ နာရီရောက်ဖို့လိုသေးပါလား။ ထိုမနက်ပိုင်းအတွင်းမှာပင် အလုပ်တွေအများကြီးလုပ်ပြီးကြပြီ။ လူတွေအားလုံး ခြေလှမ်းသွက်သွက်လှမ်းသွားကြတာ ခရီးအတော်အတန်ရောက်ကုန်ကြပြီမဟုတ်ပါလား။ တအင်းအင်းညည်းညူ အပျင်းဆန့်ကာ အိပ်ရာထဲဘယ်ပြန် ညာပြန်လူးလဲအိပ်နေသောရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာအတွင်း နံနက်စောစောထသူများက သူတို့ဘဝကို ခိုင်ခံ့စွာတည်ဆောက်၊ ရှေ့ရောက်ကုန်ကြလေပြီ။

သို့သော် ထိုအသိ၊ ထိုအတွေးကား ထိုစဉ်၊ ထိုကာလကတွေးခဲ့သောအတွေး၊ သိခဲ့သောအသိမဟုတ်၊ ယခုမှပြန်လှန်သတိရ နောင်တရနေခြင်းပင်ဖြစ်ပါ၏။

နောက်ထပ် မနက်စောစောထဖြစ်သော ဖြစ်ရပ်တချို့မှာ နှစ်စဉ်နှစ်တိုင်း မတ်လ၌ ကျင်းပသည့် စာမေးပွဲကြီးများရက်အတွင်း ကရေသောပါး၊ ဖုတ်ပူမီးတိုက်၊ အူယားဖားယား၊ အပြေးအလွှားမို့ မနက် ၅ နာရီလောက် နှိုးစက်လေးနှင့် လူးလဲထပြီး လက်ပူတိုက်စာကျက်ရခြင်းဖြစ်ပါသည်။ မနက် ၈ နာရီ စာမေးပွဲခန်းအရောက် ပြေးရဦးမှာမို့ ထိုနှစ်နာရီမျှရသော အချိန်သည် နည်းပါးလှ၏။ ကုန်ခဲ့သောအချိန်များကို နှမြောတသမိပါ၏။ သို့သော် ထန်းရည်မူးသူတစ်ဦး အမူးပြေတော့ ထန်းပင်မော့ကြည့်သူပမာ စာမေးပွဲပြီး ပွတ်ကာသီကာအောင်ပြီး အတန်းတက်ရတော့ တစ်နေ့စာ တစ်နေ့ကျက်ဖို့နေသာ ခွေးမြီးကောက် ကျည်တောက်စွပ်ပမာ အလေဏတောကိစ္စဘက် ထုံးစံအတိုင်း ဦးလှည့်သွားပြန်တော့၏။ ထူးမခြားနား။

မကြာမီ ကျွန်တော်သည် ဝတ္ထုတစ်ပုဒ်ကို မှတ်မှတ်ရရ မိုးဝေမဂ္ဂဇင်းတွင်ဖတ်လိုက်ရ၏။ ၁၉၇၆ မေ။

ထိုဝတ္ထုကို ဖတ်လိုက်ရသောအခါ ကျွန်တော့်တွင် အဆင်သင့်ရှိနေသော၊ သို့တည်းမဟုတ် ရနိုင်သော အခွင့်အရေးများ လက်လွတ်ဆုံးရှုံးနေသည်မက လူ့ဘဝတွင် ရတောင့်ရခဲသို့တည်းမဟုတ် လူ့ဘဝတွင်ကြုံရဆုံရသော လောကသဘာဝ၏ "အလှ"ကို မိုက်မဲစွာ လက်လွှတ်ဆုံးရှုံးနေရသည်ကို သတိပြုမိပြန်၏။

ဝတ္ထုတွင် စာရေးဆရာသည် မနက်စောစောထ၍ လမ်းလျှောက်သည်။ သူလမ်းလျှောက်သည်က တည်းခိုရာ မန္တလေး ၈၃ လမ်းနှင့် ၂၉ လမ်းထောင့် နေအိမ်မှ အရှေ့တရုတ်တန်းသို့တက်သည်။ လမ်း ၈၀ တရုတ်တန်းရောက်တော့ မြောက်သို့ချိုးကာ ကျုံးထောင့်သို့ ဦးတည်သည်။ အနောက်တောင် ကျုံးထောင့်ရောက်တော့ တောင်ဘက်နံဘေး ကျုံးအတိုင်း အရှေ့သို့လျှောက်၏။ အရှေ့တောင် ကျုံးထောင့်ရောက်မှ ပြန်လှည့်ခဲ့သည် ဆိုသည်။

*("ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့မန်းရိပ်ခို" ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)*

## သတင်းတိုများ

### အရက်သေစာသောက်စား၍ယာဉ်မောင်းခြင်းမရှိစေရန် စစ်ဆေး

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်-မန္တလေးအဝေးပြေးလမ်းပေါ်၌ မောင်းနှင်သည့် ယာဉ်မောင်းသူများအနေဖြင့် အရက်သေစာသောက်စား၍ ယာဉ်မောင်းခြင်းမရှိစေရန် စစ်ဆေးမှုများကို စက်တင်ဘာ ၁၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မန်စီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လွင်ဦး ကြီးကြပ်ပြီး ဒုရဲမှူးမြတ်ထွန်း ဦးစီးသော အမှတ်(၁၀၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ဗန်းမော်)မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ မန်စီမြို့အဝင် ဘီးခွန်ဂိတ်၌အခြေပြု၍ ဖြတ်သန်းမောင်းနှင်လာသောမော်တော်ယာဉ်များကို ရပ်တန့်စေပြီး မော်တော်ယာဉ်မောင်းနှင်သူများ အရက်သေစာသောက်စားထားခြင်း ရှိ မရှိကို (Alcohol Tester)ဖြင့် စစ်ဆေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### ရဲတပ်ဖွဲ့နေ့အကြို ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့ပြည်သူ့ဆေးရုံဝင်းအတွင်း၌ သစ်ပင်ချုံနွယ်များ၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဟိုပန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသီဟန်ဦးဆောင်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ စခန်းမှူး ဒုရဲမှူးမောင်မောင်မြင့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့စု(၁၂၆)မှ ရဲအုပ်ခင်မောင်ထွဋ်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ အင်အား ၆၅ ဦး စုပေါင်း၍ စက်တင်ဘာ ၁၈ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### အလုပ်သမားဆေးရုံကြီးသို့ ဇီကာပိုင်းရပ်စ်ကာကွယ်ဝတ်စုံများ ပေးအပ်

တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ကျိုက္ကဆံလမ်းရှိ အလုပ်သမားဆေးရုံကြီးသို့ ဇီကာဗိုင်းရပ်စ်ပိုး ကာကွယ်နိုင်သော ဝတ်စုံ ၈၄၀ ကို ဂျပန်နိုင်ငံအစိုးရက စက်တင်ဘာ ၁၈ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။ ဝတ်စုံများပေးအပ်ပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဖူလုံရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသန့်၊ တိုင်းဒေသကြီး လူမှုဖူလုံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဦးနှင့် တာမွေမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အလုပ်သမားဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **လုလု**

### ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အသက် ၁၆ နှစ်အောက် မြို့နယ်အလိုက်ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ရွှေဘိုမြို့ ရန်ကြီးအောင်အားကစားကွင်း၌ စက်တင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ပြိုင်ပွဲကျင်းပသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဘောလုံးပြိုင်ပွဲကို စတင်ကျင်းပရာ ရွှေဘိုမြို့နယ်ဘောလုံးအသင်းက တန့်ဆည်မြို့နယ် ဘောလုံးအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲတွင် ရွှေဘိုခရိုင်အတွင်း မြို့နယ်များမှ ကျောင်းအသင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **သန်းထိုက်(ပြန်/ဆက်)**

### မတ္တရာမြို့နယ်၌ အသက်(၁၆)နှစ်အောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ကံဖြူကျေးရွာ အခြေခံပညာမူလတန်းကျောင်း အားကစားကွင်း၌ အသက် (၁၆) နှစ်အောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်မှ စတင်ကျင်းပလျက်ရှိသည်။ အဆိုပါပြိုင်ပွဲသို့ မတ္တရာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဘောလုံးအသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အုပ်စုပတ်လည်စနစ်ဖြင့် စက်တင်ဘာ ၁၇ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ စက်တင်ဘာ ၁၇ ရက်က ကျင်းပခဲ့သော အဖွင့်ပွဲစဉ်တွင် ကျောက်တံတားအသင်းက စကျင်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## ကျေးရွာစာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်များ လှူဒါန်း

**ကနီ စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မုဒ္ဒောကျေးရွာအုပ်စု မုဒ္ဒော(ရ)ကျေးရွာရှိ ပညာအလင်းမွန်စာကြည့်တိုက်သို့ သုတ၊ရသ စာအုပ်စာစောင်များကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် အမှတ်(၁၁)ပညာရေးကျောင်းမှ စက်တင်ဘာ ၁၆ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အမှတ်(၁၁) ပညာရေးကျောင်းမှ ဗိုလ်ကြီးစိုင်းမျိုးဝင်းက "ဒီလို သုတ၊ ရသစာအုပ်များကို ကျေးရွာပြည်သူများ စာကြည့်တိုက်မှာ အလွယ်တကူဖတ်ရှုနိုင်ဖို့ ကျွန်တော်တို့အနေနဲ့ ချောင်းမ၊ မင်းမ၊ သမင်ခြံ၊ တဇယ်ချောင်ကျေးရွာနဲ့ ရှမ်းမြောင်းကျေးရွာ စာကြည့်တိုက်များမှာ စာအုပ်များလှူဒါန်းပေးအပ်ခဲ့ပြီး အခု မုဒ္ဒောကျေးရွာ ပညာအလင်းမွန်စာကြည့်တိုက်ကို သုတ၊ ရသစာအုပ်များ လာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီး ကနီမြို့နယ်အတွင်းက ကျေးရွာစာကြည့်တိုက်များကို တစ်လလျှင် တစ်တိုက် စာအုပ်များ ဆက်လက်လှူဒါန်းသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။ ထို့နောက် သုတ၊ရသ စာအုပ်စာစောင်များနှင့် ဂျာနယ်များကို ကျေးရွာစာကြည့်တိုက်မှူးထံ ပေးအပ်ခဲ့သည်။

စာအုပ်များ ပေးအပ်လှူဒါန်းပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်ဝင်းကြည်ကလည်း စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်နေမှုများကို ဒေသခံ စာပေဝါသနာရှင်များအား ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်အတွက် သုတရသစာအုပ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ လှူဒါန်းခဲ့သည်။ **သန်းငွေအောင်(ကနီ)**

## စပါးစိုက်ခင်းများတွင် ဖြတ်ပိုးများကျရောက်နေသဖြင့် စုပေါင်းနှိမ်နင်းနေရ

**ဘားအံ စက်တင်ဘာ ၂၀**

ကရင်ပြည်နယ်အတွင်းရှိ ဘားအံမြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ၄၀ မှ စပါးစိုက်ခင်း ဧက ၅၀၀ ကျော်တွင် ဖြတ်ပိုးများ ကျရောက်နေမှုကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ စုပေါင်း၍ နှိမ်နင်းနေရကြောင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဖြတ်ပိုးကျရောက်မှုကာကွယ်နှိမ်နင်းရေးနှင့် ထပ်မံမဖြစ်ပွားရေးအတွက် စက်တင်ဘာ ၁၈ ရက်အထိ မြို့ပေါ်လူနေစည်ကားရာနှင့် ကျေးရွာများတွင် ပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေကြရကြောင်း သိရသည်။



ဖြတ်ပိုးနှိမ်နင်းရေးအတွက် ပိုးသတ်ဆေးဖျန်းရန် ပြင်ဆင်နေသော တောင်သူများ

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများအနေဖြင့် ဖြတ်ပိုးများကျရောက်လျက်ရှိသော ဘားအံမြို့နယ်အတွင်းရှိ ဆင်ကျုံ၊ ကော့ဒါန်၊ မုတ်ကတိ၊ ကော့ရင်းအောက်၊ ထောင်ကလပ်၊ ဂျိုင်း၊ ဝင်းကျန်၊ ရဲသာ၊ တော်ပုံနှင့် ဘားကပ်ကျေးရွာများရှိ စပါးစိုက်တောင်သူများနှင့် တွေ့ဆုံကာ ဖြတ်ပိုးအန္တရာယ်အကြောင်း အသိပညာပေးခြင်းများနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်နေကြပြီး တောင်သူများနှင့်ပူးပေါင်းကာ မီးထောင်ချောက်ဆင်ခြင်း၊ ဆေးဖျန်းခြင်းများဖြင့် ဖြတ်ပိုးနှိမ်နင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဖြတ်ပိုးများ ကျရောက်ရခြင်းမှာ ယခင်နှစ်စပါးစိုက်ခင်း ပတ်ဝန်းကျင်တွင် ဖြတ်ပိုးများခိုအောင်းနိုင်သော ပေါင်းမြက်များရှိနေခြင်း၊ ပိုးသတ်ဆေး ပိုမိုသုံးစွဲခြင်းကြောင့် မိတ်ဆွေပိုးများ သေကြေပျက်စီးပြီး ဖြတ်ပိုးများ များပြားလာခြင်း၊ ရာသီဥတုက နေသာလိုက် မိုးရွာလိုက်ဖြစ်ခြင်းကြောင့် ဖြတ်ပိုးများ ပိုမိုများပြားလာခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ ဖြတ်ပိုးအန္တရာယ် ကာကွယ်နိုင်ရန်အတွက် စပါးစိုက်ခင်းများကို ရေထုတ်ပေးခြင်း၊ ပိုးသတ်ဆေးသုံးစွဲမည်ဆိုပါက ပင်လုံးပျံ့ပိုးသတ်ဆေးများကို နှုန်းထားမှန်ကန်စွာ အသုံးပြုရန် လိုအပ်ကြောင်း တောင်သူများအား အသိပညာပေးလျက်ရှိသည်။

ယခုနှစ်တွင် ကရင်ပြည်နယ်အတွင်း ဘားအံမြို့နယ်တွင်သာမက လှိုင်းဘွဲ့၊ ကော့ကရိတ်နှင့် ဖာပွန်မြို့နယ်များတွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများအတွင်း၌လည်း ဖြတ်ပိုးများ ကျရောက်နေလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **နေမျိုးလွင်(ဘားအံ)**

## ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးပညာပေးဟောပြော




**ကန်ကြီးထောင့် စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အမှတ်(၁)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း အမျိုးသားခန်းမ၌ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးအသိပညာ ဗဟုသုတများရရှိစေရန်ရည်ရွယ်၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၇ ရက်က ပြုလုပ်ခဲ့ပြီး ရန်ကုန် ဆေးတက္ကသိုလ်(၂) ကျောင်းသားများသမဂ္ဂအဖွဲ့ဝင်များက ဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ရန်ကုန်ဆေးတက္ကသိုလ်(၂) ကျောင်းသားများသမဂ္ဂအဖွဲ့မှ ဆေးကျောင်းသား ကျောင်းသူများက ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာများ၊ လူ့ခန္ဓာကိုယ်အကြောင်း သိကောင်းစရာများ၊ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ၊ ကူးစက်လွယ်တီဘီရောဂါနှင့် ဆီးချိုသွေးချိုရောဂါအကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကို အမှတ်(၁)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၂၀၀ ခန့်အား အသေးစိတ်ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **နန်းထိုက် (ပြန်/ဆက်)**

## ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စု ၃၇ စုအတွက် လှူဒါန်းထောက်ပံ့

**တိုက်ကြီး စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ အုန်းပင်ကွင်းကျေးရွာအုပ်စု အေးရွာတွင် ကမ်းပြိုကျမှုကြောင့် ရွှေ့ပြောင်းနေထိုင်ရသည့် အိမ်ထောင်စု ၃၇ စု အတွက် ထောက်ပံ့ပစ္စည်းများကို စက်တင်ဘာလ ၁၆ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးဦးစီးဌာနနှင့် အလှူရှင်များ လှူဒါန်းထားသော ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး၊ အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ ကျပ် ၁၈၅၀၀၀၀၊ ဆန်ဖိုးထောက်ပံ့ငွေ ကျပ် ၁၄၁၃၀၀၊ အိန္ဒိယရေတပ်မှလှူဒါန်းသည့် ၂၅ ကီလိုပါဆန်အိတ် ၃၇ အိတ်၊ SCG Relief bag 37 အိတ်၊ ရေသန့် ၂၈၅ ကတ်၊ စားဆီ ၁၉ ဗူး၊ ခေါက်ဆွဲ ၃၇ ဗူး၊ အဝတ်အထည်၊ ဆေးနှင့် ဗလာစာအုပ်များကို တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပန်းသဥ္စာမျိုး၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးဦးစီးဌာနမှူးနှင့် အဖွဲ့တို့က ပြောင်းရွှေ့ရသော အိမ်ထောင်စု ၃၇ စုမှ လူဦးရေ ၁၅၇ ဦးအတွက် ထောက်ပံ့ပေးအပ်ခဲ့သည်။ **ထွန်းလှိုင်(မြိုင်)**

## စပါးစိုက်ခင်းများအတွင်းသို့ ငါးသားပေါက်ကောင်ရေ ခြောက်သောင်းကျော် မျိုးစိုက်ထည့်

**ရေဦး စက်တင်ဘာ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေဦးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်းငါးမျိုးများ မပြုန်းတီးစေရေးအတွက် မရကန်မြောင်းလက်တံ(၃)အနီး မုတ်စီကျေးရွာရှိ စပါးစိုက်ခင်းများ၌ ငါးကောင်ရေခြောက်သောင်းကျော်ကို စက်တင်ဘာ ၁၆ ရက်က မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။




မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန တာဝန်ခံ ဦးပေါလွင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းတို့က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်တို့ထံ ငါးသားပေါက်များ ပေးအပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတောင်သူများက စပါးစိုက်ခင်းများအတွင်းသို့ ငါးခုံးမကြီးကောင်ရေ လေးသောင်းခွဲ၊ တီလားပီးယားကောင်ရေ ငါးထောင်နှင့် ငါးမြစ်ချင်းကောင်ရေ တစ်သောင်းခွဲ စုစုပေါင်းငါးသားပေါက်ကောင်ရေ ခြောက်သောင်းကို စပါးစိုက်ခင်းနှင့်လယ်ကြားမြောင်းများအတွင်းသို့ စုပေါင်းမျိုးစိုက်ထည့်ခဲ့ကြခြင်းဖြစ်သည်။ **သန်းထိုက်(ရေဦး)**

# ဖယ်ခုံပြည်သူ့ဆေးရုံ နှစ်ထပ်လူနာဆောင်သစ် မကြာမီဖွင့်လှစ်မည်

**ဖယ်ခုံ စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့ ပြည်သူ့ဆေးရုံ၌ စုစုပေါင်း ခွင့်ပြုရန်ပုံငွေ ကျပ် သန်း ၇၀၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့သော (၂၅)ခုတင်ဆံ့ နှစ်ထပ်လူနာဆောင်သစ်အပါအဝင် ဝန်ထမ်းအိမ်ရာများနှင့် အခြားဆက်စပ်လုပ်ငန်းများကို စက်တင်ဘာလအတွင်း စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြို့နယ်ပြည်သူ့ဆေးရုံသည် ၁၉၆၄ ခုနှစ်တွင် (၁၆)ခုတင်ဆံ့ မြို့နယ်ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သော်လည်း စံကိုက်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ခြင်း မရှိခဲ့သောကြောင့် တိုးတက်လာသော ဆေးရုံတက်လူနာများအတွက် လူနာဆောင်များ အခက်အခဲရှိခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် (၂၅)ခုတင်ဆံ့ စံကိုက်အဆောက်အအုံ ဆောက်လုပ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်တွင်တင်ပြတောင်းဆိုခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုငွေ ကျပ်သန်း ၇၀၀ ကျော်ဖြင့် အလျား ၁၄၆ ပေ၊ အနံ ပေ ၇၀ နှင့် အမြင့် ၂၂ ပေရှိ (၂၅)ခုတင်ဆံ့ စံကိုက်ဆေးရုံ နှစ်ထပ်အဆောက်အအုံတစ်လုံး၊ အလျား ၄၈ ပေ၊ အနံ ၃၇ ပေနှင့် အမြင့် ၁၂ ပေရှိ နှစ်ခန်းတွဲ လက်ထောက်ဆရာဝန်နေအိမ်တစ်လုံး၊ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများ၊ ခြောက်ခန်းတွဲ အမှုထမ်းနေအိမ် တစ်လုံး၊ သုံးခန်းတွဲ အမှုထမ်းနေအိမ် တစ်လုံး၊ လေးခန်းတွဲ သူနာပြုနေအိမ် တစ်လုံး၊ အမြင့် ၂၄ ပေရှိ ဂါလန် ၁၆၀၀ ဆံ့ရေစင်၊ ရင်ခွဲရုံတစ်လုံး၊ ခြံစည်းရိုးကာရံခြင်း ပေ ၂၄၀၀၊ စက်ရေတွင်း (အဝီစိတွင်း)နှင့် ရေစက်အိမ်တစ်လုံး၊ ဂါလန် ၃၂၀၀ ဆံ့အုတ်ရေကန်နှစ်လုံးတို့ကို တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဖယ်ခုံမြို့ခရီးစဉ်အတွင်း လမ်းညွှန်ချက်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၂၀၀ ကေဗွီ ထရန်စဖော်မာတစ်လုံးနှင့် ၄၄၀ ဗို့ခာတ်အားလိုင်း ပေ ၁၂၀၀ တပ်ဆင်ခြင်း၊ ဆေးရုံဟောင်းတွင် လျှပ်စစ်မီးကြိုးများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ ခွဲစိတ်ခန်းတွင် အဲယားကွန်းလေးလုံး တပ်ဆင်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ နှစ်ထပ်လူနာဆောင်သစ်အတွက် လူနာခုတင် ၂၅ လုံး၊ မွေ့ရာ ၅၀၊ ဗီရိုပု ၂၅ လုံး၊ အိပ်ရာခင်း ၅၀၊ ကလေးခုတင် ငါးလုံးအပါအဝင် ဆေးရုံသုံးပစ္စည်းများကို ရန်ကုန်ဗဟိုဆေးသိုလှောင်ရေးဌာနမှ ထောက်ပံ့ပေးပို့ခဲ့ပြီးဖြစ်ကာ ရှမ်းပြည်နယ်ကုသရေး ဦးစီးဌာနကလည်း Patient Screen ခြောက်ခု၊ wheel Chair တစ်ခု၊ Chart Trolley နှစ်ခုနှင့် ခာတ်ခွဲခန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှလည်း Photo Therepy Unit တစ်ခု၊ ဟိုပုံးဆေးရုံမှ Labour Bed တစ်လုံးနှင့် CMSD မှ ခာတ်မှန်စက်တစ်လုံးတို့ကို ရရှိခဲ့ပြီးဖြစ်ကြောင်း၊ (၂၅)ခုတင်ဆံ့ နှစ်ထပ်လူနာဆောင်သစ်ကြီး ဖွင့်လှစ်ပြီးပါက ဆေးရုံတက်လူနာများအနေဖြင့် ဆေးရုံသုံးပစ္စည်းများ စုံလင်စွာဖြင့် စိတ်အေးချမ်းစွာ ဆေးကုသမှုခံယူနိုင်မည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဦးထံမှ သိရသည်။

**မောင်မောင်ထွေး(ပြန်/ဆက်)**



# မိုးနှောင်းကောင်း၍ မိုးစပါးများအောင်မြင်ဖြစ်ထွန်း

**ဖြူး စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်သည် တောင်ငူခရိုင် ခြောက်မြို့နယ်အတွင်း မိုးစပါးနှင့်ဆောင်းရာသီသီးထပ်ပဲမျိုးစုံ စိုက်ကေအများဆုံး စိုက်ပျိုးထုတ်လုပ်သော မြို့နယ်တစ်ခုဖြစ်သည်နှင့်အညီ ယခုနှစ် မိုးစပါးစိုက်ကေကိုလည်း သတ်မှတ်လျာထားချက်အတိုင်း ၁၅၁၄၅၄ ကေကို ကြဲခင်း၊ စိုက်ခင်းများဖြင့် စိုက်ပျိုးထားခဲ့ကြရာ ယခုအချိန်တွင် ရာခိုင်နှုန်းပြည့် စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့စိုက်ပျိုးခဲ့ရာ ယခုနှစ်တွင် မိုးနှောင်း(နောက်မိုး) ကောင်းလျက်ရှိသဖြင့် မိုးစပါးများမှာ တစ်မြို့နယ်လုံး အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အချို့စပါးစိုက်ခင်းများ စပါးနှံများထွက်ရှိနေသည်ကို တွေ့ရှိရသည်။ ယခုနှစ်မိုးဦးကျ မိုးစပါးစိုက်ပျိုး ရာသီတွင် လယ်ယာလုပ်သားများနှင့် ကောက်စိုက်သမများရှားပါးမှုကြောင့် ယခင်စိုက်ပျိုးခြင်း အလေ့အထနည်းပါးခဲ့သော စပါးစေ့ ရေစိမ်အညှောက်ဖောက်၍ ကြဲပက်၍ ကြဲခင်းစနစ်ကို ယခုနှစ်တွင် လယ်သမားအများအပြားစိုက်ပျိုးခဲ့ကြရာ ပျိုးထောင်၍ ပျိုးပင်ကို ကောက်စိုက်သမများနှင့် စိုက်ပျိုးထားခဲ့ကြသည့် စပါးစိုက်ခင်းများ နီးပါးအောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် လယ်သမားကြီးများ အားရကျေနပ်လျက်ရှိကြသည်။

"ကျွန်တော်တို့ လယ်ယာလုပ်ကိုင်နေကြတဲ့ လယ်သမားအများစုမှာ လွန်ခဲ့တဲ့ ၁၀ စုနှစ်လောက်ကစပြီး စာရင်းငှား လယ်ယာလုပ်သားများနဲ့ ကောက်စိုက်သူမများ ရှားပါးလာမှုကြောင့် မိုးရာသီလယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် အခက်အခဲနဲ့ ရင်ဆိုင်ကြရပါတယ်။ ဒါ့ကြောင့် လယ်သမားများအနေနဲ့ စပါးစေ့ကို ရေစိမ်အညှောက်ဖောက်ပြီး ကြဲခင်းစနစ်ကို စမ်းသပ်စိုက်ပျိုးခဲ့ကြရာမှ အထွက်နှုန်း သိပ်မကွာတဲ့အတွက် အခုဆို ကြဲခင်းစနစ်နဲ့ စိုက်ပျိုးလာသူ တစ်နှစ်ထက်တစ်နှစ် များပြားလာခဲ့ပါပြီ"ဟု ဖြူးမြို့နယ် ညောင်ပင်သာဒေသမှ ဒေသခံလယ်သမားတစ်ဦးက ပြောသည်။

**ဖြူးမြင့်ဦး**

# ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး ကွင်းဆင်းဆောင်ရွက်

**ဘားအံ စက်တင်ဘာ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စုအတွင်း အနိမ့်ပိုင်းကျ၍ ရေကြီးနစ်မြုပ်လေ့ရှိသော ကျေးရွာများမှ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အဆိုပါကျေးရွာများရှိ ရေတွင်းများကို ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများ စက်တင်ဘာ ၁၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရေကြီးနစ်မြုပ်ခဲ့သော ရေတွင်းများတွင် ရေသန့်စင်ရေးအတွက် ရေသန့်စင်ဆေးပြား အထုပ် ၃၈၇၀နှင့် ကလိုရင်း ၂၂ ဒသမ ၂ ကီလိုဂရမ်ကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစောကျော်ဝင်းနှင့် ကျေးလက်ကျန်းမာရေးဌာနမှ ဆရာမများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ရေတွင်းတစ်တွင်းချင်းစီ၏ ရေထုကိုတွက်ချက်၍ နည်းစနစ်တကျ ဆေးခတ်ခြင်းလုပ်ငန်းများကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။ **ထွန်းထွန်းထွေး (ဘားအံ)**

# မှုခင်းကျဆင်းရေး ပညာပေးဟောပြော

**လက်ပံတန်း စက်တင်ဘာ ၂၀**

လက်ပံတန်းမြို့ဘူတာရုံ၌ လက်ပံတန်းမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ရထားရဲတပ်ဖွဲ့အမှတ်(၁၉)တပ်ခွဲမှူး ဒုရဲမှူးဖိုးဆယ်နှင့် တပ်ဖွဲ့ဝင်များ၊ မီးရထားဝန်ထမ်းများ ပူးပေါင်း၍ ရထားစီးခရီးသည်များအား မှုခင်းကျဆင်းရေးဆိုင်ရာများကို စက်တင်ဘာ ၁၇ ရက်က ဟောပြောခဲ့ကြောင်း သိရသည်။

ရထားစီးခရီးသည်များအား ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေအကြောင်း အသိပညာပေးခြင်း၊ မှုခင်းမဖြစ်ပွားစေရန် ဆောင်ရွက်နေမှုများ၊ ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်မဖြစ်စေရန်နှင့် ဘူတာဝင်းအတွင်း အခြေအနေမဲ့များ ကျူးကျော်နေထိုင်ခြင်းမရှိစေရန် ဆောင်ရွက်နေမှုများကို အသိပေးဆွေးနွေးပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေအကြောင်း အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**



## မှုခင်းသတင်းတိုများ

**ကသာ**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မံစီကြီးနယ်မြေရဲစခန်းအပိုင် ပင်လှိုင်းရွာ၌ WY စာတမ်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၃၀ ကို စက်တင်ဘာ ၁၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မံစီကြီးနယ်မြေရဲစခန်းမှ ရဲအုပ် မောင်ဇော်၊ လိပ်စောရဲကင်းမှူး ရဲအုပ်အာကာမင်းမင်းနှင့် မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ ရဲတပ်ကြပ်ကြီး အောင်ဇော်လတ်တို့ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ပင်လှိုင်းကျေးရွာနေ မောင်ချို၏ နေအိမ်သို့ ဗန်းမောက်မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးရှာဖွေခွင့်ဝရမ်းဖြင့် ဝင်ရောက်ရှာဖွေခဲ့ရာ အိမ်ရှင်မောင်ချို၏ အိပ်ယာဘေးမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၄၅ ပြားပါ တစ်ထုပ်နှင့် စိတ်ကြွဆေးပြား ၈၅ ပြားတစ်ထုပ် စုစုပေါင်း စိတ်ကြွဆေးပြား ၁၃၀ ပြားကို သိမ်းဆည်းရမိခဲ့သဖြင့် ရဲအုပ်မောင်ဇော်က မံစီကြီးနယ်မြေရဲစခန်း၌ တရားလိုပြုလုပ်တိုင်တန်းခဲ့ပြီး ရဲအုပ်အာကာမင်းမင်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

**ခန္တီး**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ တရားမဝင်ကျောက်စိမ်းအရိုင်းထုပ်များ သယ်ဆောင်လာသူခြောက်ဦးကို စက်တင်ဘာ ၁၇ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ခန္တီးမြို့ ဇီးဖြူကုန်းရပ်ရှိ ဖောင်ဆိုင်ကူးတို့ဆိပ်၌ တရားမဝင်ကျောက်စိမ်းများ သယ်ဆောင်လာကြောင်း သတင်းအရ ခန္တီးမြို့ကျောက်စိမ်းတူးဖော်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဝေနှင့် ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ စက်တင်ဘာ ၁၇ ရက်က ရှောင်တခင်ဝင်ရောက်စစ်ဆေးရာ ခန္တီးမြို့ ဇီးဖြူကုန်းရပ်နေ ဟူပန်ထံမှ အလေးချိန် ၀ ဒသမ ၇ ကီလိုဂရမ်ခန့်ပါ ကျောက်စိမ်းအရိုင်းတုံး တစ်ထုပ်၊ ဟုမ္မလင်းမြို့ ထမသီ ရန်နွေးရပ်နေ ကျော်စွာထံမှ အလေးချိန် ၃ ဒသမ ၆ ကီလိုဂရမ်ခန့်ပါ ကျောက်စိမ်း အရိုင်းတုံး တစ်ထုပ်၊ ကချင်ပြည်နယ် ဆားဒုံးမြို့နေ ဇော်လေးထံမှ အလေးချိန် ၃၀ ကီလိုဂရမ်ခန့်ပါ ကျောက်စိမ်းအရိုင်းတုံး တစ်ထုပ်၊ မြစ်ကြီးနားမြို့ ရန်ပုန်ရပ်နေ ငွါးဆာလားထံမှ အလေးချိန် ၁ ကီလိုဂရမ်ခန့်ပါ ကျောက်စိမ်းအရိုင်းတုံးတစ်ထုပ်၊ မင်းကင်းမြို့နယ် တောင်တွင်းရွာနေ တင်ငွေထံမှ ၀ ဒသမ ၃ ကီလိုဂရမ်ခန့်ပါ ကျောက်စိမ်းအရိုင်းတုံးတစ်ထုပ်နှင့် ကျိုင်းတုံမြို့နေ စိုင်းဝန်းထံမှ အလေးချိန် ၀ ဒသမ ၃ ကီလိုဂရမ်ခန့်ပါ ကျောက်စိမ်းအရိုင်းတုံးထုပ်တစ်ထုပ်ကို ဖမ်းမိခဲ့သဖြင့် ကျောက်မျက်ဥပဒေအရ ခန္တီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး တာဝန်ရှိသူထံမှ သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

**ကော့သောင်း**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဆိုင်ကယ်များ ခိုးယူနေသူတစ်ဦးအား စက်တင်ဘာ ၁၅ ရက်က ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။ ဆိုင်ကယ်ပျောက်ဆုံးမှုများနှင့် ပတ်သက်၍ ကော့သောင်းမြို့အဏ္ဏဝါရပ်ကွက် စံပယ်လမ်းနေ အဝီ(ခ)ဇေယျာလင်းအား မသင်္ကာ၍ စောင့်ကြည့်နေခဲ့ရာမှ ရဲတပ်ဖွဲ့က ခိုးမှုဖြင့် ခေါ်ယူစစ်ဆေးခဲ့ရာ ဆိုင်ကယ်ငါးစီးခန့်ခိုးယူခဲ့မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ခိုးယူရောင်းချခဲ့သော ဆိုင်ကယ်များကို လိုက်လံသိမ်းဆည်းကာ မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ခိုးမှုကျူးလွန်သူ အဝီ(ခ)ဇေယျာလင်းအား အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

**မော်လူး**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ပုန်းဟန်ကျေးရွာ အုပ်စုအတွင်း ရဲတပ်ဖွဲ့က လှည့်ကင်းဆောင်ရွက်ရာမှ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိသူတစ်ဦးကို စက်တင်ဘာ ၁၆ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ပုန်းဟန်ကျေးရွာအုပ်စုအတွင်း မူးယစ်ဆေးဝါးသတင်းများအရ မော်လူးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်စဉ် စဥ့်ခိုးကျေးရွာနှင့် ကူးကာကျေးရွာကြား ကျေးရွာချင်းဆက်လမ်းပေါ်၌ သူရောင်းကျေးရွာနေ ဦးကျော်အောင်အား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးရာမှ ဘိန်းဖြူဟုယူဆရသောအမှုန့် အလေးချိန် ၀ ဒသမ ၁ ဂရမ်ပါ ပင်နီဆီလင်ပုလင်းတစ်လုံးကို ဖမ်းဆီးရမိသဖြင့် မော်လူးနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**

**သရက်**

သရက်မြို့နယ် သရက်-ကံမကားလမ်းမပေါ်၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အမည်မသိလူတစ်ဦး ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ သေဆုံးခဲ့ကြောင်းနှင့် ထွက်ပြေးသွားသော ဆိုင်ကယ်မောင်းနှင်သူကို စုံစမ်းလျက်ရှိကြောင်း သရက်မြို့မရဲစခန်းမှ သိရသည်။ ဖြစ်စဉ်မှာ သရက်-ကံမကားလမ်း၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သရက်မြို့အမှတ်(၁၉)ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ဒုရဲမှူးမောင်မောင်သန်းနှင့် တပ်ဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ အသက်(၃၅)နှစ်ခန့် အမည်မသိ(စုံစမ်းဆဲ) အမျိုးသားတစ်ဦးဖြစ်ပြီး ကံမမြို့ဘက်မှ သရက်မြို့ဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်သည့် နံပါတ်၊ အမျိုးအစားမသိ(စုံစမ်းဆဲ)ဆိုင်ကယ်နောက်ခုံတွင် လိုက်ပါစီးနင်းလာရာမှ ဆိုင်ကယ်ပေါ်မှပြုတ်ကျကာ ဒဏ်ရာရရှိသေဆုံးခြင်းဖြစ်ကြောင်း စုံစမ်းသိရှိခဲ့သည်။ အဆိုပါဖြစ်စဉ်မှ အမည်မသိယာဉ်မောင်းအား ဆက်လက်စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန်အတွက် သရက်မြို့နယ် မြို့မရဲစခန်း၌ ဒုရဲမှူးမောင်မောင်သန်းက တရားလိုပြုလုပ် အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

**တမူး**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် မြို့သစ်မြို့ အမှတ်(၃)ရပ်ကွက် တမူး-မြို့သစ်-စေတီ ကားလမ်းပေါ်၌ စက်တင်ဘာ ၁၇ ရက် ညနေ ၃ နာရီခန့်က ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ မြို့သစ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မြို့သစ်မြို့နေ ရန်ခိုသင်လှိုင် (၂၇)နှစ်သည် တမူးဘက်မှ မြို့သစ်ဘက်သို့ KENBO-125 ဆိုင်ကယ်ကို မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ဆေးရုံသို့ပို့ဆောင်စဉ် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် မြို့သစ်နယ်မြေရဲစခန်း၌ အမှုဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# ဈေးကွက်အတွင်းပျံ့နှံ့နေသော စီးကရက်ဘူးပုံဖြင့် ထည့်ထားသောမုန့်များအား သိမ်းဆည်းအရေးယူသွားမည်

**မုံရွာ စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ဈေးကြီးများနှင့် အခြားနေရာများရှိ မုန့်အရောင်းဆိုင်ကြီးများ၊ ကျောင်းမုန့်ဈေးဆိုင်များ၊ ရပ်ကွက်များအတွင်းရှိ မုန့်ဆိုင်များသို့ တရုတ်စာတန်း ပါ စီးကရက်ပုံစံ သရေစာမုန့်များ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးတွေ့ရှိသည်များကို သိမ်းဆည်းခြင်းနှင့်အတူ ထပ်မံ တွေ့ရှိပါက ၁၉၉၆ ခုနှစ် ဆေးလိပ်ဆေးရွက်ကြီးဥပဒေဖြင့် အရေးယူမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"မုံရွာမြို့က ဈေးကြီးတွေနဲ့ ဘေးပတ်ဝန်းကျင်မှ မုန့်ဆိုင်တွေကို စစ်ဆေးတာ ဆိုင်ကြီးလေးဆိုင်မှာတွေ့လို့ သိမ်းဆည်းထားပါတယ်။ လောလောဆယ်မှာတော့ အရေးယူဆောင်ရွက်တာတော့ မရှိသေးပါဘူး။ တွေ့ရှိတဲ့ဆိုင်က ပစ္စည်းသိမ်းပြီး ဝန်ခံကတိထိုးခိုင်းပြီးတော့ အသိပညာပေးပြောကြားတာတွေ ဆောင်ရွက်ပါတယ်။ သိမ်းဆည်းရမိတဲ့ စီးကရက်ပုံစံ မုန့်ဘူးတွေကို သက်ဆိုင်ရာ ဈေးစည်ပင်တာဝန်ခံတွေက ထိန်းသိမ်းထားပြီး ဖျက်ဆီးချိန်မှာ အားလုံးစုပြီး ဖျက်သွားဖို့ စီစဉ်ထားပါတယ်။ FDAအနေနဲ့ ဈေးတွေထဲ စစ်ဆေးဆောင်ရွက်တာ၊ ပညာပေးတာတွေကို ဆောင်ရွက်တာဖြစ်ပြီး သက်ဆိုင်ရာ စည်ပင်ဝန်ထမ်းတွေက အရေးယူတာ၊ အပြစ်ပေးတာတွေကို ဆက်လက်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး FDA မှတာဝန်ရှိသူက ပြောသည်။

လက်ရှိတွင် တိုင်းဒေသကြီးအတွင်း မုံရွာမြို့အပါအဝင် အခြားမြို့ရွာ ကျေးလက်ဒေသများ၏ ဈေးကွက်အတွင်း ပျံ့နှံ့နေသော စီးကရက်ပုံမုန့်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက လိုက်လံသိမ်းဆည်းနေပြီဖြစ်ကြောင်း သိရသည်။ ၈၈ ဘူးအဖုံးတံဆိပ်နှင့်အတူ SMOKE CANDYဟူသော အင်္ဂလိပ်စာတန်းနှင့် တရုတ်စာတန်းပါ စီးကရက်ဘူးပုံစံ ရောင်စုံဘူးများဖြင့် ထုတ်လုပ်ထားပြီး စီးကရက်ပုံ မုန့်ငါးခုပါဝင်သည့် မုန့်တစ်ဘူးလျှင် ငွေကျပ်တစ်ရာသာရှိသဖြင့် မည်သည့် ကလေးမဆို အလွယ်တကူဝယ်ယူ ရရှိနေကြောင်း FDA ပါဝင်သော စစ်ဆေးရေးပူးပေါင်းအဖွဲ့ထံမှ သိရသည်။

"အလွယ်တကူ ဝယ်လို့ရနေတဲ့အတွက် ကလေးတွေ စိတ်ကိုအဆိပ်သင့်စေတယ်လို့ မြင်ပါတယ်။ ဘာလို့လဲဆိုတော့ ကလေးတွေအနေနဲ့ မုန့်ဆိုလို့သာ ဝယ်စားနေကြပြီး ဆေးလိပ်ပုံနဲ့ တစ်ပုံစံတည်းတူနေတော့ ဆေးလိပ်ဆိုတာကို နုနယ်သေးတဲ့အရွယ်မှာ ယဉ်ပါးသွားပြီး ဆေးလိပ်သောက်တဲ့ အတတ်သင်နေသလို ဖြစ်မှာစိုးရိမ်မိပါတယ်"ဟု ကလေးမိဘတစ်ဦးဖြစ်သူ ဦးအောင်နိုင်က ပြောသည်။

ဈေးကွက်အတွင်း ပျံ့နှံ့နေသော ကလေးသရေစာ မုန့်အများစု၏ အရည်အသွေးနှင့် ဆိုးဆေးပါဝင်မှု၊ ဆေးသကြားပါဝင်မှုများကို စစ်ဆေးသင့်ပြီး နိုင်ငံခြားဖြစ်မုန့်များအစား မြန်မာ့ရိုးရာ ဘေးဥပဒ်ကင်းသော မုန့်များနှင့် စားသောက်ဖွယ်ရာများကိုသာ ဈေးကွက်အတွင်း များများရရှိရန် တွန်းအားပေးသင့်ကြောင်း ဓမ္မစကူးဖောင်ဒေးရှင်း ဆရာမတစ်ဦးက အကြံပြုထားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## စပါးပင်များအား စုပေါင်းဆေးဖျန်းခြင်းသရုပ်ပြ

**လှိုင်းဘွဲ့ စက်တင်ဘာ ၂၀**

လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ နောင်ဘိုကြီးကျေးရွာတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်မှူးဦးဆောင်၍ စပါးပင်များအား စုပေါင်းဆေးဖျန်းခြင်းနှင့် သရုပ်ပြပွဲ အခမ်းအနားကို စက်တင်ဘာလ တတိယပတ်က ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးဇော်လင်းက စပါးအထွက်ကောင်းအောင် ပြုပြင်သင့်သည့် မြေဆီလွှာနှင့် မြေဩဇာကျွေးမွေး အသုံးပြုပုံ၊ မြေပဲအထွက်နှုန်းကောင်းမွန်ပုံများကို လည်းကောင်း၊ ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သန်းသန်းလွင်က ပိုးသတ်ဆေးသုံးစွဲမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးဆင်ဇခုပ်က တစ်ဧကအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေးတို့ကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာရှိတောင်သူ ၅၄ ဦးကစုပေါင်း၍ စပါးပင်များကို ဆေးဖျန်းခြင်းနှင့် သရုပ်ပြပွဲများအား ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အစားအသောက်တွင် အသုံးပြုနေသော ဆိုးဆေးများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ ယနေ့ဈေးကွက်တွင် ရောင်းချနေသော အစားအသောက်များတွင် မီးဖိုချောင်သုံး အခြေခံစားသောက်ကုန်မှသည် အဆင့်မြှင့်ထုပ်ပိုးပြုပြင်ပြီး စားသောက်ကုန်အထိ အသွေးအရောင်အမျိုးမျိုးတို့ဖြင့် စားချင့်စဖွယ်ဖြစ်အောင် ထုတ်လုပ်ရောင်းချနေကြသည်။

၂။ အစားအသောက်တွင် အသုံးပြုနေသော အရောင်ဆိုးဆေးများတွင် အစားအသောက်တွင် သုံးစွဲရန်ခွင့်ပြုထားသော ဆိုးဆေးများရှိသကဲ့သို့ အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဆိုးဆေးများရှိပါသည်။

၃။ အစားအသောက်တွင် သုံးစွဲရန်ခွင့်ပြုထားသော ဆိုးဆေးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| INS No. | Name |
|---|---|
| ALLURA RED AC | |
| ၁၂၉ | Allura red AC |
| ANNATTO EXTRACTS BIXIN-BASED | |
| ၁၆၀b(i) | Annatto extracts, bixin-based |
| AZORUBINE (CARMOISINE) | |
| ၁၂၂ | Azorubine (Carmoisine) |
| AMARANTH | |
| ၁၂၃ | Amaranth |
| ANTHOCYANINS | |
| ၁၆၃ | Anthocyanins |
| BRILLIANT BLUE FCF | |
| ၁၃၃ | Brilliant blue FCF |
| BRILLIANT BLACK BN | |
| ၁၅၁ | Brilliant black BN |
| BROWN FK | |
| ၁၅၄ | Brown FK |
| BROWN HT | |
| ၁၅၅ | Brown HT |
| BELL PEPPER (PAPRIKA) EXTRACT | |
| ၁၆၀c | Bell pepper (Paprika) extract |
| CANTHAXANTHIN | |
| ၁၆၁g | Canthaxanthin |
| CARAMEL III-AMMONIA CARAMEL | |
| ၁၅၀c | Caramel III - ammonia caramel |
| CARAMEL IV- SULFITE AMMONIA CARAMEL | |
| ၁၅၀d | Caramel IV- sulfite ammonia |
| Caramel | |
| CARMINES | |
| ၁၂၀ | Carmines |
| CAROTENES, BETA-, VEGETABLE | |
| ၁၆၀a (ii) | beta-Carotenes, vegetable |
| CAROTENOIDS | |
| ၁၆၀a (i) | beta-Carotenes, synthetic |
| ၁၆၀a (iii) | beta-Carotenes, Blakesleatrispora |
| ၁၆၀e | Carotenal, beta-apo-၈'- |
| ၁၆၀f | Carotenoic acid, ethyl ester, beta-apo-၈'- |
| ၁၆၂ | Beet red Colour |
| CHLOROPHYLLS AND CHLOROPHYLLINS, COPPER COMPLEXES | |
| ၁၄၁ (i) | Chlorophylls, copper complexes |
| ၁၄၁ (ii) | Chlorophyllin copper complexes |
| CURCUMIN | |
| ၁၀၀ (i) | Curcumin |
| CHLOROPHYLLS AND CHLOROPHYLLINS | |
| ၁၄၀ | Chlorophylls and chlorophyllins |
| CRYPTOXANTHIN | |
| ၁၆၁c | Cryptoxanthin |
| CITRANAXANTHIN | |
| ၁၆၁h | Citranaxanthin |
| CALCIUM CARBONATE | |
| ၁၇၀ | Calcium Carbonate |
| ERYTHROSINE | |
| ၁၂၇ | Erythrosine |
| FAST GREEN FCF | |
| ၁၄၃ | Fast green FCF |
| FLAVOXANTHIN | |
| ၁၆၁a | Flavoxanthin |
| GRAPE SKIN EXTRACT | |
| ၁၆၃ (ii) | Grape skin extract |
| GREEN S | |
| ၁၄၂ | Green S |
| INDIGOTINE (INDIGO CARMINE) | |
| ၁၃၂ | Indigotine (Indigo carmine) |
| IRON OXIDES | |
| ၁၇၂ (i) | Iron oxide, black |
| ၁၇၂ (ii) | Iron oxide, red |
| ၁၇၂ (iii) | Iron oxide, yellow |
| Lycopenes | |
| ၁၆၀d (i) | Lycopene, synthetic Colour |
| ၁၆၀d (ii) | Lycopene, tomato |
| ၁၆၀d (iii) | Lycopene, Blakesleatrispora Colour |
| LUTEIN | |
| ၁၆၁b | Lutein |
| LITHOL RUBINE BK | |
| ၁၈၀ | LitholRubine BK |
| PONCEAU 4R (COCHINEAL RED A) | |
| ၁၂၄ | Ponceau 4R (Cochineal red A) |
| PATENT BLUE V | |
| ၁၃၁ | Patent blue V |
| QUINOLINE YELLOW | |
| ၁၀၄ | Quinoline yellow |
| RIBOFLAVINS | |
| ၁၀၁ (i) | Riboflavin, synthetic |
| ၁၀၁ (ii) | Riboflavin 5'-phosphate sodium |
| ၁၀၁ (iii) | Riboflavin from Bacillus subtilis |
| RUBIXANTHIN | |
| ၁၆၁d | Rubixanthin |
| RHODOXANTHIN | |
| ၁၆၁f | Rhodoxanthin |
| SUNSET YELLOW FCF | |
| ၁၁၀ | Sunset yellow FCF |
| TARTRAZINE | |
| ၁၀၂ | Tartrazine |
| TITANIUM DIOXIDE | |
| ၁၇၁ | Titanium Dioxide |
| TANNINS | |
| ၁၈၁ | Tannins |
| VEGETABLE CARBON | |
| ၁၅၃ | Vegetable Carbon |
| VIOLAXANTHIN | |
| ၁၆၁e | Violaxanthin |

၄။ အစားအသောက်များ ဈေးကွက်ထောက်လှမ်းခြင်း ဆောင်ရွက်ချက်များအရ မြန်မာနိုင်ငံတွင် အများဆုံးအသုံးပြုသော ခွင့်မပြုဆိုးဆေး(အန္တရာယ်ရှိဆိုးဆေး) များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | ခွင့်မပြုဆိုးဆေးအမည် |
|---|---|
| ၁။ | Auramine O |
| ၂။ | Rhodamine B |
| ၃။ | Sudan Dyes |
| ၄။ | Orange II |

၅။ ခွင့်မပြုဆိုးဆေးများနှင့်ပတ်သက်၍ အစဉ်တစိုက်ပညာပေးခြင်း၊ ဈေးကွက်ထောက်လှမ်းစစ်ဆေးခြင်း၊ သတင်းစာများတွင် ထုတ်ပြန်ကြေညာခြင်း၊ အန္တရာယ်ရှိအစားအသောက်ပစ္စည်းများသိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းနှင့် ဥပဒေကြောင်းအရအရေးယူခြင်း စသည့်လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ရာ ယခု ရက် ၁၀၀ စီမံကိန်းတွင်လည်း လစဉ်အကြိမ် (၂၀)ခန့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၆။ ယခုအချိန်တွင် အစားအသောက်တွင် အသုံးပြုသော ဆိုးဆေးများအား ပိုမိုထိန်းချုပ်ရန် လိုအပ်လာပြီဖြစ်၍ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလမှစ၍ ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



နာရီတိုင်းမှာ ၅ မိနစ်စာ
တစ်နာရီအတွင်း ၅ မိနစ် ထက်ကျော်သွားတဲ့ ဖုန်းပြောချိန်တိုင်းဟာ အခမဲ့ ပါ။
MPT ရှေ့သို့လှမ်း ချီမြန်မာပြည်
နာရီတိုင်းမှာ ငါးမိနစ်စာ ဆိုတဲ့ အစီအစဉ်က ဘယ်လိုမျိုးလဲ ?
MPT GSM/WCDMA ဖုန်းသုံးစွဲသူ အားလုံးကနေ MPT ဖုန်းတွေကို တစ်နာရီအတွင်း ကြိုက်သလောက် ဆက်တိုက်ဖုန်း ပြောနိုင်ပြီး အများဆုံး ၅ မိနစ်ဖိုးပဲ ပေးရမှာလေ
တစ်နာရီလုံးမနားတမ်း ဆက်တိုက်ပြောရမှာလား ၁၀ မိနစ်လောက်ပဲ ပြောရင်ရော
တစ်နာရီလုံးမနားတမ်း ဆက်တိုက်ပြောစရာ မလိုပါဘူး၊ ၁၀ မိနစ်ဆက်တိုက်ပြောရင်လည်း ၅ မိနစ်စာပဲ ပေးရပါမယ်၊ နောက်ထပ် ၅ မိနစ်က အခမဲ့ပါ
ဒါဆို မိနစ် ၃၀ ဆက်တိုက် ပြောရင်ရော
၅ မိနစ်စာပဲ ကျသင့်ပါမယ် နောက်ထပ် ၂၅ မိနစ်က အခမဲ့ပါ
၁ နာရီနဲ့ ၁၀ မိနစ် (မိနစ် ၇၀) ဆက်တိုက်ပြောရင်ရော
၁ နာရီအတွက်က ၅ မိနစ်စာနဲ့ နောက်ထပ် ၁၀ မိနစ်အတွက်ကတော့ ပုံမှန်အတိုင်း ကျသင့်ပါမယ်
၅ မိနစ် မပြည့်ဘူး ၃ မိနစ်ပဲ ပြောမိရင်ရော
၃ မိနစ် ဆိုတော့ ပုံမှန်နှုန်း ၃ မိနစ်စာပဲပေါ့
တစ်နေ့မှ တစ်နာရီပဲ ပြောလို့ရတာလား
ညနေ ၆ နာရီကနေ ည ၁၀ နာရီအတွင်းက လွဲပြီး ကျန်တဲ့ အချိန်တွေအားလုံးမှာ ကြိမ်ရေ အကန့်အသတ်မရှိ ပြောလို့ ရပါတယ်။
ဤအစီအစဉ်တွင် ဆွေသဟာရယူထားသူများနှင့် ဆွေသဟာ ရယူထားခြင်းမရှိသော MPT GSM/WCDMA သုံးစွဲသူများအားလုံး အကျုံးဝင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106 | free hotline 24 hours everyday

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြို့ နှင့် တောင်ငူမြို့များတွင်အဆင့်မြင့်ရုပ်ရှင်ရုံသစ်ကြီးများကိုထပ်မံဖွင့်လှစ်ပြသလိုက်ပါပြီ။

ပဲခူးမြို့ နှင့် တောင်ငူမြို့ရှိ အဆင့်မြင့်ရုပ်ရှင်ရုံသစ်ကြီးတွင် (၂၄ • ၉ • ၂၀၁၆) ရက်နေ့တွင် စတင်ပြသမည့်ဇာတ်ကားများ

MINGALAR CINEPLEX

ICON SHOPPING MALL - BAGO

နာရီစင်အနီး - ပဲခူးမြို့







09456600115

09456600116

နိုးဆိုးလုနှိုက်



ပဲခူးမြို့

ဘောစိ



ပဲခူးမြို့ နှင့် တောင်ငူမြို့

ပွဲချိန်သတိပြု - ၁၁း၀၀ နာရီ၊ ၂း၀၀ နာရီ၊ ၅း၀၀ နာရီ၊ ၈း၀၀ နာရီ

NEW 3D CINEMA

ရွှေဆံတော်ဘုရားအနောက်ဘက်မုခ်၊ ဦးမှန်းလမ်း

တောင်ငူမြို့။







098666455

09775358991

09775358992


## ဖခင်အမည်မှန်

နမ့်စန်(တ)မြို့၊ မြို့မအထက၊ ဆဋ္ဌမတန်းမှ မောင်ရွှေဘေးဘေး၏ ဖခင်အမည်မှန်မှာ ဦးရွှေဆာဖာ ၁၃/နစန(နိုင်)၀၇၇၅၃၉ ဖြစ်ပါကြောင်း။

**ဦးရွှေဆာဖာ**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၇၂၃၅၉ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးစောဂျူးဂျူး ၁၃/တကန(နိုင်) ၁၃၈၃၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃၀ယ/၈၈၇၃၅ Luojia Dream ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ပိုင်ထူး ၁၃/ပလန(နိုင်) ၀၆၉၈၇၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံးခွဲ (အောင်ပန်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၃၀၄၇၉ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မော်မော် ၉/မရမ(နိုင်)၀၁၄၃၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၆၉၇၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၉၉၉၅၇ New X Anbo M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မော်စီခိုင် ၉/ခမစ(နိုင်)၀၁၄၁၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် ယခင်(၃)၊ ယခု(၅၈၉-က)၊ ဦးပိုင်အမှတ်(ယခင်-၁၀)၊ ယခု(ဃ-၁၀)၊ ၆၄×၆၅ လမ်းကြား၊ A1 လမ်း×A2 လမ်းကြားရှိ ဦးစိန်အမည်ဖြင့်ချထားပေးသောမြေကွက်အား ဦးမောင်မောင်ငြိမ်း ၉/မခန(နိုင်)၂၆၃၄၁၆ မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် လ-၁၀၊ ဦးပိုင်အမှတ် ၁၁၊ ၆၄×၆၅လမ်းကြား၊ A1လမ်း×A2လမ်းကြားရှိ ဦးကံရေးအမည်ဖြင့်ချထားပေးသောမြေကွက်အား ဦးစန်းမောင် ၁၂/သဃက(နိုင်)၁၀၁၈၈၉ က မြေချထားမိန့်မူရင်း၊ လမ်းဖိုး၊ မြေဖိုးငွေသွင်းပြေစာမူရင်းတို့မှာ လက်ဝယ်တွင်အသိမ်းလွန်၍ ပျောက်ဆုံးနေပါသဖြင့် ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် လ-၁၀၊ ဦးပိုင်အမှတ် ၅၊ ၆၄×၆၅လမ်းကြား၊ A1လမ်း×A2လမ်းကြားရှိ ဦးဝင်းနိုင်အမည်ဖြင့်ချထားပေးသောမြေကွက်အား ဦးစန်းမောင် ၁၂/သဃက(နိုင်)၁၀၁၈၈၉က မြေချထားမိန့်မူရင်း၊ လမ်းဖိုး၊ မြေဖိုးငွေသွင်းပြေစာမူရင်းတို့မှာ လက်ဝယ်တွင် အထားအသိုမှားယွင်းပြီးပျောက်ဆုံးနေပါသဖြင့် ပျောက်ဆုံးကြောင်းရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ် အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် လ-၁၀၊ ဦးပိုင်အမှတ် ၁၂၊ ၆၄×၆၅လမ်းကြား၊ A1လမ်း×A2လမ်းကြားရှိ ဒေါ်စန်းကြည်အမည်ဖြင့်ချထားပေးသောမြေကွက်အား ဦးစန်းမောင် ၁၂/သဃက(နိုင်)၁၀၁၈၈၉က မြေချထားမိန့်မူရင်း၊ လမ်းဖိုး၊ မြေဖိုးငွေသွင်းပြေစာမူရင်းတို့မှာ လက်ဝယ်တွင်အသိမ်းလွန်၍ ပျောက်ဆုံးနေပါသဖြင့် ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၁၀)၊ ဦးပိုင်အမှတ်(၃)၊ ၆၄×၆၅လမ်းကြား၊ A1 လမ်း×A2လမ်းကြားရှိ ဒေါ်ခင်နှင်းရွှေအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးစန်းမောင် ၁၂/သဃက(နိုင်)၁၀၁၈၈၉ က မြေချထားမိန့်မူရင်း၊ လမ်းဖိုးငွေသွင်းပြေစာမူရင်းတို့မှာ လက်ဝယ်တွင် အထားအသိုမှားယွင်းပြီး ပျောက်ဆုံးနေပါသဖြင့် ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/8510 Toyota Probox 8w(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပန်းစံဖြူ ၁၂/ဥကတ(နိုင်)၀၄၅၅၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၅၂၇၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/9135 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**(၁၂-၉-၂၀၁၆) ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးလှအောင် ၁၃/တကန(နိုင်)၁၅၁၅၁၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ ၎င်း၏ တရားလွှတ်တော်ရှေ့နေ ဒေါ်ဖူးဝေခင်၏ အများသိစေရန်ကြေညာချက်အပေါ်**

## တုံ့ပြန်ရှင်းလင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဝင်းနိုင် ၁၂/လသယ(နိုင်)၀၅၇၄၈၆၊ Crystal Pool GMC Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်၏မိတ်ဆွေသည် ဦးလှအောင်နှင့် လုပ်ငန်းလုပ်ကိုင်လာခဲ့သည်မှာ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသရှိ Inlay Resort Hotel တွင်(Infinity Type) ရေကူးကန်တည်ဆောက်ရေးလုပ်ငန်းတစ်ခုတည်းမဟုတ်ဘဲ တောင်ကြီးမြို့ရှိ ဦးလှအောင်နေအိမ်၌ ရေကူးကန်တစ်ခုကိုလည်း တည်ဆောက်ပေးခဲ့ရသူဖြစ်ကာ အဆိုပါရေကူးကန်တည်ဆောက်ပေးရာတွင် ရေကူးကန်ကြွေပြားကပ်ခြင်း၊ ခင်းခြင်းကို ၎င်းစိတ်တိုင်းကျ ကြွေပြား(2"× 2" Ocean Blue)ဖြင့် ပြုလုပ်ပေးခြင်းဖြစ်ရာ ပြီးစီးသည့်အချိန်တွင် (၇)ကျင်းအား (4"× 4")ကြွေပြားဖြင့် ပြောင်းလဲကပ်ခိုင်းသဖြင့် ကျွန်ုပ်မိတ်ဆွေဘက် မှ ငွေကျပ် ၃၂ သိန်းကျော် ဆုံးရှုံးနစ်နာခဲ့ရသည်မှာ လူကြီးမင်းအသိပင်ဖြစ်ပါသည်။

၂။ ထပ်မံ၍ Inlay Resort Hotel တွင် (Infinity Type) ရေကူးကန်တည်ဆောက်ခြင်းကို နှစ်ဦးသဘောတူညီထားသည့် ရက်ပေါင်း(၉၀)အတွင်း ပြီးစီးအောင် ကျွန်ုပ်မိတ်ဆွေမှ ဆောင်ရွက်ပေးရာတွင် ရေကူးကန်တစ်ခုလုံး ကြွေပြားခင်းခြင်း၌ လူကြီးမင်းမှ (2" x 2" Ocean Blue) ကြွေပြားအသုံးပြုမည်ဖြစ်ကြောင်း သဘောတူခဲ့သော်လည်း (2" x 2" Crystal Blue) ကြွေပြားသာ အသုံးပြုလိုကြောင်း ပြန်ပြောင်းပြောဆိုလာခဲ့ပါသည်။ ၎င်းနောက် အဆိုပါကြွေပြားကို ရေကူးကန်နံရံတွင်သာ အသုံးပြု၍ ကြမ်းခင်းအား (4" x 4") ကြွေပြားများကပ်ရန်ဟုလည်းကောင်း ပြောင်းလဲခဲ့ပြန်ပါသည်။ တစ်ဖန် ထပ်မံ၍ အဆိုပါရေကူးကန်နံရံကို ၎င်းကြွေပြားမသုံးတော့ဘဲ (2" x 2" Admansea Blue) ကြွေပြားသာအသုံးပြုမည်ဖြစ်ကြောင်း ပြောဆိုကာ လူကြီးမင်းကိုယ်တိုင် မှာယူခဲ့ခြင်းဖြစ်သည်မှာ လူကြီးမင်းအသိပင် ဖြစ်ပါသည်။

၃။ သို့သော် လူကြီးမင်းသည် ပြီးပြတ်ခြင်းမရှိဘဲ ရေကူးကန်ကြမ်းခင်းအား (4" x 4")ကြွေပြားခင်းရန်ဖြစ်သော်လည်း (2" x 2" Admansea Blue)ကြွေပြားသာခင်းတော့မည်ဖြစ်ကြောင်း ထပ်မံပြောင်းလဲခဲ့ပြန်ရာ အဆိုပါကြွေပြားဖြင့် ရေကူးကန်တစ်ခုလုံးအား အသုံးပြုမည်ဖြစ်ကြောင်း အမျိုးမျိုးအဖုံဖုံ ပြောလာခဲ့သဖြင့် ကုန်ကျစရိတ်များမှာ ကျွန်ုပ်မိတ်ဆွေမှ စိုက်ထုတ်နစ်နာခဲ့ရသည်မှာလည်း လူကြီးမင်းအသိပင်ဖြစ်ပါသည်။

၄။ လူကြီးမင်းကိုယ်တိုင် မှာယူအသုံးပြုလိုသော (2" x 2" Admansea Blue) ကြွေပြားသည် ရေကူးကန်တစ်ခုလုံးစာအတွက် အလုံအလောက်မရှိရာ နိုင်ငံခြားမှ မှာယူရမည်ဖြစ်သည့်အတွက် အချိန်(၂)လခန့်ကြာမြင့်မည်ဖြစ်ကြောင်းကို လူကြီးမင်းမှ သိရှိနေပါလျက် ကျွန်ုပ်မိတ်ဆွေနှင့် လူကြီးမင်းတို့ သဘောတူညီကြသည့် သတ်မှတ်ကာလအတွင်း မပြီးစီးနိုင်သည့်အခြေအနေတွင် ရက်လွန်ကြေး (၁)ရက် (၃)သိန်းမပေးနိုင်ကြောင်း ကျွန်ုပ်မိတ်ဆွေမှ လူကြီးမင်းအား ညှိနှိုင်းခဲ့ရာတွင် လူကြီးမင်းမှ လက်ခံခဲ့ခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်ခြင်း မပြုတော့ရန်သာ ပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ပြန်လာခဲ့ခြင်းသာ ဖြစ်ပါကြောင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

သို့ရာတွင် ကျွန်ုပ်မိတ်ဆွေအနေဖြင့် စိုးသောလက်မခြောက်စေရန် ရည်ရွယ်၍ လူကြီးမင်းနှင့် ညှိနှိုင်းရန် အသင့်ရှိပါကြောင်း အများသိစေရန် တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်စိုးမိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၈၅)**

**အမှတ် ၆၂၊ ပထမထပ်၊ အခန်း ၁၈၊ ပန်းဆိုးတန်းလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၄၃၀၆၉၉၂၃**

## ဝန်ထမ်းအလိုရှိသည်

ပြည်တွင်း၊ ပြည်ပလေယာဉ်လက်မှတ် အရောင်းကျွမ်းကျင်ဝန်ထမ်း အလိုရှိသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၇၇၂၂၅၊ ၀၉-၇၈၅၀၇၇၂၂၅၊ ၀၉-၉၆၅၀၇၇၂၂၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျောင်းရပ်ကွက်၊ အကွက်အမှတ် ၅၁၊ ဦးပိုင်အမှတ် ၄၊ မန္တလေး-မတ္တရာကားလမ်း၊ မြို့ပတ်လမ်းနှင့် ရွှေကျောင်းချောင်းမကြီးကြားရှိ ဦးကံဆုံအမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဖြစ်သူ ဦးကံဆုံ၊ မိခင်ဖြစ်သူ ဒေါ်သိန်းမေ၊ သားများဖြစ်သောဦးသောင်းနှင့် ဦးအုန်းရွှေတို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော သမီးနှင့် ချွေးမတို့ဖြစ်သည့် ဒေါ်ပြည့် ၉/မနမ(နိုင်)၀၈၇၆၄၁၊ ဒေါ်ခင်သောင်း ၉/မနမ(နိုင်)၀၈၇၇၁၇ နှင့် ဒေါ်စိန်ဝင်း ၉/မနမ(နိုင်)၀၈၇၆၁၀တို့မှ ဂရန်မူရင်းပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊အကွက်အမှတ် ဆ-၁၀၊ ဦးပိုင်အမှတ် ၁၇၊ ၇၀×၇၁ လမ်း၊ ခိုင်ရွှေဝါ×မနော်ဟရီလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ထားကြင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၃၄၈၅/၂၀၀၇ ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မေသန်း ၉/မရတ(နိုင်)၀၃၆၇၃၂မှ အမည်ပြောင်း၊ ဦးပိုင်ခွဲ၍ ဂရန်(၂)ချပ်ထုတ်ယူခဲ့ရာ ဂရန်ပေါ်တွင် ဂရန်မူရင်းပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံမှကူးယူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးသောမိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအားပယ်ဖျက်၍ သားရေစာအုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ၈၈-၁၄၊ ဦးပိုင်အမှတ် ၁၀၀၊ ၄၆လမ်း×၄၇လမ်း၊ အောင်ဆန်း×ငကျွဲလမ်းကြားရှိ ဒေါ်ခါးတောင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်နန်းခင် ၁၃/မဆတ(နိုင်)၀၀၅၀၅၅ မှ မြေချထားမိန့်မူရင်း၊ လမ်းဖိုး၊ မြေဖိုးငွေသွင်းပြေစာတို့မှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ဇေယျာမင်းအေး(ခ)ဇေဇေ ၁၂/ပဇတ(နိုင်)၀၂၉၉၀၀သည် မိဘ၏ဆိုဆုံးမမှုကိုမလိုက်နာဘဲ ၎င်း၏ဆန္ဒအလျောက် ပြုမူလုပ်ဆောင်နေပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ၎င်းအား လက်ခံထားသူ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(မေးမြန်းစုံစမ်းနိုင်ပါသည်။)**

**ဦးတင်အေး - ဒေါ်ဆန်းရှိုင်း**

**၁၂/ပဇတ(နိုင်)၀၀၆၂၅၄ - ၁၂/ပဇတ(နိုင်)၀၁၆၇၄၁**

**D 34-သဇင် ၅လမ်း၊ FMI City၊ လှိုင်သာယာ၊ ရန်ကုန်မြို့**




## အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/8465၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်းနှင့် အများသိစေရန်ကြေညာခြင်း

၂၈-၈-၂၀၁၆ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၃၀)တွင် ထည့်သွင်းကြော်ငြာထားသော သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကြော်ငြာစာမှာ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ ဗိုလ်တဲရပ်ကွက်နေ ကျွန်တော် ဦးကျီသ်ဗဟာဒူး(ခ)ဗဟာဒူး၏ မိခင်အမည်မှာ ဒေါ်ဘူ၀နေစ္စရီဒေဝီဖြစ်ပြီး ဖော်ပြပါကြော်ငြာတွင် ကျွန်တော်၏ မိခင်အမည်အား ဒေါ်မူနေစရီဟုဖော်ပြထားသည့် အချက်အလက်များမှာ မှန်ကန်မှုမရှိဘဲကျွန်တော်၏ ဂုဏ်သိက္ခာအား တမင်ထိခိုက်နစ်နစ်စေရန် အကြံဖြင့်ဖော်ပြထားခြင်းဖြစ်သည့်အတွက် ယင်းကြော်ငြာစာအား ခုနစ်ရက်အတွင်း ပယ်ဖျက်ပေးပါရန်နှင့် ပယ်ဖျက်ပေးခြင်းမရှိပါက ယင်းကြော်ငြာထည့်သွင်းသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခိုင်ဇော်ထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၉၀၃၃)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၅၅၂၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8H-3991 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်၊ ၈ လမ်း၊ အမှတ် ၃၄ နေ ဦးဆန်းဝင်း ၁၀/မလမ(နိုင်)၀၀၇၁၉၅ - ဒေါ်တင်တင်လှ ၁၀/မလမ(နိုင်)၁၃၇၇၅၇ တို့၏သား မောင်ကောင်းထက်စံ ၁၀/မလမ(နိုင်)၂၂၉၉၆၉ သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအ၀၀အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဆန်းဝင်း-ဒေါ်တင်တင်လှ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)**
**တောင်ကြီးခရိုင်တရားမရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၈၃**

| | | |
|---|---|---|
| ဒေါ်ရွှင် | **နှင့်** | ၁။ ဦးညီညီရွှေ |
| | | ၂။ မစောစောထွေး |
| **တရားလို** | | **တရားပြိုင်များ** |

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ငွေစန္ဒာလမ်း၊ အမှတ်(၃၄၀) မစောစောထွေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက စုကြေးငွေ ၁၅၂၃၃၀၀၀၀/- ကိုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် စက်တင်ဘာ ၂၉ရက်(၁၃၇၈ခုနှစ် တော်သလင်းလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မောင်သောင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ သုခနေလမ်း၊ ခြံအမှတ် ၅၃၊ အလျားပေ ၁၀၀၊ အနံပေ ၈၀၊ ဧရိယာ ၀ ဒသမ ၁၈၃ဧကရှိသော မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်လေးဆွေ ၁၂/ဗတထ(နိုင်) ၀၁၈၂၅၅ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဦးထွန်းအောင်ရွှေ ၁၀/မလမ(နိုင်)၀၀၃၁၁၇ မှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးအောင်ထူး LL.B (၈၂၀၅)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄/၁၀၉၆၊ မေတ္တာလမ်း၊ ထော်မဲပါ၊ ဘားအံမြို့**
**ဖုန်း-၀၉-၅၆၆၁၄၅၂၊ ၀၉-၇၉၃၃၃၈၃၅၁**

## ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက (၄)၊ တက္ကသိုလ်ဝင်တန်း(A)မှ မနန်းခမ်း၏ ဖခင်အမည်မှန်မှာ ဦးဟူးယား ၁၃/ကတန(နိုင်)၀၈၆၃၆၅ ဖြစ်ပါကြောင်း။ **ဦးဟူးယား**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ယ/၉၁၄၁၅ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၉/မမန(နိုင်) ၀၄၀၀၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် CC/1520 Toyota Hiace K & H 126 ယာဉ်လက်ဝယ်ရှိသူ ဦးသာဂဒိုး ၉/မထလ(နိုင်) ၀၇၇၄၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ပျောက်ဆုံးကြောင်း

ကျွန်မ ကလျာသိမ့်သိမ့်အေး ၂/လကန(နိုင်)၀၅၂၆၆၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၀၉၁၃၀၉၀**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၉ယ/၃၉၁၇၃ ဟွန်ဒါဒရင်း ယာဉ်လက်ဝယ်ရှိသူ ဦးခွန်ကျော်ဆွေ ၁၃/ဆဆန(နိုင်) ၀၂၆၅၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8M/1091၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ မိုးစန္ဒာ ၄ လမ်းနှင့် မိုးနန္ဒာလမ်းထောင့်ရှိ ဧရိယာ ၁ ဒသမ ၇၁ ဧကရှိ ဦးအောင်ကျော်သူ အမည်ပေါက် တရားဝင်ဂရန်မြေနှင့် ပတ်သက်၍ အများသိစေရန် သတိပေးတားမြစ်ခြင်း

ကျွန်ုပ်တို့၏ အမှုသည်ဖြစ်သော ဦးစန်းဝင်း၏သားဖြစ်သူ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင် ဦးအောင်ကျော်သူ ၇/ပမန(နိုင်)၁၁၅၅၇၂၏ အထောက်အထားအစစ်အမှန် အပြည့်အစုံဖြင့် လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါတိုင်း အများသိစေရန် သတိပေး တားမြစ်အပ်ပါသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ မိုးစန္ဒာ ၄ လမ်းနှင့် မိုးနန္ဒာလမ်းထောင့်ရှိ စုစုပေါင်းစတုရန်းပေ ၇၄၅၉၄၊ ဧရိယာ ၁ ဒသမ ၇၁ ဧကကျော်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အခိုင်အမာကာရံထားသော နှစ် ၆၀ ဂရန်မြေကွက်မှာ ဦးအောင်ကျော်သူမှ မူလပိုင်ရှင်များ၏ တရားဝင်သဘောတူညီချက်လည်းရရှိထားသည့်အပြင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လေလံတင်ဒါကိုလည်းအောင်မြင်ကာ တရားဝင်လက်ရှိရယူ ပိုင်ဆိုင်ထားသူဖြစ်ပါသည်။ ထိုသို့ ကျွန်ုပ်တို့၏အမှုသည် ဦးအောင်ကျော်သူမှ တရားဥပဒေနှင့်အညီ တရားဝင်လက်ရှိရယူပိုင်ဆိုင်ထားသော မြေကွက်ကို မသက်ဆိုင်သူတစ်ဦးတစ်ယောက်မှ နှောင့်ယှက်မှုပြုလုပ်လာနေသဖြင့် ဦးအောင်ကျော်သူက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အပါအဝင် တရားဥပဒေအရ အရေးယူပိုင်ခွင့်ရှိသော အကြီးအကဲများထံသို့ တရားဝင်တင်ပြတိုင်တန်းချက်အရ ၂၃-၆-၂၀၁၆ ရက်စွဲပါစာအမှတ် ၄/၈-၂(၁)/စည်ပင်(တိုင်စာ)အရ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ ပြန်ကြားထားချက်လည်း ရှိနေပြီးဖြစ်ပါသည်။

ထို့ကြောင့် ဦးအောင်ကျော်သူ၏ ဥပဒေနှင့်အညီ တရားဝင်ရယူလက်ရှိပိုင်ဆိုင်မှုအား ထိခိုက်စေရန်နှင့် ရပ်ကွက်၏ တည်ငြိမ်အေးချမ်းသာယာရေး၊ တရားမျှတသော ဥပဒေစိုးမိုးမှုပျက်ပြားစေရန် တစ်စုံတစ်ရာပြုလုပ်ခြင်း၊ ပြုလုပ်ရန်အားပေးခြင်း ပြုလုပ်မည်ကိုသိရှိပါလျက် သက်ဆိုင်ရာသို့ သတင်းပို့တိုင်ကြားမှုမပြုခြင်း၊ ဝင်ရောက်ကျူးကျော်ခြင်း၊ အကာအရံများကို ဖျက်ဆီးခိုးယူခြင်း၊ အလွဲသုံးစားပြုခြင်း၊ တရားဥပဒေနှင့်ဆန့်ကျင်သော ပစ္စည်းများထားခြင်း၊ ထည့်သွင်းခြင်းစသည်တို့ကို မည်သူမျှမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ အမှုဖွင့် တိုင်ကြားတရားစွဲဆိုသွားမည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် အသိပေးတားမြစ်ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**HYGIENIC LEGAL CLINIC**

| | | | |
|---|---|---|---|
| ရောဘတ်စန်းအောင် (စဉ်-၂၄၆၉) | ဒေါ်အေးအေးသက် (ပုသိမ်) (စဉ်-၈၂၂၀) | ဒေါ်အေးအေးဝမ်း (ပုသိမ်) (စဉ်-၈၈၃၄) | ဒေါ်မေနှင်းဦး (ထီလာ) (စဉ်-၁၀၇၆၁) |

**တရားလွှတ်တော်ရှေ့နေများ**

| | | | |
|---|---|---|---|
| ဒေါ်သဇင်အေး (သန်လျင်) (စဉ်-၃၆၄၄၁) | ဦးကြည်သာဖုန်းမြင့် (သံတွဲ) (စဉ်-၄၃၄၃၄) | ဒေါ်မြတ်ဆု (ဘိုကလေး) (စဉ်-၄၆၈၉၅) | ဒေါ်သဲနုဝေ (ဘိုကလေး) (စဉ်-၄၆၉၃၈) |

**အထက်တန်းရှေ့နေများ**

**ဦးအောင်ကျော်သူ**
**အမှုလွှဲအပ်ညွှန်ကြားသူ-**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/6201 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/3357 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/2522 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၈၆၇၈၂၊ TOHON 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၅/စကန(နိုင်)၀၆၂၃၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## အဆောက်အအုံဖျက်သိမ်းရေးလုပ်ငန်းဆောင်ရွက်ခွင့် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနလက်အောက်ရှိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်းနှင့် စက်ရုံလမ်းထောင့်၊ မင်္ဂလာဈေး အဆောက်အအုံဟောင်းများ ဖျက်သိမ်းရေး ဆောင်ရွက်လိုသူ လူပုဂ္ဂိုလ်/အဖွဲ့အစည်း/ကုမ္ပဏီများမှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ လုပ်ငန်းဆောင်ရွက်ခွင့် တင်သွင်းသူသည် အောက်ပါအချက်အလက်များကို ထည့်သွင်းတင်ပြရမည် ဖြစ်ပါသည်-

- (က) အဆောက်အအုံအဟောင်းရှိ ပစ္စည်းများကို ဖျက်သိမ်းရေးလုပ်ငန်း ဆောင်ရွက်မည့်သူထံပေးအပ်မည်ဖြစ်၍ ကော်မတီသို့ ပေးသွင်းနိုင်မည့် ငွေကြေးပမာဏ
- (ခ) အဆောက်အအုံဖျက်သိမ်းရန် ကြာမြင့်မည့်ကာလ
- (ဂ) အဆောက်အအုံဖျက်သိမ်းစဉ်တွင် ဆောင်ရွက်မည့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အစီအမံများနှင့်ဆောင်ရွက်မည့်လုပ်ငန်းစဉ်
- (ဃ) အဆောက်အအုံဖျက်သိမ်းရာတွင် အသုံးပြုမည့် ယန္တရားအမျိုးအစားနှင့်အရေအတွက်
- (င) ဖျက်သိမ်းပြီး ပစ္စည်းများကို ဖယ်ရှားရှင်းလင်းသယ်ယူရာတွင် အသုံးပြုမည့် ယာဉ်အမျိုးအစားများနှင့်အရေအတွက်

၃။ တင်ဒါအောင်မြင်သူသည် ဈေးအဆောက်အအုံအား Ground Level နှင့်အညီ ဖျက်သိမ်းရမည်ဖြစ်ပြီး ဖျက်သိမ်းရမည့် ပစ္စည်းများကို ရက်ပေါင်း၆၀ အတွင်း ရှင်းလင်းဆောင်ရွက်နိုင်သူအား ဦးစားပေးမည် ဖြစ်ပါသည်။

၄။ တင်ဒါအဆိုပြုလွှာများကို ၆-၁၀-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီမတိုင်မီ အစည်းအဝေးခန်းမ(၂)၌ တင်သွင်းရမည်ဖြစ်ပြီး နံနက် ၁၀း၃၀ နာရီတွင် ဖွင့်ဖောက်စစ်ဆေး၍ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်မည်ဖြစ်ပါသည်။

၅။ မြေပြင်အခြေအနေအား သိရှိလိုပါက ဈေးများဌာန တယ်လီဖုန်းအမှတ် ၀၉-၅၀၁၀၀၆၃ သို့ စုံစမ်းမေးမြန်း၍ ရုံးချိန်အတွင်း သွားရောက်ကြည့်ရှုနိုင်ပါသည်။

၆။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ဆယ်ထပ်ရုံး၊ ပဉ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၁-၃၇၄၀၇၇သို့ ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ပုံနှိပ်စက်ရောင်းရန်ရှိသည်

လက်ရှိ အသုံးပြုနေသော Komori Excel 32 (1 Unit) (1986)

**ဆက်သွယ်ရန် ဖုန်း-၀၁-၅၆၆၉၇၉၊ ၀၉-၇၉၀၇၃၇၅၄၅**

## စားသောက်ဆိုင်ဖွင့်လိုသူများ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်းအတွင်းရှိ စားသောက်ဆိုင်ဖွင့်လိုသူများ ကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်းလျှောက်ထားနိုင်သည်။ (တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းရန်) **ဖုန်း-၀၁-၅၄၄၂၇၀၊ ၀၁-၅၄၄၂၇၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဗဗ-၅)၊ ဦးပိုင်အမှတ် ၁၂၊ ၄၇လမ်း×၄၈လမ်းကြား၊ မြတ်လေး×ပိတောက်လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးခင်မောင်လတ်ကွယ်လွန်သဖြင့် ကျန်ရစ်သောဇနီးဖြစ်သူ ဒေါ်ဝင်းမာလာ ၉/မရမ(နိုင်) ၀၃၉၃၁၂က မြေချ ထားမိန့်၊ ငွေသွင်းပြေစာမူရင်း၊ တောဂရန်စာချုပ်မူရင်းများပျောက်ဆုံးကြောင်း၊ ခင်ပွန်းဖြစ်သူ ကွယ်လွန်ကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/4526 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၅၀၀၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/4275 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန တိုင်းရုံးခွဲ(ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/6525 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း**
**ကျောင်းအုပ်ဆရာတော်**
**ဘဒ္ဒန္တကဝိန္ဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)**
**သာသနဓဇ ဓမ္မာစရိယ B.Sc(Physics)**
**သက်တော်(၆၆)နှစ်၊ သိက္ခာတော်(၄၆)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၈)ရပ်ကွက်၊ မဟာရံသီ ပရိယတ္တိပဋိပတ္တိကျောင်းတိုက်ကြီး၏ပဓာန နာယက၊ ဧရာဝတီတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ လယ်တီမူအနာဂါမ်ဆရာသက်ကြီး၏ ဝိပဿနာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ပုသိမ်မြို့ ဘဝတန်ဆောင် အဘိဓမ္မာပြန့်ပွားရေးအသင်း စတင်တည်ထောင်သူ၊ ပုသိမ်မြို့ သုဓမ္မာဂိုဏ်း တွဲဖက်အတွင်းရေးမှူး၊ ထေရဝါဒဗုဒ္ဓသာသနာပြု ရဟန်း တော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ B.Sc(Physics)ဘဒ္ဒန္တကဝိန္ဒ မဟာ ထေရ်မြတ်သည်(၁၃၇၈ခုနှစ် တော်သလင်းလပြည့်ကျော် ၁ရက်)၁၇-၉-၂၀၁၆ရက်(စနေနေ့) နံနက် ၀၀း၅၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင်ကို (၁၃၇၈ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ရက်)၂၃- ၉-၂၀၁၆ရက် (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ပုသိမ်မြို့ မဟာရံသီပရိယတ္တိပဋိပတ္တိကျောင်းတိုက်၌ ဆင်ယင်ကျင်းပပြီး သရောင်းချောင်းသုသာန်၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**
**မဟာရံသီပရိယတ္တိပဋိပတ္တိကျောင်းတိုက်၊ ပုသိမ်မြို့**

## (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

### ကိုအောင်သန်းနိုင် (ဒု-အကောက်ခွန်မှူး)

မမျှော်လင့်ဘဲ မိသားစုနှင့် ခွဲခွာသွားသည်မှာ နှစ်နှစ်ပြည့်သွားခဲ့သော်လည်း အမြဲလွမ်းဆွတ်သတိရနေပါသည်။ အမြဲမပြတ်ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုကို မြင့်မြတ်သောဘုံဘဝမှ ခံစားနိုင်ပါစေ။

အမျှ---အမျှ---အမျှ ပေးဝေပါသည်။

**မေမေ ဒေါ်မသန်းရီနှင့်မိသားစု**

## ဒေါ်ခိုင်သီတာဦး ၁၂/မဂတ(နိုင်)၀၈၇၂၁၅ထံမှ ရရှိရန် ငွေကြေးများရရှိပြီးဖြစ်ကြောင်းကြေညာခြင်း

၄-၉-၂၀၁၆ရက်ထုတ် Global New Light of Myanmar သတင်းစာ၊ ၅-၉-၂၀၁၆ရက်ထုတ် ကြေးမုံသတင်းစာ နှင့် ၆-၉-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ဒေါ်သိန်းတင်လမ်း၊ အမှတ် ၈၀တွင် တည်ရှိသော True Media & Advertising ၏ Director ဒေါ်ခိုင်သီတာဦးထံမှ Global New Light of Myanmar သို့ ပေးရန်ကျန်ရှိသော ကြေးမုံပြင်ပကြားညှပ်အချပ်ပိုကြော်ငြာပုံနှိပ်ခ ကြွေးကျန်ငွေကျပ် ၆၆၈၀၀၀၀(ကျပ်ခြောက်ဆယ့်ခြောက်သိန်းရှစ်သောင်းတိတိ)ကို ၈-၉-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် Global New Light of Myanmar သို့လာရောက်ပေးချေသည်ကို လက်ခံရရှိပြီး ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးမောင်မောင်သန်း၊ ဒါရိုက်တာ**

**Global New Light of Myanmar Co.,Ltd.**
**ဖုန်း-၀၁-၈၆၀၄၅၃၀**

# ကျေးဇူးအထူးတင်ရှိခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ယုတီ (တိုက်ကြီး)

## အသက်(၉၄)နှစ်

၁၃-၉-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ယုတီ(တိုက်ကြီး) နာမကျန်းစဉ်က ကြည့်ရှုဂရုစိုက်ပေးကြသော ဗဟိုရ်စည်ဆေးရုံမှဆရာဝန်ကြီးများ၊ သူနာပြုဆရာ၊ ဆရာမ ဝန်ထမ်းများနှင့် ကွယ်လွန်ပြီးနောက် ဈာပနကိစ္စအတွက် အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင်ပေးကြသော ရန်ကုန်မြို့ သီတဂူသာသနာပြုအဖွဲ့၊ ရွှေဥမင်(ပတ္တမြားမြို့သစ်) ဓမ္မရိပ်သာအဖွဲ့၊ မော်ဘီဓမ္မဂူတအဖွဲ့၊ မစိုးရိမ်ကျောင်းတိုက်(မြေနီကုန်း)၊ ဘုံကျောင်းအဖွဲ့အသီးသီး၊ တိုက်ကြီးကျန့်တိတ်အဖွဲ့ဝင်များနှင့် ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများ၊ ရန်ကုန်တိုင်းဒေသကြီး၊ စည်ပင်သာယာရေးကော်မတီအဖွဲ့အစည်းမှ မိတ်ဆွေအပေါင်းအသင်းများ၊ နာရေးကူညီမှုအသင်း(ရန်ကုန်) ရပ်နီးရပ်ဝေးမှမိတ်ဆွေ အပေါင်းအသင်းညီအစ်ကိုမောင်နှမများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဖုန်းဖြင့်အားပေးနှစ်သိမ့်စကားပြောကြားပေးကြသော မိတ်ဆွေအပေါင်းအသင်းများ၊ ရွှေစင်ဝန်ထမ်းများအားလည်းကောင်း၊ သတင်းစာတွင် ဝမ်းနည်းကြေကွဲကြောင်းထည့်သွင်းကြော်ငြာပေးသော မိတ်ဆွေအပေါင်းအသင်းများနှင့် ရွှေဆိုင်များ၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလည်းကောင်း၊ လှူဖွယ်ပစ္စည်း၊ လွမ်းသူ့ပန်းခြင်းပေးပို့ကြသော ရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေများနှင့် ဆွေမျိုးများအားလည်းကောင်း၊ နာရေးကိစ္စတွင် နေ့ရောညပါ အစစအရာရာ ကူညီပေးကြသူများ၊ ကွမ်းရင်စီဘုံကျောင်းအဖွဲ့နှင့်အခြားကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

# ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး သတင်းစာရှင်း

## မြန်မာပြည်သူတွေနဲ့ အစိုးရသစ်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးစားမှုကိုပံ့ပိုးပေးဖို့ အမေရိကန် သန္နိဋ္ဌာန်ချထား

**သတင်း-သတင်းလုလင်-ဝင်းနန္ဒာ၊ ဓာတ်ပုံ - ရဲထွဋ်**

**ရန်ကုန် စက်တင်ဘာ ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ်သည် မြန်မာ- အမေရိကန် နှစ်နိုင်ငံအတွက် အားကောင်းသည့် ချစ်ကြည်ရင်းနှီးမှုကို သရုပ်ဖော်ပြသခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး မစ္စတာ စကော့မာရှယ်က ယနေ့ပြောကြားလိုက်သည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ အမေရိကန်သံရုံး၌ ယနေ့မွန်းလွဲပိုင်းကကျင်းပသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်နိုင်ငံခရီးစဉ်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ယခုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။ **(ယာပုံ)**

"အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာပြည်သူတွေနဲ့ အစိုးရသစ်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးစားနေတာကို ပံ့ပိုးပေးဖို့ သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါတယ်" ဟု အမေရိကန်သံအမတ်ကြီးက ဆိုသည်။

စက်တင်ဘာ ၁၄ ရက်ကလည်း အမေရိကန်-မြန်မာ နှစ်နိုင်ငံမိတ်ဖက် ဆက်ဆံရေးကို ခေတ်သစ်တစ်ခုအဖြစ် မော်ကွန်းရေးထိုးနိုင်ခဲ့ကြောင်း ပူးတွဲကြေညာချက်တစ်စောင်ကို ထုတ်ပြန်နိုင်ခဲ့သည်။ အဆိုပါကြေညာချက်တွင် မြန်မာနိုင်ငံမှ အသေးစား စီးပွားရေးလုပ်ငန်းရှင်များကို အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် ပံ့ပိုးပေးမည့် ချေးငွေအာမခံချက် ကတိကဝတ်များလည်းပါဝင်ကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻



# ပြင်ဦးလွင်ရထားလုံးတချို့ ပုံစံသစ်တစ်မျိုး ပြောင်းလဲပြေးဆွဲ



**ပြင်ဦးလွင် စက်တင်ဘာ ၂၀**

ပြင်ဦးလွင်မြို့ရှိ မြင်းရထားခေါ် ရထားလုံးများသည် မြို့၏အမှတ်အသားအထင်ကရတစ်ခုအနေဖြင့် ရှေးယခင်ကတည်းက တည်ရှိနေခဲ့ပြီး ပြည်တွင်း၌သာမက ကမ္ဘာတွင်ပါ ထင်ပေါ်ကျော်ကြားလျက်ရှိရာ ယနေ့ထက်တိုင် မြို့တွင်း၌ တစ်ခုတည်းသော အနေးယာဉ်အဖြစ် အသုံးပြု ပြေးဆွဲလျက်ရှိနေသည်။

ပြင်ဦးလွင်ရထားလုံးများသည် ရှေးခေတ်က ဗီရိုပုံသဏ္ဌာန်ရှိသည့်အတွက် ဗီရိုလှည်းအဖြစ်လည်းကောင်း၊ ရထားတွဲပုံစံနှင့်တူသောကြောင့် ရထားလုံးဟူ၍ လည်းကောင်း၊ မြင်းတပ်၍ ပြေးဆွဲရသောကြောင့် မြင်းရထားဟူ၍ လည်းကောင်း အမျိုးမျိုးခေါ်ဆိုကြပြီး လေလုံမိုးလုံ အလုံပိတ်တံခါးများဖြင့် ဘီးလေးဘီးပါရှိသော မြင်းယာဉ်တစ်မျိုးသာလျှင် ဖြစ်သည်။

ပြင်ဦးလွင်ရှိ မြင်းယာဉ်များသည် အမိုးအကာ လုံလုံခြုံခြုံနှင့် လေးထောင့် ရထားတွဲပုံစံအသွင် ထူးဆန်းနေပြီး မြို့၏တောင်ကုန်းတောင်တက်များလှသော မြေမျက်နှာပြင်အနေအထားအရ ရှေ့နှစ်ဘီး နောက်နှစ်ဘီး

*စာမျက်နှာ ၅ ကော်လံ ၄* ❀

**ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် အတန်းတင်စာမေးပွဲများ ကျင်းပမည်**

စာ-၅

**မလေးရှားနိုင်ငံမှ သတ္တမအကြိမ် မြန်မာအလုပ်သမား ၁၃၈ ဦး MAI လေယာဉ်ဖြင့် ပြန်လည်ခေါ်ယူ**

စာ-၁၂

**မိုးညှင်းမြို့၌ သတင်းအရ ရဲဘက်ပြေးတစ်ဦးအား ဝင်ရောက်ဖမ်းဆီးစဉ် ရဲအရာရှိအား ဝိုင်းဝန်းရိုက်နှက်ပြီး ပြစ်မှုကျူးလွန်သူများ ထွက်ပြေးလွတ်မြောက်**

စာ-၁၃

